# အကာချစ်၍
# အနှစ်ခံစားရသူများ

မဟာသဒ္ဓမ္မဇောတိကဓဇ

တက္ကသိုလ်သျှင်သီရိ (ဓမ္မာစရိယ၊ ဘီအေ)



# ဖြန့်ချိရေး

**ဆွေသဟာ** စာပေ

အမှတ် (၅၅)၊ သုနန္ဒာ(၃)လမ်း
(စ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၉၆၉၀၃၂၄ , ၇၃၀၈၆၉၃၂

◆

**မြတ်ပန်းရုံ** စာပေ

အမှတ်(၁၉၄)၊ မြေညီထပ်၊ ၂၉-လမ်း(အထက်)
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉၅၁ ၃၉၄၅၀ ၀၉၅၁ ၅၅၇၄၃

မဟာသဒ္ဓမ္မဇောတိကဓဇ

တက္ကသိုလ်သျှင်သိရိ

(ဓမ္မာစရိယ-ဘီအေ)

၏

# အကျောချမ်း၏

# အနှစ်ခံစားဂုဏ်များ

စာမူခွင့်ပြုချက်အမှတ် * ၄၈၆ / ၂၀၀၄ (၇)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် * ၇၂၃ / ၂၀၀၄ (၁၂)
ပထမအကြိမ် * ၂၀၀၅ – ခုနှစ်၊ မေလ
အုပ်ရေ * ၁၀၀၀
အဖုံးပန်းချီ * ရွှေစိုးဟန်
၂၈၅၄၈
ကွန်ပျူတာစာစီ * မျိုးမော်၊ ဖုန်း – ၂၅၃၃၅၂
၂၅.၃.၂၀၁၄

**ထုတ်ဝေသူ**

ဦးခင်မောင်ဦး (မြ – ၀၄၀၇၃)
၄၇၃ (က)၊ နီလာ (၆)လမ်း၊ (၈) ရပ်ကွက်၊
မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။

**အဖုံးနှင့် အတွင်းစာပုံနှိပ်သူ**

ဦးအောင်မြင့်သိန်း (မြ – ၀၆၃၆၄)
အင်ကြင်းမြိုင် ပုံနှိပ်တိုက်
အမှတ် (၁၄၇)၊ ဆိပ်ကမ်းသာလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

**တန်ဖိုး –**

စဉ် အကြောင်းအရာ စာမျက်နှာ

၁။ အမှာစာ

# အခန်း(၁)

## အကာသဘော အနှစ်သဘော

၂။ အကာအတွင်းမှ လူသားများနှင့် လူ့ဘုံ ၃
၃။ ယနေ့လူသားများ၏ ဘဝအခြေအနေ ၇
၄။ လူ့ဘဝအကာ ချမ်းသာရဖို့ရာ ၁၂
၅။ လူ့ဘဝစရိုက် လောဘအလိုမလိုက်ရန် ၁၉
၆။ လူသား၏အလုပ်နှင့် အလုပ်အကျိုး ၂၃
၇။ အတိတ်ကပြုလုပ်မှု ၂၈
၈။ အားကြီး၍ တာရှည်ခံသော အလုပ်၏အစွမ်း
(ကမ္မသတ္တိ) ၃၀
၉။ အတိတ်ပစ္စုပ္ပန်ပြုလုပ်မှုနှစ်တန် ၃၆
၁၀။ အလုပ်လုပ်မှု အမျိုးအစား ၃၉

၁၁။ အယူမှန်မှ အလုပ်ကောင်းမည် ၄၃
၁၂။ အလုပ်လုပ်မှုကိုသာ အားကိုးစရာ ၄၅
၁၃။ လူ့ဘဝ၏ဆင်းရဲအမှန်ကိုသိပါ ၄၈
၁၄။ မာယာဆင်းရဲ ၅၀
၁၅။ အမှန်ကိုသိရန် မှန်ကန်သော ယုံကြည်ချက်အား
ရှိရန်လို ၅၉
၁၆။ အမှန်ကိုရရန် ဘဝကိုနှလုံးသွင်းမိရန်များ ၆၈
၁၇။ မမွှအလင်းရောင် ငွေန်းလင်းနေချိန်ဖြစ်သည် ၇၈
၁၈။ အနှစ်သာရ ရရှိရန်နည်းလမ်းမှန် ၈၅

## အခန်း(၂)

### အကာကိုချစ်၍ အနှစ်ကို ခံစားရသူများ

၁၉။ နတ်သမီး အကာကို လိုချင်သော နန္ဒမင်းသား ၉၉
၂၀။ မဟာဂန္ဓာရီ အကာကိုလိုချင်သော
ပိလိန္ဒ ဝစ္ဆပရဗိုဇ် ၁၁၀
၂၁။ ဗုဒ္ဓမန္တန် အကာကို လိုချင်သော ဝင်္ဂီသလုလင် ၁၁၉
၂၂။ ငွေတစ်ထောင် အကာကို လိုချင်သော
ကာလသတို့သား ၁၃၃

၂၃။ ဗုဒ္ဓဗေဒင် အကာကို လိုချင်သော မောဂ္ဂလိ
ပုတ္တတိဿလုလင် ၁၄၀

၂၄။ ဗုဒ္ဓမန္တန် အကာကို လိုချင်သော
နာဂသေန လုလင် ၁၅၄

၂၅။ ဗုဒ္ဓမန္တန်အကာ ကို လိုချင်သော
ဃောသက လုလင် ၁၇၀

၂၆။ အသက်အန္တရာယ်ကင်းလို၍ ပရိတ် ပုတီး
အကာ ယူခဲ့သော ဗိုလ်မှူးကြီး ၁၈၀

၂၇။ ဘဝတိုးတက်ရေးအတွက် နမောလေးချက်
အကာကိုယူခဲ့သော ကျောင်းအုပ်ဆရာကြီး ၁၈၉

၂၈။ အိမ်ထောင်ရေးဆင်းရဲမှလွတ်လို၍ ပရိတ်
အကာကိုယူခဲ့သော စက်ရုံဝန်ထမ်းအမျိုးသမီး ၁၉၇

၂၉။ စီးပွားတက်လို၍ ဒီဝါတပတိ
အကာယူခဲ့သော ဈေးသည် ၂၀၄

## အမှာစာ

စာရေးသူသည် လွန်ခဲ့သော လေးနှစ်က 'အကာအနှစ်ချမ်းသာစစ်' ဟူသော စာအုပ်တစ်အုပ်ကို ရေးခဲ့ပါသည်။

စာရေးသူသည် ထိုစာအုပ်တွင် သမထ ဝိပဿနာ တရားအားထုတ်မှုနှင့် ထိုသို့တရားအားထုတ်ခြင်းဖြင့် တစ်မဂ်တစ်ဖိုလ်ကို လက်ငင်းမရနိုင်သော်မှ ရဖို့အတွက် ပါရမီအထောက်အပံ့ဖြစ်သည့်ပြင် လက်ငင်းပစ္စုပ္ပန်တွင် အကာသဘောဖြစ်သော နှလုံးရောဂါများ၊ သွေးတိုးရောဂါများ၊ ဝမ်းကိုက်၊ ခါးကိုက်စသော ရောဂါများ ပျောက်ကင်းချမ်းသာသော အကျိုးကျေးဇူးများကို လက်ငင်းမုချ ခံစားရပါကြောင်း၊ ထိုမှ ဆက်လက်၍ ကြိုးစားအားထုတ်ပါလျှင် ဤဘဝမှာပင် တစ်မဂ်တစ်ဖိုလ်ရပြီး နိဗ္ဗာန်နန်းသို့ ဝင်စံနိုင်ကြောင်း ဖော်ညွှန်းရေးသားပြခဲ့ပါသည်။ ထိုစာအုပ်သည် အကာတည်းဟူသော ရောဂါများ ပျောက်ကင်းသလို အနှစ်ဖြစ်သော ဓမ္မအရသာကိုလည်း ခံစားရရှိနိုင်ကြောင်း မီးမောင်းထိုးပြခဲ့သော စာအုပ်ဖြစ်ပါသည်။

ယခု စာရေးသူက 'အကာကိုချစ်၍ အနှစ်ခံစားရသူများ' ဟူသော စာအုပ်ကို ဆက်လက်ရေးသားပြုစုပြီး စာဖတ်သူတို့အား ပစ္စုပ္ပန်ချမ်းသာမှုကို ဆောင်ရွက်ကျင့်ကြံအားထုတ်ကြရင်း (ဝါ) လောကီချမ်းသာသုခရနိုင်ရေး၊ ဘေးရန်အန္တရာယ်ကင်းရေးအတွက် ဂုဏ်တော်ပုတီးစိပ်ခြင်း၊ ဈာန်အဘိညာဉ်ရအောင် အားထုတ်ခြင်း၊ ဂါထာမန္တန်ရွတ်ခြင်းများကို ကြိုးစားအားထုတ်ကြရင်းမှ တစ်ဆင့်တက်ပြီး၊ ဝိပဿနာတရားဘက်သို့ ရောက်ကြကာ လောကုတ္တရာချမ်းသာသုခကို ခံစားရရှိကြပုံကို မီးမောင်းထိုးပြခြင်း ဖြစ်ပါသည်။

အကာဟူသော စီးပွားဥစ္စာလိုချင်မှုနှင့် ဘေးအန္တရာယ်ကင်းလိုကြ၍ ဂုဏ်တော်ကိုးပါး ရွတ်ပွားသရဇ္ဈာယ်ခြင်း၊ ပုတီးစိပ်ခြင်း၊ သမ္ဗုဒ္ဓေဂါထာရွတ်ခြင်း၊ ပဋ္ဌာန်းရွတ်ခြင်း၊ ပရိတ်ရွတ်ခြင်းတို့ကို ဆောင်ရွက်လုပ်ကိုင်ရာမှ အနှစ်ဟူသော ဝိပဿနာကျင့်စဉ်သို့ ဆိုက်ရောက်ကြပြီး သန္တိသုခအေးချမ်းသာယာမှုကို လက်တွေ့ခံစားကြရသော သူတို့၏ အတွေ့အကြုံကို သက်သေသဖွယ် မှတ်တမ်းပြု၍ တင်ပြထားခြင်း ဖြစ်ပါသည်။

ဤတင်ပြချက်သည် အူမတောင့်မှ သီလစောင့်သူတို့အတွက် စားဝတ်နေရေး ပြည့်စုံမှ တရားကို အေးဆေးစွာအား ထုတ်နိုင်မည်ဟု ဆိုသူများအတွက် ဤဘဝမှာပင် ပစ္စုပ္ပန်ချမ်း သာရေးရော၊ သံသရာချမ်းသာရေးကိုပါ

ဆောင်ရွက်နိုင်ပုံတို့ကို လမ်းညွှန်မှု ပြုထားပါသည်။

ကာမဘုံလောကထဲတွင် သားသမီး၊ ဇနီးမယား၊ ဆွေမျိုး၊ နိုင်ငံနှင့် လူမျိုးဟူသော သံယောဇဉ်နှောင်ကြိုးများကြား၀ယ် တုတ်နှောင်ခံနေကြရသော လူသားတို့အတွက် ပစ္စုပ္ပန်သံသရာ ချမ်းသာမှုရရှိနိုင်ရေးကို မေတ္တာစေတနာထားပြီး လမ်းညွှန်ဖော် ဆောင်ပြထားခြင်း ဖြစ်ပါသည်။

စာရေးသူ၏ ရည်ရွယ်ချက်နှင့် စေတနာကို သဘော ပေါက်၍ ကြိုးစားအားထုတ်နိုင်ကြပါလျှင် အောင်မြင်မှုများ ရကြပါလျှင် စာရေးသူ၏ ကြိုးစားချက်အောင်မြင်၍ ၀မ်းသာ ကြည်နူးမှုဖြစ်ပြီး ကျေနပ်ရပါမည်။

ဤစာအုပ်ဖြစ်မြောက်ရေးအတွက် ကူညီခဲ့သော မိသားစု များနှင့် စာအုပ်ဖြစ်မြောက်အောင် သာသနာပြု ထုတ်ဝေသော -----စာအုပ်တိုက်မှ ------တို့အား အထူးကျေးဇူးတင်ရှိ ပါကြောင်း မှတ်တမ်းပြုအပ်ပါသည်။

တက္ကသိုလ်သျှင်သီရိ

ဓမ္မာစရိယ(ဘီ-အေ)

ဦးကိုကိုမြင့်
အမှတ်-၈/၅၅၊ သုနန္ဒာ(၃)လမ်း
မြောက်ဥက္ကလာပ၊ ဖုန်း-၆၉၀၃၂၄။

အခန်း (၁)

# အကာသဘောအနှစ်သဘော

## အကာအတွင်းမှ လူ့ဘုံနှင့် လူသားများ

ယနေ့ လူသားတို့နေထိုင်ရာ လူ့ဘုံဟူသည် လူသားတို့အတွက် လိုရာဆုလာဘ်ကို ဆွတ်ခူးရယူ သုံးဆောင်နိုင်သော ပဒေသာပင်ဘုံဖြစ်သည်ဟု ဘုရားရှင်က ဟောကြားခဲ့ပါသည်။ နတ်များ နတ်သက်ကြွေခါနီးတွင် သိကြားမင်းကပင် လူ့ပြည်သို့သွားရန် လမ်းညွှန်ခဲ့ရသော ဘုံမြတ်တစ်ခု ဖြစ်ပါသည်။

လူ့ဘုံတွင်သာ ဘုရားအဆူဆူပွင့်ခဲ့သည်။

ဤလူ့ဘုံ၌သာ ဘုရားအဖြစ်၊ ပစ္စေကဗုဒ္ဓါအဖြစ်၊ အဂ္ဂသာဝကအဖြစ်၊ မဟာသာဝကအဖြစ်၊ ပကတိသာဝကအဖြစ်၊ စကြာဝတေးမင်းအဖြစ်၊ မာရ်နတ်မင်းအဖြစ်၊ ဧကရာဇ်မင်းအဖြစ်၊ ပဒေသရာဇ်မင်းအဖြစ်၊ သူဌေးသူကြွယ်အဖြစ်ကောင်းမှုပြု၍ တောင်းဆုယူနိုင်သည်။

ဤလူဘုံ၌ မြတ်သောအကျင့်ကို ကျင့်ကြံ အားထုတ်၍ နောက်ဆုံး အမြတ်ဆုံး၏ ငြိမ်းချမ်းသာရာ နိဗ္ဗာန် ဘုံနန်းသို့ ဝင်ရောက် စံမြန်းနိုင်သည်။

ဤ လူဘုံသည် မဂ်လေးတန်၊ ဖိုလ်လေးတန်၊ နိဗ္ဗာန်ဟူသော လောကုတ္တရာပညာ၊ ဈာန်အဘိညာဉ် အမျိုးမျိုးကို ရစေ နိုင်သော လောကီပညာများ သင်ကြားတတ်မြောက်ရာ ကျင့်ကြံ အားထုတ်ရာ ကျောင်းကြီးသဖွယ်ဘုံ ဖြစ်ပါသည်။

ဤလူဘုံတွင် လူချမ်းသာ၊ နတ်ချမ်းသာ၊ ဗြဟ္မာချမ်းသာဟူသော လောကီချမ်းသာများ၊ မဂ်ချမ်းသာ၊ ဖိုလ်ချမ်းသာ၊ နိဗ္ဗာန်ချမ်းသာဟူသော လောကုတ္တရာချမ်းသာများ ဝယ်ယူရရှိရာ ဈေးကြီးသဖွယ်ဖြစ်သော ဘုံ ဖြစ်ပါသည်။

ဤလူဘုံသည် ဤအလုပ်သည် ကုသိုလ်ဖြစ်၍ လုပ်အပ်သည်။ ဤအလုပ်သည် အကုသိုလ်ဖြစ်၍ မလုပ်အပ်ဟု အမိန့်ပေးရာ၊ ဆုံးဖြတ်ရာ သံသရာတရားသူကြီးသဖွယ်ဖြစ်သော ဘုံလည်း ဖြစ်ပါသည်။

ဤလူဘုံသည် လူ၊ နတ်၊ နိဗ္ဗာန် သုံးတန်သော ချမ်းသာကို ရနိုင်အောင် ပြုလုပ်နိုင်သော ဆန်းကြယ်သော ဘုံဖြစ်သည်။ ဤချမ်းသာများကို နတ်ပြည်၌ မဖန်တီးမပြုလုပ်နိုင်ပါ။

ဘုရားရှင်က လူပြည်လူသားတို့သည် ရဲရင့်ကုန်၏၊ နိုင်မြဲသော သတိရှိကြဲ့ကုန်၏၊ ဤကျွန်း၌ မြတ်သောအကျင့်ကို

ကျင့်သုံးနိုင်၏ဟူ၍ ဟောတော်မူခဲ့ပါသည်။

ဤလူဘုံတွင် အထက်ပါတရား သုံးပါးရှိသဖြင့် နတ်ရွာ နိဗ္ဗာန်ရောက်ရေး ကုသိုလ်တရားတို့ကိုလည်း ရဲဝံ့စွာ သတိရှိစွာနှင့် ကျင့်ကြံနိုင်ကြသည်။ အပါယ်ငရဲသို့ ရောက်စေတတ်သော အမိသတ်၊ အဖသတ်ဟူသောဥာနန္တရိယကံကြီးများကိုလည်း ရဲဝံ့စွာ ပြုလုပ်တတ်ကြပါသည်။

နတ်ဘုံသည် ချမ်းသာစစ်စစ် များပြား၍ ကုသိုလ်မလုပ်နိုင်သလို၊ ငရဲဘုံသည်လည်း ဆင်းရဲစစ်စစ် များ၍ ကုသိုလ်များ မလုပ်နိုင်ပါ။

ဤလူဘုံသည်ကား....

ဘုရား၊ ရဟန္တာများနှင့် တွေ့ဆုံဖူးမြော်နိုင်သည်။ ကုသိုလ်ကောင်းမှုအဝဝတို့ကို ပြုလုပ်နိုင်သည်။

ဤလူဘုံသည်ကား....

နတ်ပြည်ကဲ့သို့ ချမ်းသာစစ်စစ် ခံစားရသည်လည်း မဟုတ်၊ ငရဲကဲ့သို့ ဆင်းရဲသက်သက်ချည်း ခံစားရသည်လည်း မဟုတ်၊ ချမ်းသာဆင်းရဲ မျှတစွာ ခံစားရသော ဘုံဖြစ်သည်။ ဤချမ်းသာဆင်းရဲ မျှတခြင်းကပင် ကုသိုလ်ပြုရန် အထောက် အကူပြုနေသည်။ ဆင်းရဲကို အကြောင်းပြု၍ ရတနာသုံးပါး၌ ကြည်ညိုလေးစားမှု၊ သဒ္ဓါတရားများ ဖြစ်ပွားမှုများ ပေါ်ပေါက် လာရပါသည်။ ချမ်းသာဆင်းရဲ မျှတစွာ ခံစားရသော လူဘုံတွင်

ပုညကြီယာဆယ်ပါးကို အခြားဘုံတို့ထက် ပိုမိုပြုလုပ်နိုင်ကြသည်။

လူအဖြစ်ကို ရခဲသည်။ ရခဲသော လူဘဝကို ရလာသော သူတို့သည် ကုသိုလ်ကောင်းမှုဖြင့် လူ၊ နတ်၊ ဗြဟ္မာ၊ နိဗ္ဗာန်ဟူသော ကောင်းမှုအသီးများကို ဆွတ်ခူးနိုင်သလို၊ မကောင်းမှုအကုသိုလ်ဖြင့် ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်ဟူသော အပါယ်မကောင်းမှုအသီးကို ဆွတ်ခူးနိုင်သည်။

ဤထူးခြားသော လူ့ဘုံတွင် လူအဖြစ်ကို ရခဲ့ကြသော လူ တို့သည် မိမိတို့ ပြုလုပ်ခဲ့ကြသော ကောင်းမှုအကျိုး၊ မကောင်းမှု အကျိုးအရ မင်း၊ သူဌေး၊ သူကြွယ်၊ လူဆင်းရဲစသည်ဖြင့် အဆင့်အတန်း ကွဲပြားနေကြရသည်။ အဆင်းလှ၊ မလှဖြင့် အဆင်းကွဲပြားနေကြရသည်။ ပညာတတ်၊ မတတ်ဖြင့် အဆင့် အတန်း ကွဲနေကြရသည်။

ထိုသို့ ကွဲပြားနေကြသည်မှာ မိမိတို့၏ အတိတ်ဘဝ၊ ယခု ပစ္စုပ္ပန်ဘဝ ပြုလုပ်ခဲ့ကြသော ကောင်းမှု၊ မကောင်းမှု အကျိုးများ သာ ဖြစ်ပါသည်။

ထို့ကြောင့် လောကလူသားများသည် ပဒေသာပင် ပေါက်ရာ ဤလူ့ဘုံသို့ ရောက်ရှိခိုက်၊ ရရှိလာခိုက် အသိ၊ အလိမ္မာ၊ ဉာဏ်ပညာ ရရှိနိုင်ရန် ကြိုးစားကြဖို့ လိုအပ်ပါသည်။

## ယနေ့လူသားများ၏ ဘဝအခြေအနေ

ယနေ့ ပဒေသာပင်ပေါက်ရာ လူ့ဘုံသို့ ရောက်နေကြသော လူသားတို့သည် မိမိတို့ဘဝ–

* ရာထူး၊ အာဏာကြီးမားရေး၊
* ဥစ္စာစည်းစိမ် ပြည့်စုံချမ်းသာစွာ နေနိုင်ရေး၊
* အနာရောဂါကင်းပြီး ချမ်းသာစွာ နေနိုင်ရေး၊
* အသက်ရှည်စွာ နေနိုင်ရေး ဟူသော ဆန္ဒတို့ဖြင့် သွား လာ လှုပ်ရှားလုပ်ကိုင်နေကြရသည်။

သေခြင်းတရားဟူသည် ကွေးသောလက် မဆန့်မီ၊ ဆန့်သောလက် မကွေးမီ သေတတ်သည်ဟူသော သဘောကို

တတ် သိနားလည်ထားကြသော်လည်း သားဖော၊ သမီးဖော၊ ဥစ္စာ ပစ္စည်းဖော၊ ရာထူးအာဏာဖောတို့ဖြင့် သေခြင်းတရားကို မေ့ ထားတတ်ကြပါသည်။

ခလုတ်ထိမှ အမိတဆိုသကဲ့သို့ မိမိတို့၏ဘဝတွင် နာခြင်း သေခြင်းတရားများ၊ အန္တရာယ်ဘေးရန်များ ပေါ်ပေါက်လာကြမှသာ ရတနာသုံးပါးကို သတိရတတ်ကြပါသည်။

တချို့သည် အန္တရာယ်ကင်းရေး၊ စီးပွားဥစ္စာပြည့်စုံရေးတို့ အတွက် ရတနာသုံးကို အခြေပြုကာ အကာအလုပ်ကို လုပ်ခြင်း ဟူသော ပုတီးစိပ်ခြင်း၊ ဗုဒ္ဓါနုဿတိပွားများခြင်း၊ ဗေဒင်မေး ခြင်း၊ ယတြာချေခြင်း၊ အင်း အိုင် ခလုံ့အဆောင်စီရင်ခြင်း၊ ဆောင်ခြင်း၊ ပွဲထိုးခြင်း၊ နတ်တင်ပူဇော်ပသခြင်း စသည်များ ကို လုပ်ကိုင်ဆောင်ရွက်နေကြပါသည်။

တကယ် သဘာဝအစစ်သည် တရားအနှစ်ကို ရအောင် ရှာကြံပြီး၊ သံသရာလည်မှုမှ လွတ်မြောက်အောင် ကြိုးစားရှာ ဖွေဆောင်ရွက်ကြရန် ဖြစ်ပါသည်။

လူသားဟူသမျှတို့သည် သံသရာခရီး မဆုံးသေးသမျှ(ဝါ) နိဗ္ဗာန်သို့ မျက်မှောက် မပြုနိုင်သေးသမျှ သံသရာတွင် ကျင် လည်ကြရဦးမည်မှာ ဧကန်မလွဲပင် ဖြစ်ပါသည်။

ခရီးသွားသော သူသည် ဆိုးဝါးသော လမ်းခရီး၊ ကောင်း မွန်သော လမ်းခရီးနှစ်ခုရှိသည့်အနက် ကြိုက်ရာခရီးကို ရွေးချယ်

သွားနိုင်သကဲ့သို့ သံသရာခရီးသွားသူ မှန်သမျှသည် လူနတ်ပြဟ္မာ ဟူသော သုဂတိဘုံသို့ ရောက်စေနိုင်သော ကောင်းသော ခရီးလမ်းနှင့် အပါယ်လေးဘုံသို့ ရောက်စေနိုင်သော မကောင်းသော ခရီးလမ်းတို့အနက် ကြိုက်ရာလမ်းကို ရွေးချယ်၍ သွားနိုင်ပါသည်။

ယနေ့လူသားတို့သည် ပုထုဇဉ်လူသားပီပီ မိမိတို့ စိတ်ကြိုက်ရာကို ဖန်တီး၍သာ သွားမှန်းမသိ သွားနေကြသည်။

သူတော်ကောင်းနှင့် အပေါင်းအဖော်ရသူတို့က သူတော်ကောင်းဖြစ်သူက လမ်းညွှန်မှုပြုသော ဒါန သီလ ဘာဝနာ ကုသိုလ်တရားတို့ကို ပြုလုပ်အားထုတ်ကြသောကြောင့် နတ်ရွာသုဂတိဟူသော ကောင်းသောခရီးလမ်းကြောင့်နှင့် ကောင်းသောဘုံသို့ ရောက်ကာ ချမ်းသာဂတိ ခံစားကြရသည်။

သူယုတ်မာနှင့် ပေါင်းဖော်မိသူတို့က ထိုသူတို့က လမ်းညွှန်မှုပြုသော ဒုစရိုက်မကောင်းမှုတို့ ကို ပြုလုပ်ခဲ့ကြသဖြင့် ပစ္စုပ္ပန်ဘဝတွင်လည်း မင်းဘေးစသော ဒုက္ခကို ခံစားရပြီး တမလွန်ဘဝတွင်လည်း အပါယ်ငရဲစသော ဆိုးသောလမ်းခရီးကို သွားရပြီး ထိုသူတို့၌ ဆင်းရဲအတိ ခံစားကြရလေသည်။

သေမင်းကို မည်သူမျှ စစ်ခင်း၍ မနိုင်၊ နွားကျောင်းသားသည် နွားတို့ကို နေ့စဉ် တုတ်နှင်တံဖြင့် မောင်းနှင်သလို

အိုမှု၊ နာမှု တို့ဟူသော တရားတို့က ပုဂ္ဂိုလ်တိုင်းကို သေမင်းဆီသို့ မောင်းနှင်ခေါ်ဆောင်နေပါသည်။

ထိုသို့ခေါ်ဆောင်ခံနေရသော ယနေ့လူသားတို့သည် သတိတရား မေ့လျော့ပြီး၍ ငါးဖြာအာရုံ ကာမဂုဏ်တွင် နစ် မြောနေကြသည်။ ထိုအာရုံများ ရရှိရေးအတွက် ကြိုးစားဆောင်ရွက်နေကြသည်။

ထိုလူသားတို့သည် ရေ၊ မီး၊ အဆိပ်၊ ဓား၊ လက်နက်၊ အနာရောဂါစသော များစွာသော စစ်သည်ရှိသော သေမင်းနှင့် ဆုံတွေ့ရသော် မိမိတို့၏ ဘဝနောင်တစ်ဖန် ပူပင်ဆင်းရဲဖြင့် အပါယ် ဆင်းရဲသို့ လားရောက်ရမည်သာ ဖြစ်ပါသည်။

ထို့ကြောင့် လောကရှိ ယနေ့လူသားတို့သည် မိမိတို့၏ ဘဝကိုလည်းကောင်း၊ ကျင်လည်ကျက်စား သွားလာလှုပ်ရှားမှုကိုလည်းကောင်း သတိသမ္ပဇဉ် ဆင်ခြင်၍ လုပ်ကိုင်ရန် လိုအပ်နေပါသည်။

ငါသည် နက်ဖြန်ဘယ်သွားမည်၊ ဘာလုပ်မည်၊ ဘယ်သူနှင့် တွေ့မည်၊ ဘာလုပ်ဆောင်မည် စသည်ဖြင့် မျှော်လင့်ချက်များနှင့် မျှော်နေစဉ်ပင် သေမင်းနှင့် တွေ့ကြုံနိုင်သည်။

ထိုသို့ တွေ့ဆုံသော် ဘဝကို အကာနှင့်ပင် နိဂုံးချုပ်ကြရပြီး သုံးဆယ့်တစ်ဘုံ သံသရာထဲဝယ် တဝဲလည်လည်နေရတော့မည်။ ထိုသို့လည်ရာတွင် လူ၊နတ်၊ ဗြဟ္မာတို့၌ ကျင်လည်ရသည်

ရှိသော် တော်ပါသေးသည်။ ရင်းစားပြန်ရနိုင်သေးသည်။ အကယ်၍ မကောင်းမှုများ၌ အပါယ်လေးပါး၌ ကျင်လည်ရသည်ရှိသော် ရင်းစားရဖို့ပင် အလွန်ခဲယဉ်းပေတော့မည်။

ထို့ကြောင့် ယနေ့လူသားတို့သည် မိမိတို့ဘဝ တစ်ဘက်က ပစ္စုပ္ပန်ဘဝ ကြီးပွားချမ်းသာရေးကို ကြိုးစားအားထုတ်ကြသလို သံသရာရေးကိုလည်းတွေးပြီး အသိဉာဏ်ရအောင် ကြိုးစားပြီး ဘဝလူဖြစ်မှု မဆုံးရှုံးရလေအောင် ကြိုးစားကြရန် လိုအပ်ပါသည်။

## လူ့ဘဝအကာ ချမ်းသာဖို့ရာ

လူလောက လူ့ဘုံသို့ ရောက်လာကြသော လူသားမှန် သမျှသည်-

* တရားသဖြင့် စီးပွားဖြစ်ထွန်းလိုကြသည်။
* မိတ်ဆွေသင်္ဂဟ ပေါများလိုကြသည်။
* ကျန်းမာလျက် အသက်ရှည်လိုကြသည်။
* သေသည်နောက် နတ်ရွာနိဗ္ဗာန်ရောက်လိုကြသည်။

ဤသို့သော ဆန္ဒတို့ဖြင့် ဥစ္စာစီးပွားကို ကြိုးစားရှာဖွေကြ သည်။ ဗုဒ္ဓဘုရားရှင်ကလည်း-

* ပထမအရွယ် ပညာမရှာခဲ့သော်၊
* ဒုတိယအရွယ် ဥစ္စာမရှာခဲ့သော်၊

* တတိယအရွယ် တရားမရှာခဲ့သော်

* စတုတ္ထအရွယ်ကျမှ အတောင်ကျိုးသော ကြိုးကြာငှက်တို့ ဘာလုပ်နိုင်တော့မည်နည်း။

ဘုရားရှင်သည် အထက်ပါတရားတော်ကို မဟာဓနသူဌေးသား အမှူးသမားကို အကြောင်းပြု၍ ဟောကြားခဲ့ပါသည်။

လူ့လောက လူ့ဘဝရောက်လာသူမှန်သမျှသည် စားဝတ်၊ နေရေးဟူသော အရေးသုံးပါးကို လူဖြစ်သည်မှသည် ဘဝ နိဂုံးချုပ်သည့်ကာလအထိ ရင်ဆိုင်ဖြေရှင်းကြရသည်။

ထိုသို့ ဖြေရှင်းကြရသည့်အတွက် သူ့အရွယ်နှင့် သူ့လုပ်ငန်းတာဝန်များကို ထမ်းဆောင်ကြရသည်။ ငယ်စဉ်အခါ ပညာသင်ကြားကြရပါမည်။ ပျင်းနေလျှင် ပညာဆုံးရှုံး၍ ဘဝတစ်သက်လုံး လူဖြစ်ရှုံးပေတော့မည်။

ဒုတိယအရွယ်ရောက်လျှင် စား ဝတ် နေ ရေး ပြေလည်ရန်အတွက် အတတ်ပညာအားလျော်စွာ အသက်မွေးမှုအလုပ်ကို ပြုလုပ်ကြရပါမည်။ အလုပ်လုပ်ရင်း စားသင့်တာစား စုသင့်တာစု လှူသင့်တာလှူဟူသော အသိ၊ သတိ ပညာဉာဏ်ဖြင့် နေထိုင်ကျင့်သုံးတတ်ရပါမည်။

ဤသို့နေထိုင်ကျင့်သုံးပါမှ တတိယအရွယ်တွင် စားဝတ်နေရေး မပူမပင် မပင်မပန်းသောဘဝဖြင့် တရားဘာဝနာရှာဖွေ နိုင်ပါမည်။ သံသရာကျင်လည်မှုကောင်းရေး

မင်္ဂလိုဝ်နိဗ္ဗာန် အတွက် ပါရမီအထောက်အပံ့ ရရေးတို့ကိုလည်း စိတ်လက် ချမ်းသာစွာနှင့် ကြိုးစားအားထုတ်နိုင်ကြပါမည်။

ဤသို့သော ဘဝအခြေအနေမျိုး ရရှိရောက်ရှိစေရေးတွင် ဥစ္စာပစ္စည်းသည် အဓိကအရေးကြီးသော အခန်းကဏ္ဍက ပါဝင်နေပါသည်။

မန်လည်ဆရာတော်က မဃဒေဝလင်္ကာ၌

"လောကတွင်၊ ပျားနှင့်ယင်ကို၊ မျက်မြင်ပုံထား၊ မောင်ရှုစားလော့၊ ပျားကားပုံပြု၊ အရည်စု၍၊ ထားမှုလိမ္မာ၊ နောင်ချမ်းသာ၏၊ ယင်မှာသောတုံ၊ ဝမ်းဝရုံမျှ၊ သုံးကာသောက်စား၊ စုမထား၍၊ ရှုငြားမပြတ်၊ မရငတ်၏"

ဟူ၍ ရေးစပ်ထားတော်မူရာ ယင်းလင်္ကာသည် လောကလူသားတို့ လက်တွေ့လေ့ကျင့်ဆောင်ရွက်သင့်သော၊ လိုက်နာသင့်သော ကျင့်ဝတ်ဆောင်ပုဒ်တစ်ခု ဖြစ်ပါသည်။

မိဘအမွေဖြင့် အလုပ်ကြီးအကိုင်ကြီးဘဝကစခဲ့ရသောလူများကိုထား၊ သုညကစရမည့် လူများအဖို့ ခြလိုပုံပြုသင့်သည်များကို အတုယူသင့်ကြပါသည်။ ချွေတာ စုဆောင်းသင့်ကြသည်။ ရရစားစား၊ ဝါးဝါးမျိုမျို မလုပ်သင့်ကြပေ။

လှေကားထစ် တက်သကဲ့သို့ တဖြည်းဖြည်း တက်သင့်သည်။ ဝုန်းဒိုင်း တစ်နေ့၊ တစ်လတည်း ကြီးပွားအောင် မသမာ သော ဖြတ်လမ်းမျိုးက မလိုက်သင့်ပါ။ မသမာသော

ရှာဖွေမှု တွင် သောကဟူသော မီးက အမြဲလောင်နေတက်ပါသည်။

"မီးပွားကလေးကို မှုတ်ပေးလျှင် မီးတောက်ကြီးဖြစ်လာသလို ပညာရှိသည် အနည်းငယ်သော ငွေကလေးဖြင့် တဖြည်းဖြည်း သူဌေးဖြစ်အောင် လုပ်သွားနိုင်သည်"

ဟု စူဠသေဋ္ဌိဇာတ်၌ ကြွက်သေတစ်ခု အရင်းပြုပြီး ချမ်းသာသွားသော ပုဂ္ဂိုလ်ကိုအကြောင်းပြုပြီး ဘုရားရှင်က လမ်းညွှန်ဟောကြားခဲ့ပါသည်။

* မရှိခင်ချွေတာရပါမည်။

* ရှိလာက ရိုးရိုးစားက မကုန်နိုင်တော့ပါ။

နဖူးကချွေး ခြေမ,ကျအောင် လက်ရုံးအားကိုး၍ ရှာရသည်ဖြစ်စေ ပညာအားကိုး၍ ရှာရသည်ဖြစ်စေ ခြကိုပုံပြု များကိုတုပြီး၊ စုဆောင်းထားလျှင် အစုအပုံရှိလာ၍ မပူပင်ရတော့ပါ။ ဆန် ရှိလာသည် ဆီရှိလာသည် ငပိ ဆားရှိလာသည် ဝတ်စရာ ရှိလာသည်၊ နေရစရာရှိလာသည်။

ဤသို့ ရှိလာခြင်းကို ရှိချမ်းသာ(အတ္ထိသုခ)ဟူ၍ ဘုရားရှင်က ဟောကြားခဲ့ပါသည်။

အစား၊ အဝတ်၊ အနေ ပြည့်စုံ၍ သုံးဆောင်ရသောအခါ ချမ်းသာသည်၊ အေးမြသည်၊ အရသာရှိသည်၊ လှူရသည်မှာ ဝမ်းမြောက်သည်၊ စိတ်ကြည်လင် ချမ်းသာသည်။

ဤသည်ကို သုံးဆောင်ချမ်းသာ(ဘောဂသုခ)ဟု ဘုရားရှင်က ဟောကြားခဲ့ပါသည်။

ဈေးတာစုဆောင်း၍လည်းကောင်း၊ အလုပ်ကို ကြိုးစားလုပ်ကိုင်၍လည်းကောင်း၊ ဥစ္စာစီးပွား ပြည့်စုံလာသော် သူတစ်ပါးထံ ချေးငှားစားသောက်ရမှု ကင်းပါသည်။

ချေးငှားစားသောက်ရခြင်းသည် စိတ်မချမ်းသာဖွယ်ရာ ဖြစ်ပါသည်။ အမြဲပူပင်တောင့်တ ကြောင့်ကြနေရတတ်ပါသည်။

*"မျက်နှာငယ်ချေး၊*

*အတိုးပေးနှင့်*

*ကြွေးတောင်းခံရ၊*

*နောက်ကလိုက်နေ၊*

*ထောင်ချလေ ငါးထွေငွေချေးပြစ်"*

ဟူ၍ ဘုရားရှင်က ဟောကြားထားခဲ့ပါသည်။

ကြွေးဝယ်၍ ဝက်သား၊ ကြက်သားစားရခြင်းထက် ကန်စွန်းရွက် ချဉ်ပေါင်ရွက်နှင့် ကြွေးကင်းစားရခြင်းက ပိုကောင်းသည်။ အကြွေး ပိုးပုဆိုးထက်၊ ကြွေးကင်း ချည်ပုဆိုးက ပိုစိတ်ချမ်းသာစွာ ဝတ်ဆင်ရသည်။

ဤသည်ကို ကြွေးကင်းသော ချမ်းသာ(အာနဏျသုခ) ဟူ၍ ဘုရားရှင်က ဟောကြားခဲ့ပါသည်။

သူတစ်ပါးအား လိမ်ညာရယူ၍လည်းကောင်း ခိုးယူ၍လည်းကောင်း သတ်ဖြတ်လုယက်၍လည်းကောင်း ဥစ္စာစီးပွားရှာဖွေစားသောက်နေထိုင်ခြင်းသည် ပစ္စုပ္ပန်မင်းဘေးက မလွတ်သလို သံသရာတွင်လည်း ငရဲစသော အပါယ်ဘေးမှ မလွတ်နိုင်ပါ။

နဖူးကချွေး ခြေမကျအောင် ရိုးရိုးသားသား ကြိုးကြိုးစားစား လုပ်ကိုင်စားသောက်ခြင်း တရားသဖြင့် ရှာဖွေစားသောက်ခြင်းတို့သည် သမ္မာအာဇီဝဖြစ်၍ မင်းဘေးလည်းမကြောက်ရ သံသရာငရဲဘေးလည်း မကြောက်ရ၍ စိတ်အေးလှပြီး ချမ်းသာစွာ စားသုံးနေထိုင်ရပါသည်။

ဤသည်ကို ဘုရားရှင်က အပြစ်ကင်းသော ချမ်းသာ အနဝဇ္ဇသုခ ဟူ၍ ဟောတော်မူပါသည်။

ထို့ကြောင့် လူ့လောက လူသားတို့သည် လူ့ဘဝချမ်းသာကို စိတ်ချမ်းမြေ့စွာ ခံစားနိုင်ရေးအတွက် အရွယ်သုံးပါးနှင့် ထိုက်တန်သော အလုပ်ကို ပြုလုပ်ကြ၍ သမာအာဇီဝဖြင့် အသက်မွေးခြင်း ငြိုးငြင်ရှောတခြင်းတို့ကို ကြိုးစားဆောင်ရွက်ကြရမည် ဖြစ်ပါသည်။

လူသားတို့မည်သည် ကာမဂုဏ်အာရုံ မျိုးစုံပြည့်စုံရေးကိုသာ နစ်ခြိုက်ကြပေသည်။ အာရုံမျိုးစုံ ပြည့်စုံရေးအတွက်ဆိုလျှင် အမှား အမှန် ဒုစရိုက် သုစရိုက်တို့ကို မစိစစ်နိုင်တော့

ဘဲ မကြောက်မရွံ့ ပြည့်စုံဖို့ကိုသာ ဆောင်ရွက်တတ်ကြသည်။ မည်သူ့ကိုမျှ မငဲ့ကွက် မညှာတာ၊ မထောက်ထားတတ်ကြဘဲ ရယူနိုင်ရန်သာ အာရုံစိုက်တတ်ကြသည်။ ကာမဂုဏ်အာရုံများ၌ အလေးထားပျော်မွေ့လေ့ရှိကြသည်။

အမှန်တရားကား အပြစ်ကင်း၍ မှန်ကန်သော သမ္မာအာဇီဝဖြင့် အသက်မွေးမှုကို ခွင့်ပြုသည်၊ အပြစ်မကင်းသော မိစ္ဆာဇီဝ ဒုစရိုက်အမှုတို့ဖြင့် ရှာဖွေစားသောက်ခြင်းမျိုးကို တားမြစ်ထားသည်။

ဓမ္မအလိုကား သမ္မာအာဇီဝ၊ လူသားတို့၏ အလိုကား မိစ္ဆာဇီဝအဓမ္မကို ကြိုက်နှစ်သက်တက်သည်။ ဤသည်ကို သတိထားတက်ရန် လိုအပ်လှပါသည်။

# လူ့ဘာဝစရိုက် လောဘအလို မလိုက်ရန်

လောကလူသားများသည် မိခင်၏ဝမ်းကြာတိုက်တွင် ပဋိသန္ဓေနေစဉ်၌ ပထမဦးဆုံး လောဘဇောစောခြင်းအားဖြင့် ဘဝကို လောဘသားကောင်အဖြစ် စတင်ခဲ့ကြလေ့ရှိပါသည်။

ယင်းလောဘတဏှာသည် မကောင်းသော အကုသိုလ်ကံဖြစ် သည်။ ထိုလောဘတဏှာသည် ဆင်ခြင်စဉ်းစား အသိပွား၊ သတိတရားထားနိုင်မှု အနိမ့်အမြင့် အဆင့်ဆင့်အပေါ်တွင် မူတည်၍ လောဘတဏှာ ကြီးရွယ်ငယ်လတ် ကွဲပြားခွဲခြားနိုင်ပါသည်။

'ရှဉ့်လည်းလျှောက်သာ၊ ပျားလည်းစွဲသာ' ဟူသော စကားကဲ့သို့ နှစ်ဦးနှစ်ဘက် အမြတ်အစွန်းရရှိမှု၊ တစ်နည်းအားဖြင့် မိမိအကျိုး၊ သူတစ်ပါးအကျိုးဟူသော အတ္တပရ နှစ်ဝမျှတမှု

လည်းဖြစ်၊ သမ္မာအာဇီဝလုပ်ငန်းလည်း ဖြစ်မည်ဆိုပါက လောဘတဏှာသည် များစွာအကျည်းတန် အရုပ်ဆိုးမည် မထင်ပါ။

လောကလူသားမှန်သမျှသည်ကား လောဘတဏှာ၏ လှောင်ချိုင့်စံများ ဖြစ်ကြပေရာ လိုချင်မှု လောဘတဏှာကို ကြီး ရာမှငယ်၊ ငယ်ရာမှပျောက်ကွယ်သွားသည်အထိ ကျင့်ကြံအား ထုတ်သွားရန် လိုအပ်လှပါသည်။

'လောဘောအတ္တနဇာနတိ' ဟု ဘုရားရှင်က ဟောကြားထားခဲ့သည်။

လောဘတွေအားကြီးလာပြီး တပ်မက်မှုတွေ ပြင်းထန်လာပြီဆိုလျှင် အမှားအမှန်ကို ဆက်စပ်ဆင်ခြင်နိုင်စွမ်း မရှိဟု ဟောခဲ့ခြင်း ဖြစ်ပါသည်။

ဥစ္စာစည်းစိမ်ကို လိုချင်ကြ၍ ဘနဖူးသိုက်တူးကြသည်၊ အဖြစ်မှန်ဘဝ ဇာတ်လမ်းတွင် အဇာတသတ်မင်းသည် ထီးနန်းစည်းစိမ်ကိုလိုချင်၍ အဖကိုသတ်ခဲ့သည်။ ဒေဝဒတ်သည် ဈာန်အဘိညာဥ်ရ ရဟန်းပုဂ္ဂိုလ်ထိ ဖြစ်ခဲ့သော်လည်း ဘုရားဖြစ်လိုသော လောဘဇောတက်ပြီး ဘုရားကို အန်တုပြိုင်ခဲ့သည်။

သို့အတွက် သူတို့သည် ယနေ့အထိ အဝီစိငရဲ၌ ခံစားနေကြရသည်။ လိုချင်မှု လောဘသည် မာနနှင့် ဒိဋ္ဌိကိုလည်း ဖြစ်ပေါ်စေ ပါသည်။ ယင်းတို့သည် ပစ္စုပ္ပန်သံသရာကောင်းကျိုးကို ပျက်စီးတက်သော စေတနာဆိုးတရားများ ဖြစ်ကြသည်။

လောဘတရားကြောင့်နှယ်ပြီး ဒေါသတရားတို့ဖြစ်ပေါ် လာရပြန်ပါသည်။ ထိုဒေါသတရားကြောင့်

* သူတစ်ပါးပစ္စည်းကို မတရားလိုချင်သော အဘိဇ္ဈာ
* မတော်ရာကို တပ်မက်သော ဝိသမလောဘ
* သူတစ်ပါးကို ပျက်စီးစေလိုသော ဗျာပါဒ
* သူတစ်ပါးကောင်းစားသည်ကို မနာလိုခြင်း ဣဿာ
* ဝန်တိုခြင်း မစ္ဆရိယ
* ရန်ငြိုးဖွဲ့ခြင်း ဥပနာဟ
* သူ့ကျေးဇူးကိုချေဖျက်ခြင်း မက္ခ
* ဂုဏ်တုဂုဏ်ပြိုင်ပြုခြင်း ပလာသ
* လှည့်ပတ်ခြင်း မာယာ
* စဉ်းလဲခြင်း သာထေယျ
* ခက်ထန်ကြမ်းကြုပ်ခြင်း ထမ္ဘ
* သူတစ်ပါးကို ချုပ်ခြယ်ခြင်း သာရမ္ဘ
* ဘဝင်မြင့်ခြင်း မာန
* မာန်ယစ်ခြင်း မဒ
* မေ့လျော့ခြင်း ပမာဒ

ဟူသော ယုတ်မာသောတရားများ ပွားများမိကြလေသည်။ ထိုတရားများ ဖြစ်ပေါ်မှုသည် မိမိတို့ဘဝ အပါယ်လေးပါး

၂၈၅၄၈

နစ်မွန်းစေရန်သာ ဖြစ်ပါသည်။ ထိုသို့ ဘဝကို နစ်မွန်းစေသော ထိုလောဘ၊ ဒေါသ စသည်တရားများကို အသိတရားနှင့် ယှဉ် ပြီး ပယ်သတ်နိုင်ရန် အလွန်အရေးကြီးလှပါသည်။

တစ်ဖန် လောကလူသားတို့သည် မိမိတို့ဘဝ ကြီးပွားချမ်းသာရေး၊ ဘေးအန္တရာယ်ကင်းရေး၊ အသက်ရှည်ရာ အနာမဲ့စွာဖြင့် ဘဝခရီး‌သမ်း ဆက်လျှောက်နိုင်ရေးတို့အတွက် ဗေဒင်မေး၍ ယတြာချေပြုလုပ်ကြခြင်း၊ ဂါထာမန္တန်များ ရွတ်ပွားပုတီးစိပ်ကြခြင်း၊ အဆောင်အစီအမံများ ပြုလုပ်ဆောင်ရွက်ခြင်းတို့ကို ပြုလုပ်ဆောင်ရွက် လုပ်ကိုင်နေကြသည်

ထိုအရာများသည် ဗုဒ္ဓဘာသာနှင့်ယှဉ်သည်ကား မှန်ပါ၏။ သို့သော် ထိုအလုပ်များသည် အကာသဘော အလုပ်များသာဖြစ်ပါသည်။ ပစ္စုပ္ပန်ဘဝတွင် ကြီးပွားကောင်း ကြီးပွားပါမည်။ သို့သော် သံသရာမှ လွတ်မြောက်ရေးကိုကား မဖြစ်နိုင်ပါ။

သို့အတွက် အကာနှင့်အနှစ်ကို ခွဲခြားသိနိုင်ရန် လိုအပ်ပါသည်။ ပစ္စုပ္ပန်ဘဝ ချမ်းသာရေးအတွက် အကာအလုပ်ကို လုပ်၍ သံသရာမှ လွတ်မြောက်ရေးအတွက် ဝိပဿနာဓမ္မတည်းဟူသော အနှစ်အလုပ်ကိုလည်း လုပ်နိုင်ရန် သိထားဖို့နှင့် ကြိုးစား အားထုတ်ဖို့ လိုကြပါလိမ့်မည်။

## လူသားတို့၏အလုပ်နှင့် အလုပ်အကျိုး

လောကလူသားတို့သည် ပစ္စုပ္ပန်သံသရာ နှစ်ဖြာဘဝ ကောင်းကျိုးချမ်းသာ အဖြာဖြာရနိုင်ဖို့အတွက် ကောင်းမှု မကောင်းမှု အလုပ်နှင့် အလုပ်၏အကျိုးကိုလည်း သိရှိထားရန် လိုအပ်ပါသည်။

ကောင်းမှု၊ မကောင်းမှု ပြုလုပ်မှုကို မြန်မာတို့က အလွယ် တကူ ကံဟူ၍ ခေါ်ဆိုနေကြပါသည်။ ထို'ကံ'ဆိုသော စကား သည် ပါဠိဘာသာ'ကမ္မ'ဟူသောစကားမှ ဖြစ်ပေါ်လာသော မြန်မာဝေါဟာရ ဖြစ်သည်။ ပြုလုပ်မှုဟု အဓိပ္ပာယ်ရသည်။

ထိုပြုလုပ်မှုဟူသည်–

(က) ကိုယ်ဖြင့်ပြုလုပ်မှု (ကာယကမ္မ)

(ခ) နှုတ်ဖြင့်ပြောဆိုမှု (ဝစီကမ္မ)

(ဂ) စိတ်ဖြင့် ကြံစည်မှု (မနောကမ္မ) ဟူ၍ သုံးမျိုးရှိ သည်။

အလုပ်ဟူသော ပြုလုပ်မှုတစ်ခုခု ဖြစ်ပေါ်ရန် စေတနာ သည် အရင်းခံဖြစ်သည်။ စေတနာသည် ကောင်းကောင်းဆိုးဆိုး အမျိုးမျိုးသော ကိုယ်မှု၊ နှုတ်မှု၊ စိတ်မှုတို့ကို ပြုလုပ်ရာ၌ လိုရင်းပဓာန အချက်အချာကျသော အကြောင်းတရား ဖြစ် သည်။ မည်သည့် ပြုလုပ်မှုကိစ္စမဆို စေတနာမပါလျှင် အထမ မြောက် မအောင်မြင်နိုင်၊ စေတနာပါရှိမှသာထမြောက် အောင်မြင်နိုင် သည်။

စေတနာသည် စိတ်ကို လှုံ့ဆော်နိုးဆော်ပေးတတ်၏။ စေတနာ နှိုးဆော်မှုအင်အားအလိုက် ပြုလုပ်မှုတို့ ဖြစ်ပေါ်လာ ရ၏။ စေတနာ အားကောင်းလေလေ အလုပ်လုပ်မှုတို့ အား ကောင်းထက်သန်လေလေ ဖြစ်သည်။ စေတနာသည် လွန်စွာ နူးညံ့သိမ်မွေ့သော တရားဖြစ်သည်။ လူသားတို့၏စိတ်ကို တွန်း အားပေးသူမှာ စေတနာပင်ဖြစ်ပါသည်။ ထိုစေတနာက နှိုးဆော် တိုက်တွန်း၍ ကိုယ်နှုတ်စိတ်တို့က ပြုလုပ် ပြောဆို ကြံစည်မှု ပြုကြသည်သာ ဖြစ်သည်။ စေတနာရှေ့သွားရှိသော ကိုယ်မှု၊ နှုတ်မှု၊ ကြံစည်မှုဟူသမျှတို့ကို ပြုလုပ်မှု(ကံ)ဟု ခေါ်ဆိုပါ သည်။

အလုပ်လုပ်သူတို့၏ လုပ်အား အင်အားကောင်းမှု မကောင်း

မှုတို့သည် လှုံ့ဆော်ပေးတက်သော စေတနာအင်အားပေါ် မူတည်သည်။ ထိုစေတနာသည်-

(၁) ပုဗ္ဗစေတနာ= ရှေးဦးစေ့ဆော်တိုက်တွန်းမှု၊

(၂) မုဉ္စစေတနာ= ပြုလုပ်နေဆဲ စေ့ဆော်တိုက်တွန်းမှု၊

(၃) အပရစေတနာ=ပြုလုပ်ပြီး စေ့ဆော်တိုက်တွန်းမှု ဟူ၍ သုံးမျိုးရှိသည်။

အလုပ်ပြုလုပ်မှု တစ်ခုခုဖြစ်ပေါ်လာစေရန် လှုံ့ဆော်မှု စေတနာထွန်းကားသည်။ သုံးမျိုးရှိသည်။

စေတနာသည်-

(၁) အလုပ်တစ်ခုမပြုလုပ်မီ ကြိုတင်၍ တွန်းအားပေး သည်။

(၂) အလုပ်ကို ပြုဆဲခဏ၌လည်း တွန်းအားပေးနေ သည်။

(၃) ထိုအလုပ်ကို ပြုပြီးချိန်၌လည်း အဆက်မပြတ် တွန်း ပေးပြန်သည်။

ထို့ကြောင့် စေတနာတွန်းအားသည် သုံးမျိုးရှိလာသည်။

စေတနာသုံးချက် ညီညွတ်စွာပြုလုပ်မှသာ အလုပ်တစ်ခု အကျိုးပေးမှုမှာ ပြည့်စုံအားကောင်းသည်။ စေတနာတစ်ချက် ချက် ပျက်ကွက်အားလျော့နေလျှင်၊ ချို့တဲ့နေလျှင် အလုပ်လုပ်

မှုတို့ အားလျော်စွာ အကျိုးပေးမှု ချို့ယွင်းတတ်လေသည်။

ဤလောက၌ အလုပ်၊ ဉာဏ်ယှဉ်မှု၊ ကြိုးစားအားထုတ်မှု (ကံ၊ ဉာဏ်၊ ဝီရိယ)ဟူ၍ သုံးမျိုးရှိသည်။ ဉာဏ်နှင့်ယှဉ်မှု၊ ကြိုး စားအားထုတ်မှုတို့မှာ ပေါ်လွင်ကြသဖြင့် အငြင်းပွားရန် မရှိ သော်လည်း အလုပ်လုပ်မှုအကျိုးနှင့် ပတ်သက်၍ ယုံသူ၊ မယုံ သူ ရှိလာသည်။ အလုပ်ပြုလုပ်မှုအကျိုးကို မယုံသူတို့သည် မိမိတို့ မယုံပါဘူးဟုဆိုနေသော အလုပ်ကိုပင် နေ့စဉ်ပြုလုပ်နေ ကြသောကြောင့် မိမိကိုယ်ကို မိမိပင် ဆန့်ကျင်နေကြပြန်သည်။

လောကလူသားတို့ကိုကြည့်လျှင် လူတိုင်းသည် အချိန် တိုင်းအလုပ်လုပ်နေကြသည်။ အလုပ်လုပ်သဖြင့် လုပ်အားတန် ဖိုးကို ရရှိကြသည်။ ထိုအလုပ်သည်-

(၁) ကောင်းသောအလုပ်၊

(၂) မကောင်းသောအလုပ် ဟူ၍ နှစ်မျိုးရှိသည်။

မကောင်းသောအလုပ်ကို ပြုလုပ်ကြသဖြင့် လောကဥပဒေ များအရ ငွေဒဏ်၊ ကြိမ်ဒဏ်၊ ကြိုးဒဏ်များ ခံကြရသည်။

ကောင်းသောအလုပ်များကို ပြုလုပ်ကြသဖြင့် ငွေကြေး၊ ဥစ္စာ၊ ဆုလာဘ်၊ ပဏ္ဏာ၊ ရာထူး၊ အာဏာတို့ တိုးပွားရရှိကြ သည်။

ဤသို့ဆိုလျှင် အလုပ်များကို နေ့စဉ်နေ့တိုင်း အချိန်တိုင်း

လူတိုင်း ပြုလုပ်နေကြသဖြင့် အလုပ်လုပ်မှု၏ အကျိုးတရားများကို ရရှိခြင်းဖြစ်သည်။

သို့ဖြစ်၍ အလုပ်လုပ်မှုဟူသည် ဇောက်နဲ့ပင်ရှိသော သဘောသဘာဝဖြစ်သည်။ အလုပ်လုပ်နေကြ၍ အလုပ်၏ကောင်းကျိုးဆိုးပြစ်တို့ကို ခံစားနေကြရသည်။ အလုပ်ကို ငြင်းဆန်ကန့်ကွက်ရန် အကြောင်းမရှိပေ။

# အတိတ်က ပြုလုပ်မှု

အလုပ်ဟူသောစကားတွင် အတိတ်ကပြုလုပ်ခဲ့မှုနှင့် ပစ္စုပ္ပန်ပြုလုပ်နေဆဲဟူ၍ နှစ်မျိုးလုံး ပါဝင်သည်။

ဘဝသံသရာသည် လွန်စွာရှည်လျားလွန်းသဖြင့် သံသရာ၏အစကို မသိမြင်နိုင်ပေ။ ထိုမျှ ရှည်လျားလှသော သံသရာကြီးဝယ် သတ္တဝါတိုင်းသည် ဘဝမျိုးစုံတို့၌ ကုသိုလ်၊ အကုသိုလ် အလုပ်အမျိုးမျိုးကို ပြုလုပ်ခဲ့ကြသည်။ ပြုလုပ်နေကြသည်။

ယခုပြုလုပ်ဆဲအလုပ်သည် ပစ္စုပ္ပန်အလုပ် ဖြစ်သည်။ ထိုထိုအတိတ်ဘဝများက ပြုလုပ်ခဲ့ကြသော အလုပ်များသည် အတိတ်အလုပ်များ ဖြစ်ကြသည်။ အလုပ်အမျိုးအစားများအလိုက် တစ်ဘဝတည်း၌ အကျိုးအကုန်ပေးနိုင်သော အလုပ် အကျိုးပေးမှုကံ နည်းပါး၍ သံသရာတစ်လျှောက် ရေရှည်တို့

ပြန်အကျိုးပေးရသောအလုပ်စသည်ဖြင့်အကျိုးပေးမှုအမျိုးမျိုးရှိကြသည်။

သို့ဖြစ်၍ အတိတ်ဘဝများက ပြုလုပ်ခဲ့သော အလုပ်များသည် ယခုဘဝ၌ အတိတ်ကပြုလုပ်ခဲ့သော အကျိုးတရားများအဖြစ် လာရောက်အကျိုးပေးကြသည်။ အတိတ်ကပြုလုပ်ခဲ့သော ကုသိုလ်၊ အကုသိုလ်အလုပ်များကြောင့်လည်း သတ္တဝါတို့သည် ယခုဘဝတွင် ကောင်းကျိုး၊ ဆိုးကျိုးများကို ခံစားကြရသည်။ ထိုအတိတ်ဘဝက ပြုလုပ်ခဲ့သော အလုပ်များမှာလည်း အတိတ်ဘဝခန္ဓာများက မိမိပြုလုပ်ခဲ့သော အလုပ်များပင်ဖြစ်၍ ယခုဘဝ၌ မိမိပင် ခံစားရခြင်းဖြစ်သည်။ နောင်လည်း ခံစားရဦးမည်ဖြစ်သည်။

## အားကြီး၍ တာရှည်ခံသော အလုပ်၏အစွမ်း(ကမ္ဘသတ္တိ)

အလုပ်လုပ်မှုသဘောကား သိမ်မွေ့၏။ အင်အားသတ္တိလည်း ကြီးမားလှသည်။ မည်သည့်သက်ရှိသတ္တဝါမဆို ကြံစည်ပြောဆိုပြုလုပ်သမျှ ကြံပြီး၊ ပြောပြီး၊ လုပ်ပြီးလျှင် ပျောက်ပျက်သွားပြီဟု ထင်ရတတ်ပါသည်။ ကြံမှု၊ ပြောမှု၊ လုပ်မှုများ ပြီးဆုံး သွားသော်လည်း ထိုကြံစည်ပြောစဉ် လုပ်စဉ်က စေတနာအင် အားသတ္တိများကား ပျောက်ပျက်မသွား၊ ဆက်လက်၍ အလုပ် လုပ်နေခဲ့သည်။

လောကဥပမာအားဖြင့် ရေတွင်းထဲသို့ ခဲတစ်လုံးပစ်ချသော အချိန်သည် တစ်ခဏမျှသာဖြစ်သော်လည်း ခဲကျသော အရှိန်အင်အားအလိုက် ဆက်လက် ရိုက်ခတ်မှု ဂယက်များကား ကြာမြင့်စွာ ရိုက်ခတ်လျက် နေသကဲ့သို့ပင်ဖြစ်၏။

မိုးရွာသွန်းမှုသည် နာရီပိုင်းအတွင်း ရပ်စဲသွား၏။ သို့သော်လည်း တောတောင်ရေမြေ၌ စိမ့်ဝင်ခဲ့သော မိုးရေ၏ အအေးဓာတ်အင်အားသတ္တိများကား ရုတ်တရက် ပျက်ပြယ်မသွားသကဲ့သို့၊ မိုးကာလမှာ ပေါက်လာသော မြက်သစ်ပင်များ နွေအခါတွင် ကွယ်ပျောက်သွားကြသကဲ့သို့ဖြစ်ကြ၏။ မမြင်ရ၍ မရှိဟု ထင်ရသော်လည်း မိုးတွင်းရောက်လာပြန်လျှင် မြက်သစ်ပင်များ ပြန်၍ ပေါ်ပေါက်လာကြသကဲ့သို့ အလုပ်၏ သတ္တိစွမ်းပကားများက ပြန်လည်ပေါ်ပေါက်လာတတ်ပါသည်။

ကောင်းမှု မကောင်းမှုအလုပ်၏ မျိုးစေ့နှင့် ထိုအလုပ်စွမ်းအားကား ထိုထက်အဆပေါင်းများစွာ သိမ်မွေ့၏။ ကမ္ဘာပေါင်းရာပေါင်းများစွာ ကြာသော်လည်း ဆွေးမြေ့ပျောက်ပျက်သွားသည်ဟူ၍မရှိ၊ ကြာရှည်လည်းခံ၏။ ကမ္ဘာပေါင်းများစွာ ကွာခြားသော်လည်း အကြောင်းတိုက်ဆိုင်လာသောအခါ ထိုကံမျိုးစေ့မှ အပင်ပေါက်လာတတ်၏။

သတ္တဝါတို့မည်သည်(အစ,မထင်သော)သံသရာမှ မိမိတို့ပြုလုပ်ခဲ့သမျှ ကောင်းဆိုးအလုပ်၏ ရလဒ်များကို အရိယမဂ်နှင့် အပြတ်မပယ်သတ်နိုင်သေးသမျှ ဆက်လက်အမွေခံနေကြရ၏။ ပြုလုပ်မှု၏ လည်ပတ်မှု(ကမ္မဝဋ်)ဟု ခေါ်သည်။ ထို့ကြောင့် ဗုဒ္ဓဘာသာဝင်တို့သည် မကောင်းသောအကြံ၊ မမှန်သောအပြော၊ မတရားသောအလုပ် မှန်သမျှ အသေးအဖွဲ့ကလေးကအစ ဆင်ခြင်ကြရလေသည်။

အတိတ်ကပြုလုပ်ခဲ့မှုသည် အမှန်တကယ်ရှိခဲ့သော်လည်း အတိတ်၏အလုပ်သက်သက်ကို အားကိုးတကြီး ယုံကြည်ပြီး ပစ္စုပ္ပန်အလုပ်လုပ်မှုကို မပြုလုပ်ပါမူ အောင်မြင်မှု မရနိုင်ပါ။

'ဖန်ဆင်းရှင်၊ တန်ခိုးရှင်ကြောင့် မိမိတို့ဘဝ ပြည့်စုံမှု၊ မပြည့်စုံမှုတို့ ဖြစ်ပေါ်နေရသည်'ဟူသော အယူဝါဒကို ယုံကြည်သူတို့သည် အတိတ်၏ ပြုလုပ်မှုကောင်းကျိုး ဆိုးကျိုးကို လက် မခံကြပေ။

ယခု ပစ္စုပ္ပန်ဘဝတွင် ကောင်းကျိုးဆိုးပြစ် ဖြစ်ဖြစ်သမျှသည် ဖန်ဆင်းရှင်တို့၏ ချီးမြှောက်မ,စမှုအပေါ်၌သာ တည်နေသည်။ ဘုရားသခင်ပေးမှုရ၊ ဘုရားသခင်ကျွေးမှ ဝကြမည်ဟု ယုံကြည်စွဲလမ်းနေကြသည်။

ကောင်းမှုအလုပ် မကောင်းမှုအလုပ် မည်မျှပင်ပြုလုပ်နေသော်လည်း အကျိုးထူးမခံစားရ၊ ဘုရားသခင် စီရင်သည့်အတိုင်းသာ ခံကြရ၊ စံကြရမည်ဟု ယုံကြည်နေကြရသည်။

ကောင်းတာလုပ်ရင် ကောင်းတာဖြစ်မည်၊ မကောင်းတာလုပ်ရင် မကောင်းတာဖြစ်မည်ဟု အပေါ်ယံကြော လက်ခံကြသော်လည်း အကျိုးပေးမှုအပိုင်းတွင် ဘုရားသခင်၏ အဆုံးအဖြတ်သာ ပဓာနဖြစ်သည်။ အလုပ်လုပ်မှုအားလုံးကို ဘုရားသခင်က ကြိုးကိုင်ထားသည်ဟု လက်ခံထားကြသည်။

အတိတ်ကပြုလုပ်မအကျိုးဆက်ကို မယုံကြည်သူများ

ရှိသကဲ့သို့ ထိုအတိတ်ကံသက်သက်ကို တစ်ဘက်သတ် ယုံကြည်သူများလည်း ရှိကြသေးသည်။ ထိုသူများကို 'ရှေးကပြုလုပ်ခဲ့သော အကျိုး တရားကို အယူရှိသူများ'ဟု ခေါ်၏။

ဖြစ်ပေါ်နေသမျှ ပစ္စုပ္ပန်ကောင်းကျိုး၊ ဆိုးပြစ်ဟူသမျှသည် အတိတ်ဘဝပြုလုပ်ခဲ့သော ကောင်းမှု မကောင်းမှုအလုပ်ကြောင့်သာ ဖြစ်ပေါ်နေကြရသည်။ ယခုဘဝတွင် မည်မျှပင် ကြိုးစားအားထုတ်သော်လည်း တိုးတက်မြင့်မားသည့် ဘဝမျိုးကို ရနိုင်မည်မဟုတ်ဟု အတိတ်က 'ပြုလုပ်မှုကိုသာ လုံးဝအားကိုး လုံးဝ မှီခိုကြပြီး ယုံကြည်နေကြသည်။ ထိုသူတို့မှာ မည်သည့်ကြိုးစား မှုကိုမျှ မပြုလုပ်ကြတော့သဖြင့် ဘဝတိုးတက်မှုကို ဆုတ်ယုတ် ပျက်ပြားခဲ့ကြရသည်။

ဤသို့ အတိတ်ကပြုလုပ်ဆောင်ရွက်ခဲ့မှုနှင့် ပတ်သက်၍ အဖြေရှာနေကြစဉ် ဘဝသံသရာလည်းမရှိ၊ အတိတ်ဘဝလည်း မရှိ၊ အနာဂါတ်ဘဝလည်းမရှိ မည်သည့်ကုသိုလ် အကုသိုလ် ပြုပြု ခံရ၊ စံရခြင်းမရှိ၊ ကောင်းကျိုးဆိုးပြစ်တို့သည် အစီအစဉ် မရှိ၊ သူဖြစ်ချင်သလို အလျဉ်းသင့်သလိုသာ ဖြစ်နေကြခြင်း ဖြစ်သည်။ ဖန်ဆင်းသူလည်းမရှိ၊ အတိတ်က ပြုလုပ်ခဲ့သော ကုသိုလ်၊ အကုသိုလ်အမှုမရှိ အလိုလိုဖြစ်၍ အလိုလိုပျက်ကြသည်။ ဤဘဝကုန်ဆုံးလျှင် နောက်ထပ်ဘဝမရှိတော့ဟူသော အကြောင်းကျိုးမဲ့ဝါဒများလည်း ပေါ်ပေါက်လာပြန်သည်။

အထက်ပါ ဖန်ဆင်းရှင်ဝါဒ၊ အတိတ်ကပြုလုပ်မှုဝါဒနှင့် ကြောင်းကျိုးမဲ့ဝါဒတို့ကို ဆန်းစစ်ကြည့်သောအခါ အဆိုပါဝါဒများကို ယုံကြည်သူတို့ သန္တာန်၌

* စိတ်ဓာတ်မြင့်မြတ်မှု၊
* စေတနာကောင်းထားမှု၊
* ကိုယ်ချင်းစာနာမှု၊
* အားကြိုးမာန်တက်ကြိုးထုတ်ပြုလုပ်မှု၊
* စဉ်းစားချင့်ချိန်တွေးခေါ်မှု စသော ကောင်းမြတ်သော သတိ၊ စေတနာ၊ ဝီရိယ၊ ဆန္ဒတရားကောင်းများ ပျောက် ကွယ်သွားတော့သည်။

အမှန်လက်တွေ့ဘဝအမြင်တွင်မူ ယခုဘဝတက်ယတိုးတက်ကြီးပွားအောင်မြင်နေသူတို့သည် မိမိတို့အင်အားအလိုက် သတိ၊ ပညာ၊ စေတနာ၊ ဝီရိယ၊ ဆန္ဒကောင်းတို့ဖြင့် ကြိုးစားပြုလုပ်၍သာ တကယ် အောင်မြင်မှုသရဖူ ဆောင်ကြရကြောင်း မျက်မြင်တွေ့ရှိနေကြရ၏။ ကြိုးစားမှုမရှိပါမူ မည်သူမျှ အောင်မြင်မှုကို ရကြမည်မဟုတ်ပေ။ထိုထက် လေးနက်စွာ တွေးကြည့်လျှင် ကြက်၊ ငှက်စသော သူတစ်ပါးအသက်ကို သတ်ရခြင်းသည် ဖန်ဆင်း ပေး၍ သတ်ရ သည်။ အတိတ်က ပြုလုပ်ခဲ့သော အမှုကြောင့် သတ်နေရသည်။ အကြောင်းမဲ့ သတ်ဖြတ်နေရသည်။ သူ့ဥစ္စာခိုးမှု၊ သူတစ်ပါး သားမယား

ကျူးလွန်မှုစသည့် မကောင်းမှုများကို ပြုလုပ်နေရ သည်မှာလည်း အထက်ပါ အကြောင်းပြချက် ခံယူချက်တို့ ကြောင့် ပြုလုပ်နေရ သည့်သဘော သက်ရောက်နေပါသည်။ မိမိ ကိုယ်တိုင်က စေတနာပါ၍ ဝါသနာပါ၍ နှစ်သက်ခုံမင်၍ ပြုလုပ်နေရ သည်မဟုတ်ဟူသော မှားယွင်းလွဲချော်သော အယူအဆတို့ ဖြစ်ပေါ်လာပါသည်။ သဘာဝမကျ၊ ယုတ္တိမရှိ သောအဖြေတို့ ထွက်ပေါ်လာသည်။သို့ဖြစ်၍ လက်တွေ့ဘဝဖြင့် ချိန်ထိုး ကြည့်သောအခါ အထက်ပါ အယူအဆသုံးရပ်မှာ မှားယွင်း နေကြောင်း တွေ့ရှိရ ပါမည်။

အမှန်မှာမူ သတ္တဝါတို့ ခံစားစံစားနေကြရသော ကောင်း ကျိုးဆိုးပြစ်တို့မှာ မိမိတို့ပြုလုပ်ခဲ့သော အတိတ်၏ပြုလုပ်မှု ပစ္စုပ္ပန်၏ပြုလုပ်မှု နှစ်မျိုးပေါင်းစပ်မှုကြောင့် ဖြစ်ပေါ်လာရခြင်း ဖြစ်သည်။

အတိတ်ပစ္စုပ္ပန်ဟူသော ဝေါဟာရမှာ အချိန်ကာလအရ ခွဲခြားထားမှုသာ ဖြစ်သည်။ ယခုဘဝသည် ပစ္စုပ္ပန်ဖြစ်သည်။ လွန်ခဲ့သောဘဝသည် အတိတ်ဖြစ်သည်။

အမှန်မှာမူကား ကာလကွာခြားခြင်းမျှသာ ဖြစ်သည်။ ပြုလုပ်မှုမှာမူ အတိတ်အလုပ်၌ဖြစ်စေ၊ ပစ္စုပ္ပန်အလုပ်ဖြစ်စေ မိမိ ပြုလုပ်ခဲ့သော အမှုများပင်ဖြစ်သည်။

# အတိတ် ပစ္စုပ္ပန် ပြုလုပ်မှုနှစ်တန်

ဗုဒ္ဓဘာသာဝင်တို့သည် ပြုလုပ်မှုနှင့် ပြုလုပ်မှုအကျိုး(ကံ, ကံ၏အကျိုး)ကို ယုံကြည်ကြသည်။ ပြုလုပ်မှုဆိုရာ၌ အတိတ်ပြုလုပ်မှု၊ ပစ္စုပ္ပန်ပြုလုပ်မှု နှစ်မျိုးစလုံး ပါဝင်သည်။

အတိတ်ပြုလုပ်မှုကြောင့် ရခဲသောလူ့ဘဝကို ရခဲ့ကြသည်။ ရုပ်ရည်အင်္ဂါလက္ခဏာတို့ ပြည့်စုံရသည်။

အကယ်၍ အတိတ်ပြုလုပ်မှုသာ မကောင်းခဲ့ပါမူ လူ့ဘဝကောင်းကို ရလာကြမည်မဟုတ်ပေ။ ငရဲဘဝ၊ တိရစ္ဆာန်ဘဝစသည်တို့ကို ရကြပေမည်။ အတိတ်ကပြုလုပ်မှု ကောင်းခဲ့သောကြောင့် သုဂတိဘဝ လူဖြစ်လာကြရသည်။

လူ့ဘဝတစ်လျှောက် ကြီးပွားတိုးတက်ရန်မှာမူ ပစ္စုပ္ပန်ခေါ်သော ပြုလုပ်မှု၊ ဉာဏ်ယှဉ်မှု၊ ကြိုးစားမှု(ဉာဏ်၊ ဝီရိယ)တို့ကို

အသုံးပြုရပေမည်။ ပြုလုပ်မှု၊ ညဏ်ယှဉ်မှု၊ ကြိုးစားမှုမပါဘဲ တိုးတက်မည်မဟုတ်ပေ။ အတိတ်ပြုလုပ်မှုကိုသာ အားကိုးပြီး ပစ္စုပ္ပန်ပြုလုပ်မှု၊ ညဏ်ယှဉ်မှု၊ ကြိုးစားမှုတို့ကိုလွှာ၍ မသုံးပါမူ အောင်မြင်မှု မရနိုင်ပေ။

ကံယုံ၍ ဆူးပုံနင်းပါမူ ဆူးစူးပေလိမ့်မည်။ ကံယုံ၍ မီးပုံ ထဲခုန်ဆင်းပါမူ မီးလောင်ပေလိမ့်မည်။ ကျားရဲရာ ကြမ္မာမယိုး သာဟု သတိပေးခဲ့ကြသည်။

လူ့ဘုံသည် ဆူးပုံနင်းပါမူ ဆူးစူးပေလိမ့်မည်။ ကံယုံ၍ မီးပုံထဲခုန်ဆင်းပါမူ မီးလောင်ပေလိမ့်မည်။ ကျားရဲရာ ကြမ္မာ မယိုးသာဟု သတိပေးခဲ့ကြသည်။

လူ့ဘုံသည် အပါယ်လေးဘုံနတ်ဘုံတို့ကဲ့သို့ မကောင်းမှု၊ ကောင်းမှု အလုပ်ကျိုးသက်သက်ကိုသာ ခံရ၊ စံရသော ဘုံ မဟုတ်ပေ။ အလုပ်၊ ညဏ်ယှဉ်မှု၊ ကြိုးစားမှု၊ မျှတညီညွတ်စွာ ကြိုးပမ်းအားထုတ်ရသော ဘုံဖြစ်သည်။ ပစ္စုပ္ပန်အလုပ် ဟူသည်မှာ ယခုဘဝ ယခုကာလတွင် ညဏ်ပညာဖြင့် ချိန်ဆ တွေးခေါ်မြော်မြင်၍ ကြိုးစားအားထုတ်မှုမှန်သမျှ ပင်ဖြစ်သည်။

အတိတ်၏လုပ်အားကောင်းက ထောက်မသော်လည်း ပြည့်စုံမှု(သမတ္တိ)စက်ခေါ် အချိန်အခါကောင်း၊ အခွင့်ကောင်းတို့ နှင့် တွေ့ကြုံရန်လည်း လိုအပ်ပါသေးသည်။ လားရောက်ရာ ပြည့်စုံမှု(ဂတိသမ္ပတ္တိ)မှာမူ သုဂတိဘဝ လူအဖြစ်ကို ရကြပြီဖြစ်

၍ ပြည့်စုံနေပါသည်။ အချိန်ကောင်းပြည့်စုံမှု(ကာလသမ္ပတ္တိ)ခေါ် ရုပ်ရေလက္ခဏာ ကျန်းမာရေးနှင့် ပြည့်စုံရန်လည်း လိုအပ်သည်။

ထိုသို့ ပြည့်စုံမှုသုံးပါးတို့နှင့် ပြည့်စုံနေသော်လည်း ပယောဂသမ္ပတ္တိခေါ် ကြိုးစားအားထုတ်မှုရှိရန် လိုအပ်သေးသည်။ အလုပ်လုပ်မှုကိုသာ အားကိုးနေပြီး ဉာဏ်၊ ဝီရိယတို့ဖြင့် ကြိုးစားမှု(ပယောဂသမ္ပတ္တိ)မရှိပါမူ အောင်မြင်မှုကို မရနိုင်ပေ။ ပယောဂစက် ပျက်သည့်သူအား ဘုရားသော်မှကယ်မ၍ မရနိုင်ပေ။

သို့ဖြစ်၍ ယခုဘဝတွင် ဉာဏ်၊ ဝီရိယကြိုးစားအားထုတ်မှုများကို ပစ္စုပ္ပန်အလုပ်လုပ်မှုဟု ခေါ်သည်။ အမှန်တကယ်ကြီး ပွားအောင်မြင်ရန်မှာမူ အတိတ်ကပြုလုပ်ခဲ့မှု အလုပ်သည်အရင်းခံ ဖြစ်သည်။

အတိတ်က ပြုလုပ်ဆောင်ရွက်မှု မပါလျှင်လည်း 'ကံမရှိ ဉာဏ်ရှိတိုင်းမွဲ'တတ်ပြန်ပါသည်။

တစ်ခါတရံ ဝီရိယအကျိုးမျှကိုသာ ခံစားရတတ်သည်လည်း ရှိသည်။ ရခဲသည့် လူ့ဘဝကို ရလာကြပြီးဖြစ်သဖြင့် အလုပ်ကောင်း လုပ်ခဲ့သူများပီပီ ကြိုးစားအားထုတ်မှုကို အစဉ်လုံ့လနေရပေမည်။ သို့မှသာ အလုပ်၊ ဉာဏ်ယှဉ်မှု၊ ကြိုးစားမှု၊ အကျိုးကို အပြည့်အဝ ခံစားရပေမည်။

## အလုပ်လုပ်မှု အမျိုးအစား

အတိတ်ပြုလုပ်မှုသည်…

* အလွန်အားကောင်းသော အလုပ်ပြုလုပ်မှု၊
* အလယ်အလတ်အားကောင်းသော အလုပ်ပြုလုပ်မှု၊
* နုံချာသော အလုပ်ပြုလုပ်မှု ဟူ၍ သုံးမျိုးရှိသည်။

ထို့အတူပင် ပစ္စုပ္ပန်အလုပ်လုပ်မှုသည်လည်း အလုပ်ဉာဏ်ယှဉ်မှု၊ ကြိုးစားမှုတို့ကို မှုတစွာ သုံး၍…

* လက်ရှိအခြေအနေထက် တိုးတက်အောင် ကြိုးစားခြင်း၊
* တည်တံ့ရုံသာ ကြိုးစားခြင်း၊
* တည်တံ့ရုံလောက်ကိုပင် အားမထုတ်ခြင်းဟူ၍ သုံးမျိုးရှိသည်။

အလှူန်အားကောင်းသော ကောင်းမှု အတိတ်ကပြုလုပ်မှုကြောင့် မိကောင်း ဖကောင်း၊ အထက်တန်းစား ဆရာသမား မိဘကောင်းတို့ထံတွင် လူဖြစ်လာရသည်။ ထိုသူသည် အရွယ်ရောက်လာသောအခါ အလုပ်လုပ်မှု၊ ကြိုးစားအားထုတ်မှု သုံးပါး ညီညွတ်စွာ ပစ္စုပ္ပန်ကောင်းအောင် ကြိုးစားပါမူ လူ့ဘဝ ၏ အထွတ်အထိပ် မင်းစိုးရာဇာ သူဌေးသူကြွယ် ပညာရှင်ကြီး ဖြစ်နိုင်သည်။

အတိတ်ကပြုလုပ်ခဲ့သော ကောင်းမှုအလုပ် အလှူန်အားကောင်း၍ မိကောင်းဖကောင်းထံတွင် လူဖြစ်လာရသော်လည်း ပစ္စုပ္ပန်အားထုတ်မှုမှာ အလယ်အလတ် တည်တံ့ရုံသာ ကြိုးစားလျှင် အလယ်အလတ်တန်းစားဘဝသာ ရောက်ရှိမည်။ ထိုသူသည်ပင် ပစ္စုပ္ပန်ကြိုးစားမှု မရှိ၊ တည်တံ့ရုံပင် ကြိုးစားမှုမပြုပါလျှင် နိမ့်ကျ ဆင်းရဲမွဲတေသူဘဝသို့ ရောက်သွားရသည်။

ပစ္စုပ္ပန်၏ အင်အားအပေါ်လိုက်၍-

(၁) မိဘတို့ထက် ပိုတိုးတက်သူ အတိဇာတသားသမီး၊

(၂) မိဘခြေရာနင်း၍ မိဘတို့အဆင့်ကိုမီသူ အနုဇာတ သားသမီး၊

(၃) မိဘတို့အဆင့်မမီဘဲ ယုတ်ညံ့နိမ့်ကျသွားသူ အဝဇာတ သားသမီး

ဟူ၍ သားသမီးသုံးမျိုး ပေါ်ထွက်လာသည်။ အတိတ် ပြုလုပ်ဆောင်ရွက်မှုမှာ မိကောင်းဖခင်၏ သားသမီးဖြစ်အောင် ပို့ပေးရုံ သာပေးခဲ့၏။

အတိတ်က ပြုလုပ်ဆောင်ရွက်မှု အလတ်တန်းစားကြောင့် သာမန်မိဘတို့ဝမ်း၌ လူဖြစ်ရသော်လည်း ပစ္စုပ္ပန်ကြိုးစားအား ထုတ်မှု များပြားလျှင် အထက်တန်းအဆင့်သို့ ရောက်ကြရသည်။ မင်းစိုးရာဇာ၊ သူဌေးသူကြွယ်၊ ပညာရှင်ကြီးများ ဖြစ်ကြရသည်။

ထိုသူသည်ပင် အလယ်အလတ် တည်တံ့ရုံသာ ကြိုးစားလျှင် အလယ်တန်းစားထဲက အလယ်တန်းစားသာ ဖြစ်ရသည်။ ထိုသူသည်ပင် ပျင်းရိပြီး ကြိုးစားမှုမရှိ၊ ပစ္စုပ္ပန်ကြိုးစားမှု မဲ့လျှင် ဆင်းရဲသူဘဝရောက်ရသည်။

ထို့အတူပင် အတိတ်ကပြုလုပ် ကြိုးစားမှုအားနည်း၍ ဆင်းရဲသူ မိဘများဝမ်း၌ ဖြစ်ရသော်လည်း ပစ္စုပ္ပန်ဘဝ အားထုတ်မှုများပြားလျှင် ကြီးကျယ်သူဘဝရောက်ရသည်။ အလယ်တန်းစား တည်တံ့ရုံသာ ကြိုးစားလျှင် သာမန်ဆင်းရဲသားဘဝသာရရှိမည်။ ပစ္စုပ္ပန်ကြိုးစားမှုမပြုလျှင်မူ လွန်စွာနိမ့်ကျ ဖုန်းတောင်းယာစကာဘဝသို့ ရောက်ရသည်။

အတိတ်ကပြုလုပ်မှု ကုသိုလ်ကောင်း၍ အလွန်ရခဲလှသည့် ဒုလ္လဘငါးဖြာအပါအဝင် လူအဖြစ်ကို ရခဲ့ကြပြီဖြစ်သည်။

လူ့ဘဝ လူဖြစ်နေရခြင်းသည် အလွန်ကြီးကျယ်လှသော အခွင့်အရေးကြီးဖြစ်သည်။ ဒုဂ္ဂတိဘဝများတွင်သာ ကျင်လည်နေကြရပြီး ထိုဘုံတို့သည်သာ သတ္တဝါတို့ အမြဲ ထာဝရနေအိမ်ဖြစ်နေကြရသည်။ ဒုစရိုက်တရားတို့ကိုသာ ထပ် ခါတလဲလဲ လုပ်ဆောင်နေကြသဖြင့် ဒုဂ္ဂတိဘဝများသာ အဆက်မပြတ်ဖြစ်ပေါ်နေကြသည်။ ကြုံခဲလှသည့် ဘုရားသာသနာနှင့် ကြုံတွေ့လာသည့်အခိုက် ကမ္မဿကတာ သမ္မာဒိဋ္ဌိ(မှန်ကန်သော အလုပ်လုပ်မှုအမြင်)ဖြင့် ပစ္စုပ္ပန်အလုပ်ကောင်းများ အမြဲဖြစ်ပွားနေရေး၊ သုစရိုက်တရားများ တိုးပွားနေရေးအတွက် အလေးထား လုပ်ဆောင်ကြရပေမည်။

# အယူမှန်မှ အလုပ်ကောင်းမည်

အလုပ်လုပ်မှု၏ သဘောလက္ခဏာကို တိကျမှန်ကန်ပြည့်စုံစွာ သဘောပေါက်ရန် လူတိုင်းလိုအပ်သည်။ ကုသိုလ်အလုပ် အကုသိုလ်အလုပ်တို့သည် ရှေးဦး၊ အလယ်၊ နောက်ပိုင်း (ပုဗ္ဗ မုဉ္စ အပရ)စေတနာသုံးတန် ပြည့်ဝအားသန်လျှင် အမှန်ပင်ကြီးမားသော အကျိုးတရားကို ပေးကြစမြဲဖြစ်သည်။ သံသရာခရီးရှည်တစ်လျှောက် ဒိဋ္ဌတိဘဝ၊ သုဂတိဘဝမျိုးစုံတို့ကို ပေးနိုင်လောက်သော အင်အားရှိကြသည်။ မိမိဘဝ သံသရာခရီးအတွက် ကိုယ်တိုင် ကိုယ့်စိတ်ကြိုက် ပြင်ဆင်ပြုလုပ်၍ရသော သဘောဖြစ်သည်။ ကံတရားတို့ ဖြစ်ပေါ်ရေးအတွက် အယူဖြောင့်မှန်မှုသည် အရေးကြီးလှ၏။ အယူဖြောင့်မှန်သူသည် အလုပ်လုပ်မှု၏ အကျိုးပေးမှုကို သိမြင်နားလည်သဖြင့် မိမိ

အတွက် သံသရာတစ်လျှောက် ကောင်းကျိုးဝေဖြာ ဘဝသမ္ပတ္တိ ပြည့်စုံလာစေရေးအတွက် ကောင်းသောကိုယ်မှု၊ နှုတ်မှု၊ စိတ်ကြံစည်မှုတို့ကိုသာ ပြုလုပ်တော့မည်ဖြစ်သည်။ သို့ဖြစ်၍ ကောင်းမှုပြုလုပ်မှု၏ စွမ်းအားကြောင့် လူ့ပြည်၊ နတ်ပြည် သာယာသုခချမ်းသာသော ဘဝတို့ကို ရရှိကြမည်မှာ သေချာလှ၏။

အယူလွဲမှား ဖောက်ပြန်သော သူတို့မှာမူ အလုပ်နှင့် အလုပ်၏အကျိုးကို လက်မခံ မယုံကြည်ကြသဖြင့် အကြံအစည်များ၊ အပြောအဆိုများ၊ အလုပ်အကိုင် မှားပြီး ရင်းမှားယွင်းကြသည်။ ဒုစရိုက်တရားများကိုသာ ပြုလုပ်ကြ၍ အပါယ်ဒုဂ္ဂတိဘုံများသို့ ဥဒဟို ရောက်ကြရသည်။ ဆင်းရဲဒုက္ခမျိုးစုံ ကြုံတွေ့ကြရသည်။ ထို့ကြောင့်လည်း မြတ်စွာဘုရားက 'အယူလွဲမှားမှုသည် အကုသိုလ်တရားတို့တွင် အပြစ်အကြီးဆုံးဖြစ်သည်'ဟု ဟောတော်မူသည်။ အယူမှားခြင်းသည် အကုသိုလ်ဖြစ်ပွားခြင်း၏ အဓိကအကြောင်းရင်းကြီး ဖြစ်ပေသည်။

## အလုပ်လုပ်မှုကိုသာ အားကိုးစရာ

မြတ်စွာဘုရားသည် နာဠန္ဒာမြို့ ပါဝါရိကသူဌေး၏ သရက်ဥယျာဉ်၌ သီတင်းသုံးတော်မူစဉ် အဘိဗန္ဓကပုတ္တရွာသူကြီးအား အလုပ်ပြုလုပ်မှုနှင့်စပ်၍ ဟောတော်မူဖူး၏။ ရွာသူကြီးက မြတ်စွာဘုရားအား 'အို-မြတ်စွာဘုရား ပစ္ဆာဘူမိအရပ်တွင် နေကြသော ဗြဟ္မာတို့က သေသူတို့ကို နတ်ပြည် ဗြဟ္မာ ပြည်သို့ရောက်အောင် ပို့ဆောင်ပေးနိုင်ကြသည်ဟု ဟောပြော နေကြပါသည်။ မြတ်စွာဘုရားကကော နတ်ပြည် ဗြဟ္မာပြည်သို့ သေသွားကြသော သတ္တဝါတို့ကို ပို့ပေးနိုင်ပါသလော'ဟု မေး လျှောက်သည်။

မြတ်စွာဘုရားက ကျောက်ဖြာကြီးကို ရေထဲချလျှင် ပေါ်တက်မလာဘဲ မြုပ်သွားမြဲဖြစ်သကဲ့သို့ ဒုစရိုက်သမားများမှာ

လည်း အပါယ်ငရဲတွင် နစ်မြုပ်ရမြဲဖြစ်သည်။ ထောပတ်အိုးကို ရေနက်ထဲ ရိုက်ခွဲလိုက်ပါက ထောပတ်သဘာဝ ရေပေါ်သို့ တက်မြဲဖြစ်သကဲ့သို့ သုစရိုက်တရားများသည်လည်း သုဂတိဘုံဘဝများသို့ ပို့ဆောင်မြဲဖြစ်သည်။ မည်သည့် ဗြဟ္မာ၊ မည်သည့် ဘုရား၊ မည်သည့် ဖန်ဆင်းရှင်ကမျှ သတ္တဝါတို့၏ ဘဝမြင့်ရေး၊ နိမ့်ရေးကို မကယ်မ,ပေးနိုင်ကြောင်း ဆုတောင်း၍ မရကြောင်း ဟောပြတော်မူခဲ့သည်။

သတ္တဝါအများ အစစ်အမှန်အားကိုးရမည့်အရာကား မိမိတို့ပြုသည့် ကုသိုလ်အလုပ်၊ အကုသိုလ်အလုပ်ပင်ဖြစ်ကြောင်း ထင်ရှားသွားလေတော့၏။ သားသမီးကျူးလွန်သောရာဇဝတ်မှုပြစ်ဒဏ်ကို မိဘကူခံ၍ ရရိုးမရှိ။

အလုပ်ပြုလုပ်မှုသဘောတရားသည် လေးနက်လှသည်။ အတိတ်က ပြုလုပ်ခဲ့မှု၊ ပစ္စုပ္ပန်ပြုလုပ်မှု နှစ်တန်ပြည့်စုံမှသာ အောင်မြင်ကြသည်။ အတိတ်က ပြုလုပ်မှုသည်လည်း မိမိပြုလုပ်ခဲ့သော အလုပ်ပင်ဖြစ်၍ မိမိနှင့် သက်ဆိုင်သည်ပင်ဖြစ်သည်။ အတိတ်ပြုလုပ်ခဲ့သော ကောင်းမှုရှိသော်လည်း ပစ္စုပ္ပန်ဉာဏ်ယှဉ်မှု ကြိုးစားမှုရှိမှသာ အထွတ်အထိပ်အောင်မြင်သူဖြစ်နိုင်သည်။ အတိတ်ပြုလုပ်မှုကို ပြင်၍မရသော်လည်း ပစ္စုပ္ပန်ပြုလုပ်မှု ထောက်ကူလျှင် အောင်မြင်ရသည်သာ ဖြစ်သည်။

မြတ်စွာဘုရား ဟောကြားတော်မူသော ဒေသနာတော်နှင့်

အညီ အလုပ်ပြုလုပ်မှု ဉာဏ်အမြင်အမှန်ဖြင့် အလုပ်လုပ်မှုကို အရင်း မူလ ပဓာနအဖြစ်ထားပြီး ဉာဏ်နှင့် ဝီရိယထောက်ကူမှု အပြည့်အဝဖြင့် ကြိုးစားအားထုတ်သူသည်သာလျှင် လူ့လောကတွင် လူချွန်လူမွန်တစ်ယောက် ဖြစ်နိုင်ပေလိမ့်မည်။ အချိန်ကောင်း၊ အခါကောင်း၊ အခြေအနေကောင်း ကြုံတွေ့လာပါမှု ဘုန်းရှင်၊ အလုပ်ရှင်၊ သမ္ဘာရှင်၊ ပါရမီရှင်တစ်ဦးအဖြစ် ပေါ်ထွက် လာနိုင်မည်ဖြစ်ပေသည်။

## လူ့ဘ၀၏ ဆင်းရဲအမှန်ကို သိပါ

လောကရှိ လူသားအားလုံးသည် နေ့စဉ်နှင့်အမျှ ဆင်းရဲဒုက္ခအမျိုးမျိုးကို ခံစားနေကြရသည်။ သို့သော် ထိုဆင်းရဲဒုက္ခကို မသိနိုင်၊ မမြင်နိုင်ဖြစ်နေကြပါသည်။ သိသာထင်ရှားသော ဆင်းရဲဒုက္ခ ကြုံတွေ့သော်မှ ခံရဆဲခဏ၌သာ ဆင်းရဲဒုက္ခမှန်း သိကြသည်။ ကြာသော် မေ့ပစ်တတ်ကြသည်။ အချိန်ကြာညောင်းသွားသည်နှင့်အမျှ ကိုယ်တိုင်ခံစားခဲ့ရသော ထိုဆင်းရဲဒုက္ခသည် တဖြည်းဖြည်း မှေးမှိန်သေးငယ်သွားပြီး ကြာသော် လုံး၀ပျောက်ကွယ်သွားတတ်သည်။

ဥပမာအားဖြင့် ထင်ရှားစွာပြရသော် အမျိုးသမီးများ သားသမီးမွေးဖွားရခြင်းဟူသော အာဝေဏိကဒုက္ခ၌ အသက်ထွက်မတတ် ပင်ပန်းဆင်းရဲကြပြီး ငယ်သံပါအောင် အော်ဟာစ်ကြကာ ဓာရွှေးများ မိုးသီးမိုးပေါက်ပမာ ကျရောက်ခဲ့ကြသည်။ ဤမျှ

ပြင်းထန်သော နာကျင်မှု ဆင်းရဲဝေဒနာကို သေချာစွာသိခဲ့ပါ သော်လည်း ရက်မှလ၊ လမှနှစ်သို့ ကူးလာသော် ထိုဆင်းရဲကို ကြောက်မက်ဖွယ်ဆင်းရဲဟု မထင်တော့ချေ။

အလားတူ ဓားခုတ်ခံရသူ၊ တုတ်ရိုက်ခံရသူ စသူတို့သည် ခံရဆဲခဏဝယ် ဆင်းရဲနာကျင်လှသည်ဟုဆိုကာ အော်ဟစ် ညည်းတွားခံခဲ့ကြသော်လည်း အနာပျောက်သောအခါ ဆင်းရဲ ဝေဒနာကို မေ့ပျောက်သွားကြသည်။

ရန်သူနှင့်တွေ့၍ အသက်လုပြေးခဲ့ရသောသူတို့သည် နောင်တစ်ချိန်ဝယ် ပြန်လည်ပြောပြရ၍ ပျော်ရွှင်စွာ စွန့်စားခန်း တစ်ခုအဖြစ် ဆင်းရဲဒုက္ခကိုမေ့ကာ ပြောဆိုတတ်ကြသည်။

ပုထုဇဉ်လူသားတို့သည် မည်သည့်ဆင်းရဲဒုက္ခကိုမျှ အမြဲ မကြောက်ကြ၊ ဆင်းရဲကို ပိုင်းခြား၍လည်းမသိ ဆင်းရဲမှ ထာဝရ လွတ်မြောက်ရန် မကြိုးစားလိုကြချေ။

## မာယာဆင်းရဲ

လောကဝယ် လူသားတို့သည် အာရုံငါးပါးနှင့်ပတ်သက်၍ စိတ်ချမ်းသာမှု၊ သာယာမှုဝေဒနာကို ခံစားလျက် ရှိကြပါသည်။ ဝမ်းမြောက်ရွှင်လန်းချမ်းမြေ့နေကြပါသည်။ ထိုချမ်းသာမှုသည် အမှန်အားဖြင့် ရေမျက်နှာပြင်ပေါ် မိုးပေါက်ကျစဉ်ဖြစ်ပေါ်လာသော ရေပွက်၊ ရေပလုံစီပမာ ခဏသာခံပြီး ချက်ခြင်းပျောက်ကွယ်သွားသော ချမ်းသာဖြစ်ပါသည်။

ထိုကဲ့သို့ချမ်းသာမှုသည် ပျက်စီးခြင်းသဘော အမြဲနှိပ်စက်ခံနေရသော တဒင်္ဂချမ်းသာဖြစ်ပါသည်။ မမြဲခြင်းသဘောဖြင့် ဖိစီးနှိပ်စက်ခံနေရသည်ကို မသိမမြင်သောကြောင့်သာ ယင်းအာရုံငါးပါး ကာမဂုဏ်တရားကို ချမ်းသာဟု ထင်နေကြခြင်း ဖြစ်ပါသည်။

ဝိပဿနာဉာဏ်ရင့်သန်သော ပုဂ္ဂိုလ်များကသာလျှင်

ယင်းချမ်းသာကို ဆင်းရဲဟု ရှုမြင်နိုင်ပါသည်။

သတ္တဝါတို့သည် ချမ်းသာတစ်ခုခုရရှိရန်အတွက် ဆင်းရဲပေါင်းများစွာကို နေ့စဉ် ရင်းနှီးစိုက်ထုတ်နေကြရပါသည်။ ဇာတ် ပွဲကြည့်လိုသော သူတစ်ဦးသည် လက်မှတ်ရရှိရေးအတွက် လူကြားထဲဝယ် တိုးဝှေ့ကြိတ်ပြီး ချွေးသံရဲရဲနှင့် တန်းစီယူကြရသည်။ များစွာသော လူပရိသတ်အလယ်ဝယ် တစ်ညလုံး ကျဉ်း ကြပ်စွာနှင့် ကျောအောင့်၊ ခါးနာ၊ ဇက်ညောင်း၊ မျက်စိညောင်း ဆင်းရဲဒုက္ခကို ခံစားပြီး ပွဲကြည့်ကြရပါသည်။

သို့သော် ပွဲကြည့်သူသည် ယင်းဆင်းရဲဒုက္ခကို ထည့်သွင်းရေတွက်ခြင်းမပြု၊ ဘေးချိတ်ထားပြီး ဇာတ်မင်းသား မင်းသမီး ဆိုသို့ ရမ္မက်ဇောပြင်းထန်စွာဖြင့် အာရုံစိုက်ထားကြသည်။ ပွဲ ပြီးသောအခါ ကျောအောင့်၊ ခါးနာကို သိတော့သည်။

ထို့ပြင် သတ္တဝါတို့သည် အသက်ရှင်ရပ်တည်နိုင်ရေးအတွက် နေ့စဉ်အစားအသောက် ရှာဖွေစားသောက်နေရပါသည်။ သမုဒ္ဒရာ ဝမ်းတစ်ထွာအတွက် မည်မျှဆင်းရဲကြီးစွာ ရှာဖွေရသည်ကို ကြည့်တတ်သူများ မြင်နိုင်ပါသည်။ စိုက်ပျိုးမှု ကုန်သွယ်မှု၊ ရောင်းဝယ်မှု၊ ကာကွယ်စောင့်ရှောက်မှု စသည့် လုပ်ငန်းများ မည်မျှများပြားသည်၊ မည်မျှလုံ့လဝီရိယစိုက်ရသည်ကို သိရှိနိုင်ပါသည်။

သို့သော် မောဟအမှောင်ဖုံးပြီး လောဘဇောတိုက်ထား သဖြင့် ယင်းလုပ်ငန်းများ လုပ်နေရသည်ကို မငြီးငွေ့နိုင်ကြပါ။ ဒုက္ခဆင်းရဲဟူ၍ မထင်ကြပါ။

နေ့စဉ် ထမင်းတစ်နပ်စားဖို့အတွက် ဆန်၊ ဆီ၊ ဆား ရှာရ၊ ချက်ရ၊ ပြုတ်ရ၊ စားသောက်ပြီး ဆေးကြောသိမ်းဆည်း ရနှင့် နေ့စဉ် ဘဝဆင်းရဲရှိနေသော်လည်း ဆင်းရဲဟု မထင်မှတ် ကြပါ။

နေ့စဉ် စားမှု၊ သောက်မှု၊ ဝတ်မှု၊ နေမှု စသော လူမှုဒုက္ခ အထွေထွေကို နေ့စဉ်မအားလပ်ရအောင် လုပ်နေရသော်လည်း ထိုအလုပ်များကို ဆင်းရဲမထင်မှတ်ကြ၊ ငွေစက္ကူများစွာ ရေတွက် နေရသူသည် နာရီပေါင်းများစွာ ရေတွက်နေရသော်လည်း ဆင်းရဲသည်ဟုမထင်၊ ငါ့ဟာတွေ ငါရသည်ဟု ယူဆလျက် ပီတိဖြစ်နေတတ်ပါသည်။

သို့အတွက် ပုထုဇဉ်တို့သည် ဆင်းရဲကို ဆင်းရဲမှန်း မသိ ကြပါ။ ဆင်းရဲနေပါလျက် ဆင်းရဲသည်ဟု မထင်။ မောဟ၊ လောဘ ဖုံးလွှမ်းကာ သာယာနေကြပါသည်။

ဤကဲ့သို့သော အရာအားလုံးကို ဒုက္ခဆင်းရဲဟု ဉာဏ်ဖြင့် ပိုင်းခြား၍မသိသမျှကာလပတ်လုံး ဤသံသရာဝဋ်ဆင်းရဲကို ငြီးငွေ့မှုမရှိ၊ ပျင်းမုန်းမှုမရှိ၊ စိတ်မကုန်နိုင်၊ မမောနိုင်၊ မပန်း

နိုင်၊ တစ်ခုပြီးတစ်ခု ဖြစ်ချင်နေကြသည်။ ဖြစ်အောင်လည်း ကြိုး စားလုပ်နေကြသည်။

ပြုပြင်စီမံမှု သင်္ခါရကိုလည်းကောင်း၊ ဖောက်ပြန်ပျက်စီး လွယ်သော ချမ်းသာသုခကိုလည်းကောင်း၊ ဝမ်းမြောက် ဝမ်းသာ ဖြစ်မှု သောမနဿ ဝေဒနာကိုလည်းကောင်း၊ ကိုယ်ကာယ၌ ဖြစ်ပေါ်နေသော နာကျင်မှု ဆင်းရဲဝေဒနာကိုလည်းကောင်း ဆင်းရဲအစစ်ဖြစ်သည်ဟု ဉာဏ်ဖြင့်ပိုင်းခြား၍ သိခြင်း သည် ဒုက္ခသစ္စာကို ပိုင်းခြားသိမှုပင် ဖြစ်ပါသည်။

ဤဆင်းရဲအမှန် ဆင်းရဲအစစ်ကို ပိုင်းခြားသိမှသာလျှင် သံသရာဝဋ်ဆင်းရဲမှ ကင်းလွတ်ထွက်မြောက်လိုစိတ် ဖြစ်ပေါ် နိုင်ပါသည်။

သံသရာဝဋ်ဆင်းရဲ၌ ငြီးငွေ့ခြင်း၊ စိတ်ကုန်ခန်းခြင်းဖြစ် လာ၍ တပ်မက်မှုကင်းကွာလာပါလိမ့်မည်။ ထိုအခါကျမှ သံသရာ ဝဋ်ဆင်းရဲအပေါင်းမှ လွတ်မြောက်၍ ဝဋ်ဆင်းရဲတို့၏ ချုပ်ငြိမ်း ရာ နိဗ္ဗာန်ကို တောင့်တမှုဖြစ်ပေါ်လာပါလိမ့်မည်။

သံသရာဝဋ်ဆင်းရဲအပေါင်းကို သာယာနှစ်သက် တပ်မက် မှုရှိနေပါလျှင် 'နိဗ္ဗာန်ကို ရပါလို၏' ဆုတောင်းနေစေကာမူ အမှန်တကယ် စိတ်ထဲက နိဗ္ဗာန်ကို လိုလားမှု မဟုတ်သေးပါ ချေ။

နေစရာတိုက်အိမ်ကောင်းကောင်း လိုချင်သည်။ စားကောင်း သောက်ဖွယ်များကို အမြဲတမ်း ပြည့်စုံနေချင်သည်။ ကာမဂုဏ်ငါးပါး အာရုံတရားများ အချိန်မရွေး လိုတရ ဖြစ်ချင်သည်။ ဝတ္ထုအာရုံကာမဂုဏ်ငါးပါးကို ဆင်းရဲအစစ်၊ ဆင်းရဲအမှန်ဟု မယူဆမထင်မြင်သောကြောင့် လိုချင်တပ်မက်ခြင်း ပြင်းထန်စွာ ဖြစ်ပေါ်လျက်ရှိကြပါသည်။ မရဖူးသေးသော စည်းစိမ်ဥစ္စာရာထူးကို ရလိုကြသည်။ ရပြီးသောအခါ မစွန့်လွှတ်နိုင်ကြ။ ဆတက်ထမ်းပိုး တိုး၍သာလျှင် အလိုရှိကြသည်။

နိဗ္ဗာန်ချမ်းသာကို အနမာနဉာဏ်ဖြင့် မှန်းဆသိလိုပါက ထိုဝတ္ထုအာရုံ ကာမဂုဏ်ငါးပါးအပေါ်၌ လိုချင်တပ်မက်မှု လျှော့ချရမည်။ လိုချင်တပ်မက်မှု လျော့နည်းသွားသည်နှင့်အမျှ ဆင်းရဲဒုက္ခသည်လည်း အချိုးကျ လျော့နည်းသွားပါမည်။

ပုထုဇဉ်သတ္တဝါတို့သည် ပြင်ပသက်မဲ့ပစ္စည်းတက် သက်ရှိပစ္စည်းများအပေါ်၌ ပိုမိုစွဲလမ်းပြင်းထန်ကြသည်။ သားစွဲ၊ သမီးစွဲ၊ မယားစွဲ၊ လင်စွဲ စသည်တို့မှာ မရုန်းနိုင်သော မဖြတ်နိုင်သော နှောင်ကြိုးကြီးများဖြစ်သည်။ ယင်းနှောင်ကြိုးကား သမုဒယနှောင် ကြိုးဖြစ်ပါသည်။

ထိုသမုဒယနှောင်ကြိုးကြောင့် သားမယား၊ သားသမီး၊ လင်ယောကျ်ားစသည် တစ်စုံတစ်ဦး ပျက်စီးခဲ့သော် မဖြေနိုင်၊

မဆည်နိုင် ဝမ်းနည်းပက်လက် ခံစားကြရသည်။

ယင်းဆင်းရဲဒုက္ခများသည် သမုဒယကို အခြေခံသည်။ တဏှာ၊ သမုဒယတွယ်တာမှု လျော့နည်းသွားလျှင် လျော့နည်းသွားသလောက် စိတ်ဆင်းရဲမှု လျော့နည်းသွားပါသည်။

တဏှာသမုဒယနှင့် ဆင်းရဲဒုက္ခတို့သည် အကြောင်းအကျိုး ဆက်စပ်ရာ၌ တိုက်ရိုက်အချိုးကျ ဖြစ်သည်။ တဏှာသမုဒယပြင်းထန်လျှင် ပြင်းထန်သလောက် ဆင်းရဲဒုက္ခကြီးရသည်။ တဏှာသမုဒယအားနည်းလျှင် အားနည်းသလောက် ဆင်းရဲဒုက္ခ လျော့နည်းရသည်။

ဆင်းရဲဒုက္ခ နည်းပါးလေလေ နိဗ္ဗာန်နယ်ပယ်သို့ နီးကပ်လေလေဖြစ်ပါသည်။ နိဗ္ဗာန်အရသာကို ဖြည်းဖြည်းချင်း ပို၍ပို၍ သိမြင်တွေ့ထိနိုင်လာပါသည်။

သို့အတွက် နိဗ္ဗာန်၏ ချမ်းသာအရသာကို အရိပ်အရောင်မျှ ဖြည့်စွမ်းလိုပါက သားမယား၊ စည်းစိမ်ဥစ္စာတို့အပေါ်၌ တွယ် တာတပ်မက်မှုတဏှာ သမုဒယကို လျှော့ကြည့်ရပါမည်၊ တဏှာသမုဒယ လျော့နည်းသွားသည်နှင့်အမျှ စိုးရိမ်မှု၊ စိတ်ဆင်းရဲမှု၊ မနာလိုဝန်တိုမှုများ လျော့ပါးသွားသည်ကို ကိုယ်တိုင်ကိုယ်ကျ ခံစားရပါမည်။

သတ္တဝါမည်သည် အတ္တသမံ ပေမံနတ္ထိဆိုသည့်အလာ

မိမိကိုယ်ကိုမိမိ အတွယ်တာဆုံးဖြစ်သည်။ ဇနီး သားမယားနှင့် စည်းစိမ်ဥစ္စာကား ဒုတိယဆင့်ပွား ဖြစ်သည်။

အသက်ရှင်လိုခြင်း၊ သေရမှာကြောက်ခြင်းတို့သည် မိမိဘဝကို မစွန့်လွှတ်နိုင်ကြောင်း၊ ပြင်းထန်စွာ တပ်မက်နေကြောင်း ဖော်ပြနေပါသည်။ လူ့ဘဝဝယ် စိတ်အဆင်းရဲဆုံးဖြစ်မှုသည် ကိုယ်တိုင်မကျန်းမာခြင်း၊ ကိုယ်အင်္ဂါချို့ယွင်းခြင်း၊ ဆေးကုမရသော ရောဂါစွဲကပ်ခြင်း စသည်တို့ ဖြစ်ပါသည်။ အပြင်းထန်ဆုံးသော စိတ်ဆင်းရဲမှုမှာ သေဘေးနှင့် ရင်ဆိုင်ရသည့်အချိန် ဖြစ်ပါသည်။ ဤသို့ စိတ်ဆင်းရဲရခြင်းမှာ မိမိဘဝကို ပြင်းထန်စွာ စွဲလမ်းမှု၊ တပ်မက်မှု တဏှာသမုဒယကြောင့် ဖြစ်ပါသည်။

မိမိဘဝကို ဆင်ခြင်သုံးသပ်ရာဝယ် ရုပ်နာမ်ဓမ္မသင်္ခါရတို့ အကြောင်းအားလျော်စွာ ပေါင်းစုံဖွဲ့စည်း ဖြစ်ပေါ်နေခြင်းမျှသာ ဖြစ်သည်။ အချိန်မရွေး ဖရိုဖရဲပြိုကွဲ ပျက်စီးနိုင်သည်ဟု ဆင်ခြင်သိမြင်ထားပါက ဘဝပျက်စီးမှုများ ယိုယွင်းမှုများနှင့် တွေ့ကြုံသောအခါ စိတ်ဆင်းရဲမှု ပြင်းထန်စွာ တုန်လှုပ်မှုများ မဖြစ်နိုင်တော့ပါ။

ဤသို့လျှင် တဏှာသမုဒယ လျော့နည်းလျှင် ဆင်းရဲဒုက္ခလျော့နည်းသည်။ ဆင်းရဲဒုက္ခလျော့နည်းခြင်းသည် နိဗ္ဗာန်နယ်ပယ်အတွင်းသို့ တဖြည်းဖြည်း ချဉ်းနင်းဝင်ရောက်လာခြင်း

ဖြစ်သည်။

တဏှာသမုဒယ လုံးဝကင်းပြတ်သွားသောအခါ ဆင်းရဲဒုက္ခသည်လည်း လုံးဝကင်းရှင်း ချုပ်ငြိမ်းသွားတော့သည်။

ထိုကဲ့သို့ ဒုက္ခချုပ်ငြိမ်းကုန်ဆုံးသွားခြင်းသည် နိဗ္ဗာန်ရောက်နေခြင်းပင် ဖြစ်ပါသည်။

ထို့ကြောင့် နိဗ္ဗာန်ကို အနမာနညာဏ်ဖြင့် ရော်ရမ်းမှန်းဆအာရုံပြု ခံစားလိုသောသူသည် မိမိသန္တာန်၌ရှိသော လိုချင်တပ်မက်မှု တဏှာ သမုဒယကို တစ်စုံတစ်ခုသော အတိုင်းအတာပမာဏအထိ လျှော့ချပေးရန် လိုအပ်လှပေသည်။

ဤသို့သော တဏှာသမုဒယကို လျှော့ချနိုင်ရန် မြန်မာနိုင်ငံအနှံ့အပြားရှိ ပဋိပတ္တိသာသနာ့ရိပ်သာများက ဆောင်ရွက်စီမံနေပါသည်။

သင်တို့ကိုယ်တိုင်က တကယ်စစ်မှန်သော ချမ်းအေးမှုနိဗ္ဗာန်ကို လိုချင်သောဆန္ဒ ပြင်းပြကြဖို့သာ လိုပါသည်။

သင်သည် ကြုံခဲလှသော သာသနာတော်နှင့် ကြုံနေပါသည်။ လွတ်မြောက်ရေး နည်းပေးလမ်းပြဆရာများလည်း ရှိနေပါသည်။

*'ခွင့်သာခိုက်မှာ မလိုက်လိုလျှင်၊ အမိုက်နှင့်ပြင် ရှိသေးလိမ့်*

*ထား၊*

*ခွင့်သာဆဲမှာ မခဲပါလျှင်၊ အလွဲနှင့်ပြင် ရှိသေးလိမ့်လား၊*

*ခွင့်သာတုံးမှာ မကြိုးလျှင်၊ အရှုံးနှင့်ပြင် ရှိပေလိမ့်လား"*

ဆိုသော လယ်တီဆရာတော်ဘုရားကြီး၏ ဩဝါဒ အတိုင်း သင့်ဘဝသံသရာအဆက်ဆက် အရှုံးတွေပေါ်နေပါမည်။

ထို့ကြောင့် သင့်ဘဝ အပူမှ အအေးဘဝသို့ ရောက်အောင် ဘုရားရှင်ဟောကြားလမ်းညွှန်ခဲ့သော သတိပဋ္ဌာန်ကျင့်စဉ်များ ကို ကြိုးစားအားထုတ်ကြရန် လိုအပ်ပါသည်။

## အမှန်ကိုသိရန် မှန်ကန်သော ယုံကြည်ချက်အား ရှိရန်လို

လောကတွင် လူသားတို့သည် ကိုးကွယ်မှု၊ ပေးကမ်းမှု လှူဒါန်းမှု၊ အကျင့်သီလဆောက်တည်မှု၊ သမထဝိပဿနာ ဘာဝနာ ပွားများမှုစသည်တို့ကို ပြုမူဆောင်ရွက်ကြရာတွင် ယုံကြည်ချက်ဖြင့်သာ ပြုလုပ်ဆောင်ရွက်လေ့ရှိပါသည်။

လောက၌ အရာဝတ္ထုတစ်ခုခုကို ယူလိုပါက လက်ဖြင့်သာ ယူငင်ရသကဲ့သို့ အဘယ်တရားကောင်းကိုမဆို ယုံကြည်ချက်ဖြင့်သာ ယူနိုင်သည်။ ထို့ကြောင့် ယုံကြည်ချက်သည် လက်နှင့်တူသည်ဟု ဆိုပါသည်။

ထို့ပြင် စကြာဝတေးမင်းကြီး၏ ရတနာခုနစ်ပါးတို့တွင် ပတ္တမြားရတနာသည် နောက်ကျူသောရေထဲသို့ပင် ချလိုက်ပါက ကြည်လင်စေတတ်သော သဘောရှိသကဲ့သို့ ယုံကြည်ချက်သည်လည်း သတ္တဝါတို့၏ စိတ်ကို ကြည်လင်စေတတ်သော

သဘောတရား ရှိသည်။

ဥစ္စာသည် သတ္တဝါတို့အား ချမ်းသာကိုဖြစ်စေတတ်သကဲ့သို့ ယုံကြည်ချက်သည်လည်း အလုံးစုံသော လူစည်းစိမ်၊ နတ် စည်းစိမ်တို့ကို ဖြစ်စေတတ်သော သဘောရှိသည်။

ထို့ပြင် မျိုးစေ့သည် အသီးကိုသီးစေတတ်သော သဘောရှိသကဲ့သို့ ယုံကြည်ချက်သည်လည်း အမြိုက်နိဗ္ဗာန်တည်းဟူသော အသီးကိုသီးစေ႑တ်သော သဘောရှိသည်။

ယုံကြည်ချက်နှင့်ပတ်သက်၍ ဤသို့သော သဘောတရားများကို ဥပမာပြု၍ ကျမ်းဂန်အသီးသီး၌ နှိုင်းယှဉ်ဖွင့်ဆိုပြထားပါသည်။

ယုံကြည်ချက်ကို 'သဒ္ဓါ'ဟု အများက သိထားကြပါသည်။ ထိုသဒ္ဓါ(ယုံကြည်ချက်)အစစ်မှာ–

(၁) ဘုရား၌ ယုံကြည်ခြင်း၊

(၂) ဘုရားဟောတရားတော်၌ ယုံကြည်ခြင်း၊

(၃) တပည့်သား သံဃာတော်၌ ယုံကြည်ခြင်း၊

(၄) ကောင်းတာပြုလုပ်မှု၊ မကောင်းတာပြုလုပ်မှုတို့၏ အကျိုးအပြစ်များကို ယုံကြည်ခြင်းတို့ ဖြစ်ပါသည်။

ထိုယုံကြည်ချက်(သဒ္ဓါ)ကို ထပ်မံခွဲခြမ်း၊ စိပ်ဖြာ၍ကြည့်

လျှင် လေးမျိုးကွဲပြားသည်ကို တွေ့ရပါသည်။

(၁) ဘုရားဖြစ်ရပါလို၏၊ ပစ္စေကဗုဒ္ဓါဖြစ်ရပါလို၏၊ သာဝကဖြစ်ရပါလို၏ဟု ဆုတောင်း ဆုယူမှု ပြုသောအခါမှစ၍ ကိန်းအောင်းလာသော သဒ္ဓါမျိုးသည် အာဂမသဒ္ဓါ၊

(၂) သစ္စာလေးပါးတရားကို ကွက်ကွက်ကွင်းကွင်း ထိုးထွင်းသိမြင်မှုကြောင့် ဖြစ်ပေါ်လာသော အရိယာသာဝကတို့၏ သဒ္ဓါမျိုး(ဝါ) မဂ်ဖိုလ်ရသဖြင့် ဖြစ်ပေါ်လာသော သဒ္ဓါမျိုးသည် အဓိဂမသဒ္ဓါ၊

(၃) ရှေးရှေးဘဝတို့မှ လိုက်ပါလာသည်လည်းမဟုတ်၊ ယခုဘဝ၌လည်း မဂ်ဖိုလ်မရသေးဘဲ ယုံကြည်ထိုက်သောဝတ္ထုတို့ကို မိမိစိတ်သဘောညဏ်ဖြင့် ဝေဖန်သက်ဝင်ကြဲဆ၍ ဖြစ်ပေါ်သော ယုံကြည်မှုသဒ္ဓါမျိုးသည် ဩကပ္ပနသဒ္ဓါ၊

(၄) ကြည်ညိုအပ်သောအရာ၌ ကြည်ညိုခြင်း သဒ္ဓါသည် ပသာဒသဒ္ဓါ။

စာပေကျမ်းဂန်တို့၌ ယုံကြည်ချက်လေးမျိုးတို့ကိုသာ ယုံကြည်ချက်(သဒ္ဓါ)အစစ်ဟု ဖွင့်ဆိုထားပါသည်။

ဤယုံကြည်ပုံ လေးမျိုးတို့တွင်-

* အာဂမသဒ္ဓါကို-အလောင်းတော်ကြီးများသာရကြသည်။
* အဓိဂမသဒ္ဓါကို-အရိယာပုဂ္ဂိုလ်များသာ ရကြပါသည်။
* ဩကပ္ပနသဒ္ဓါနှင့် ပသာဒသဒ္ဓါတို့ကိုမူ သာမာန်ပုထုဇဉ်ပုဂ္ဂိုလ်တို့သာ ရကြပါသည်။

ဩကပ္ပနသဒ္ဓါနှင့် ပသာဒသဒ္ဓါနှစ်မျိုးတို့တွင်-

* တုန်လှုပ်ခြင်းရှိသော သဒ္ဓါ၊
* မတုန်လှုပ်သော သဒ္ဓါ

ဟူ၍ နှစ်မျိုးရှိပြန်သဖြင့် မိမိတို့ကိုယ်ကို မိမိတို့ကိုယ်တိုင်ပြန်လှန်၍ အကြိမ်ကြိမ် စစ်ဆေးသင့်ပါသည်။

* ငါသည် အခြားဘာသာဝါဒတို့ကြောင့် တုန်လှုပ်မှုမရှိသော ဗုဒ္ဓဘာသာစစ်စစ်ဖြစ်ပြီလား။
* ဘယ်ပုဂ္ဂိုလ်နှင့်တွေ့တွေ့၊ ဘယ်ပုဂ္ဂိုလ်ရဲ့အယူဝါဒနှင့်တွေ့တွေ့၊ ဘယ်သူ့စာအုပ်ကိုပဲ ဖတ်ရ ဖတ်ရ၊ ဘယ်သူ၏ တရားကိုနာရ နာရ ငါ၏စိတ်ဟာ ဘုရားအပေါ်၌ ယုံကြည်မှု ကင်းသွားသလား၊ မကင်းဘူးလား။

* တရားအပေါ်၌ ယုံကြည်မှု ကင်းသွားသလား၊ မကင်းဘူးလား။
* သံဃာတော်များအပေါ်၌ ယုံကြည်မှု ကင်းသွားသလား၊ မကင်းဘူးလား။
* ကောင်းမှု မကောင်းမှုများပြုလုပ်မှု၏အကျိုးအပေါ်၌ ယုံကြည်မှုကင်းသွားသလား၊ မကင်းဘူးလား။
* မူလယုံကြည်မှုထက် လျော့သွားသလား၊ မလျော့သွားဘူးလား။

စသည်ဖြင့် အမျိုးမျိုးအဖုံဖုံ ဆန်းစစ်ရပါမည်။

ထိုအခါ မတုန်မလှုပ် သတိဝင်မြဲ၊ ယုံကြည်မြဲယုံကြည်နေသည်ဆိုပါလျှင် မတုန်လှုပ်သော သဒ္ဓါတည်နေပြီဟု မှတ်ယူသင့်ပါသည်။ မူလယုံကြည်ချက် လျော့နည်းသွားပြီး ကင်းသွားပြီဆိုပါက ဗုဒ္ဓဘာသာမစစ်ဟု မှတ်ယူရန်သာ ရှိပါတော့သည်။

ယနေ့ခေတ်တွင် ဗုဒ္ဓဘာသာအမည်ခံ ပုဂ္ဂိုလ်တို့တွင် များစွာသောပုဂ္ဂိုလ်များသည် သီလဆောက်တည်ကြရာ၊ ကုသိုလ်ပြု၍ ရေစက်ချရာတို့၌ ဘုရား၊ တရား၊ သံဃာကို ကိုးကွယ်ပါ၏။ ကံ,ကံ၏အကျိုးကို ယုံကြည်ပါ၏ဟု ဆိုတတ်ကြပါသည်။ သူတစ်ပါးက ဘာ,ဘာသာကိုးကွယ်သလဲဟု မေးလာပါကလည်း ဗုဒ္ဓဘာသာ ကိုးကွယ်သည်ဟု ဖြေတတ်ကြပါသည်။

သို့သော် ထိုသူတို့၏ ယုံကြည်ချက်ကို ထိုသူတို့ကိုယ်တိုင်ပင် စစ်ဆေးမိသူ နည်းပါးလှပါသည်။ စစ်ဆေးပြန်ကလည်း

* ဘာကြောင့် ကိုးကွယ်သည်၊
* ဘယ်ယုံကြည်ချက်ကြောင့် ကိုးကွယ်သည်၊
* အဘယ်ကြောင့် ယုံကြည်သင့်သည်

စသည်ဖြင့် အဖြေမှန်ကို တိကျပြတ်သားစွာ ပေးနိုင်သူက နည်းပါးလှပါသည်။ မိရိုးဖလာ ဗုဒ္ဓဘာသာက များလှပါသည်။

အကယ်၍ ယုံကြည်ချက်အစစ်ကို ရခဲ့လျှင် (ဝါ) ယုံကြည်ချက်အစစ်ကို ရနိုင်လောက်အောင် အသိဉာဏ်မျိုးရှိခဲ့ပါလျှင် ဝုန်လှုပ်ဖွယ် မရှိနိုင်တော့ပါ။

ထို့ကြောင့် ယုံကြည်ချက်ဟူသမျှတို့တွင် ပညာ၊ သတိ၊ သမာဓိ၊ ဝီရိယတို့ဖြင့် တွဲဖက်နေသော ယုံကြည်ချက်မျိုးသည် သာလျှင် မှန်ကန်သော ယုံကြည်မှုမျိုးသို့ ရောက်နိုင်ပါသည်။

တစ်ဖန် ထိုတရားလေးပါး ခြံရံအပ်သော ယုံကြည်ချက်မျိုးဖြစ်လင့်ကစား ပညာ၏အကျယ်အကျဉ်း၊ သတိ၏အနည်းအများ၊ သမာဓိ၏ အားကောင်းမကောင်း၊ ဝီရိယ၏ မှန်–မမှန် စသည်တို့ကိုလိုက်၍ အမှန်ကို ယုံကြည်မိသောသူများလည်း ရှိတတ်ကြသကဲ့သို့ အမှားကိုပင် အမှန်ထင်၍ ယုံကြည်မိသူများလည်း ရှိတတ်ကြပါသေးသည်။

* ဘုရားမဟုတ်ဘဲ ဘုရားဟူ၍လည်းကောင်း

* တရားမဟုတ်ဘဲ တရားဟူ၍လည်းကောင်း

* သံဃာမဟုတ်ဘဲ သံဃာဟူ၍လည်းကောင်း

ယုံကြည်ချက်အမှားတို့ကြောင့် တစ်သံသရာလုံး မှောက်ပြီး၊ မှောက်ဆဲ၊ မှောက်လတ္တံ့သော ပုဂ္ဂိုလ်တို့ကား အနန္တပင် ရှိနေပါသည်။

ဗုဒ္ဓဘာသာကျမ်းဂန်တို့ကမူ ဤကဲ့သို့သဘောကို သဒ္ဒါဟု မခေါ်ဘဲ မိစ္ဆာဓိမောက္ခဟူ၍ ခေါ်ပါသည်။

* လောကတွင် လျှူစရာဝတ္ထုပစ္စည်းကို ရလွယ်သည်၊

* အလှူခံပုဂ္ဂိုလ်ကိုလည်း ရလွယ်သည်။

* သို့သော် (သဒ္ဒါ)ယုံကြည်ချက်သည်က ရခဲသည် ဟု အင်္ဂုတ္တိုရ်အဋ္ဌကထာ၌ ဖွင့်ဆိုထားပါသည်။

ထို့ကြောင့် မိမိ၏ လက်ရှိယုံကြည်ချက်ကို မှန်ကန်ပါက တိုးတက်ယုံကြည်ရန်၊ မမှန်ကန်က ပယ်ရန် မပြတ်လေ့လာ သုံးသပ်ဆင်ခြင်ရပါမည်။

အမှတ်တမဲ့ယုံကြည်ခြင်း၊ သူပြောငါပြော သာလည်ယုံကြည်ခြင်းမျိုးကို မပြုသင့်ပါ။ သတိကင်းသောဉာဏ် မာဓိကင်းသော ဉာဏ်၊ ဝိရိယကင်းသောဉာဏ်မျိုးဖြင့် ခဏလေး မယုံသင့်ပါ။

ကြည်ညိုအပ်သောအရာ၌ ကြည်ညိုခြင်းသည် ပသာဒ သဒ္ဓါမည်၏ဟုဆိုရာဝယ် ဆန်ကောလောက် စောက်နက်သော ဉာဏ်ရှိသူသည် ဆန်ကောလောက်သာနိက်၍ ယုံကြည်ပေ လိမ့်မည်။ မျက်မွေးတဆုံးသာ အမြင်ရှိသောသူကလည်း မျက် မွေးတစ်ဆုံးသာကြည့်၍ ယုံကြည်ပေလိမ့်မည်။ သူ့ဉာဏ် အလိုက် သူယုံကြည်သည်မှာ ဓမ္မတာပင်ဖြစ်သော်လည်း ဓမ္မတာ တိုင်း ကောင်းသည်မဟုတ်ပါ။

ပညာ၊ သတိ၊ သမာဓိ၊ ဝီရိယစသော တရားများ နည်းပါး သူတို့သည် ကိုးကွယ်ရေး၊ သံသရာရေးမှာသာ မဟုတ်သေး။ လောကီရေးရာကိစ္စများတွင်လည်း တဇောက်ကန်း၊ တစွတ်ထိုး လုပ်တတ်ကြသည်။

ယုံကြည်ရေး၊ မယုံကြည်ရေးအတွက် ယုံမှားတွေးတောမှု သည် စိတ်ဓာတ်၏ ပင်ပန်းဖွယ်အလုပ်ကြီးတစ်ခုဖြစ်ပါသည်။ ဥပမာ အလွန်လေးသော ဝန်ထုပ်ကြီးကိုထမ်းရင်း တောင်သွား လိုက်၊ မြောက်သွားလိုက် ပြုနေသူနှင့် တူပါသည်။

တွေးတောယုံမှားခြင်းသည် စိတ်၏အနာရောဂါတစ်မျိုး ဖြစ်ပါသည်။ သိချင်လေလေ စဉ်းစားလေလေ စိတ်ပင်ပန်းလေ လေဖြစ်ရမည်မှာ မလွဲပါ။

တွေးတောယုံမှားခြင်းသည် နှစ်မွှာကွဲသော ခရီးလမ်းနှင့် တူလှ ါသည်။ ခရီးနှစ်ခွတွေ့သူသည် စိတ်နှစ်ခွဖြစ်တတ်သကဲ့

သို့ပင် ဖြစ်ပါသည်။

* ငါသည် အတိတ်ကာလကဖြစ်ခဲ့ဖူးသလား၊ မဖြစ်ခဲ့ဖူးလား။

* ဘယ်လိုဖြစ်ခဲ့ပါလိမ့်။

* ဘယ့်နှယ်ဖြစ်ခဲ့ပါလိမ့်။

* အနာဂါတ်မှာ ဖြစ်ရဦးမလား မဖြစ်ရတော့ဘူးလား စသော (၁၆)ပါးသော ယုံမှားခြင်းတို့သည်လည်းကောင်း၊ ရတနာသုံးပါးစသည်၌ ယုံမှားခြင်းရှစ်ပါးတို့သည်လည်းကောင်း စိတ်၏အနာရောဂါများပင် ဖြစ်ကြပါသည်။

ထိုယုံမှားခြင်းများသည် သောတာပန်အဆင့်သို့ရောက်မှသာ ကင်းပျောက်နိုင်မည်ဖြစ်၍ ယုံကြည်ချက်အစစ်အမှန်ကို ရယူလိုသူတို့သည် သောတာပတ္တိမဂ်တရား၊ ဖိုလ်တရားတို့ကို မရ ရအောင် အားထုတ်သင့်ကြပါသည်။

ထို့ကြောင့် မှန်ကန်သော ယုံကြည်ချက်၊ ကြည်လင်သော အမြင်ဖြင့် မိမိဘဝ၏ ပစ္စုပ္ပန်ကောင်းစားရေး၊ သံသရာအရှည် ကောင်းစားရေးကို လိုလားကြသော ပုဂ္ဂိုလ်များအပေါင်းသည် မှန်ကန်သော ယုံကြည်ချက်ကို ရရှိနိုင်အောင် ကြိုးစားကြရန် လိုအပ်ပါသည်။

# အမှန်ကိုရရန် ဘ၀ကိုနှလုံးသွင်းမိရန်များ

လောကတွင် အသိဉာဏ်ရှိသော လူဟူသမျှ ဉစ္စာပစ္စည်းတို့ကို ရှာဖွေ၍ အောက်ပါရည်ရွယ်ချက်တို့ဖြင့် ရွှေအိုးတို့ကို မြေအောက်စွာတူး၍ မြှုပ်နှံထားကြလေ့ရှိပါသည်။

* မင်းဘေးကျရောက်သောအခါ ထိုဘေးမှ လွတ်မြောက်ရန်။
* ကြွေးမြီတင်သောအခါ ပေးဆပ်နိုင်ရန်။
* ခိုးသူဘေးမှ လွတ်မြောက်နိုင်ရန်။
* ငတ်မွတ်ဘေးကျရောက်လာလျှင် လွတ်မြောက်နိုင်ရန်။

*   မီးဘေး၊ ရေဘေးစသည်ဘေးများမှ လွတ်မြောက်ရန်။

ထိုမြှုပ်နှံထားသော ရွှေအိုးသည် ဤရည်ရွယ်ချက်ကိစ္စအားလုံးတို့ကို မပြုလုပ်မဆောင်ရွက်နိုင်ကြပါ။

အဘယ်ကြောင့်ဆိုသော် ရွှေအိုးသည်-

*   မြှုပ်ထားသောအရပ်မှ ရွေ့လျားတတ်သည်။

*   ဥစ္စာရှင်က မေ့လျော့တတ်သည်။

*   နဂါးတို့က နေရာပြောင်း၍ ထားတတ်သည်။

*   မချစ်အပ်သော အမွေခံသားသမီးဆိုးတို့က ခိုးဝှက်တူးဖော်ယူတတ်သည်။

*   ကောင်းမှုပြုလုပ်သောအကျိုး(ကံ)ကုန်၍ မီးသွေးခဲဖြစ်တတ်သည်။

ထို့ကြောင့် ထိုဥစ္စာပစ္စည်းဟူသော ရွှေအိုးများသည် မည်သို့မျှ အာမခံချက် မပေးနိုင်ပါချေ။

ဤလောကဝယ် ယောကျ်ားဖြစ်စေ၊ မိန်းမဖြစ်စေ အားလုံးသောလူတို့သည်-

*   အလှူပေးခြင်း၊

*   သီလဆောက်တည်ခြင်း၊

* ဘာဝနာပွားများခြင်း ဟူသော ကောင်းမှုရွှေအိုးကို ကောင်းစွာမြှုပ်နှံထားသင့်ပါသည်။

ထိုရွှေအိုးတို့ကို ရန်သူတို့က မအောင်မြင်နိုင်ပါ။ သူတစ်ပါးတို့နှင့် မဆက်ဆံ၊ ခိုးသူတို့ မလုယက် မဖျက်ဆီးနိုင်ပါ။ တမလွန်ဘဝနှင့် ဘဝအဆက်ဆက်တွင် မိမိနောက်သို့ အရိပ်သဖွယ် ပါလာတတ်ပါသည်။

ကုသိုလ်ရွှေအိုးသည် လူတို့၏ အလိုဟူသမျှ ပေးနိုင်ပါသည်။

* ရုပ်အဆင်းလှပသည့်အဖြစ်၊
* အသံကောင်းသည့်အဖြစ်၊
* ခြွေရံသင်းပင်းများခြင်းအဖြစ်၊
* ဉစ္စာပစ္စည်းပြည့်စုံသော ချမ်းသာခြင်းအဖြစ်၊
* ပဒေသရာဇ်မင်း၊ ဧကရာဇ်မင်းအဖြစ်၊
* စကြဝတေးမင်းအဖြစ်

စသော ကောင်းကျိုးချမ်းသာအဝဝတို့ကို ပေးနိုင်ပါသည်။ နောက်ဆုံး ငြိမ်းအေးချမ်းသာရာ နိဗ္ဗာန်အကျိုးအထိ ပေးနိုင်ပါသည်။

ဓမ္မပဒတွင် ဘုရားရှင်ဟောကြားခဲ့သော ဤတရား

သဘောများကို အမြဲနှလုံးသွင်း ဆင်ခြင်ထားရန် လိုအပ်ပါသည်။

မိမိသည် မိမိဘဝကို ဓမ္မပဒတွင် ဘုရားရှင်ဟောကြားခဲ့သော ဤတရားသဘောများကို မိမိသည် မိမိဘဝတွင် အမြဲနှလုံးသွင်း ဆင်ခြင်ထားရန် လိုအပ်ပါသည်။

အိမ်ကိုကောင်းစွာ မိုးထားအပ်သည်ရှိသော် မိုးရေသည် မဖောက်ဝင်နိုင်သကဲ့သို့ မိမိစိတ်ကို သမထ၊ ဝိပဿနာတို့ဖြင့် ကောင်းစွာပွားများနေအပ်သည်ရှိသော် ကာမဝိတက်စသော လောဘ၊ ဒေါသ၊ မောဟတို့သည် မဖောက်ဝင်နိုင်ပါ။

* နွားရှင်တို့အား နွားတို့ကို ရေတွက်အပ်နှံလိုက်ရသော နွားကျောင်းသားသည် နွားနို့အရသာကို မခံစားရသကဲ့သို့ ဘုရားဟောကြားခဲ့သော တရားတော်များသည် များစွာရှိသော်လည်း မကျင့်ကြံဘဲ မေ့လျော့နေသော သူသည် မဂ်ဖိုလ်အရသာကို မခံစားနိုင်ပေ။

* လူနတ်နိဗ္ဗာန် သုံးတန်သော ချမ်းသာကို ဘယ်မိဘဆွေမျိုးမှ မပေးနိုင်ပါ။ ကောင်းစွာကျင့်ကြံပွားများအပ်သော မိမိ၏စိတ်ကသာလျှင် ပေးနိုင်ပါသည်။

* သူတစ်ပါး၏ အပြစ်ကို မကြည့်ပါနှင့်၊ မိမိ၏အပြစ်ကိုသာ ရှုကြည့်ပါ။

* ပန်း၏အနံ့သည် လေညာသို့မသွား၊ သူတော်ကောင်း တို့၏ ကောင်းသတင်းသီလဂုဏ်များသည် အရပ်ဆယ်မျက်နှာသို့ ပျံ့နှံ့သည်။

* အိပ်မပျော်သောသူအား ညဉ့်တာရှည်သည်။ ခရီးပမ်းသောသူအား တစ်ယူဇနာခရီးသည် ရှည်လျားသကဲ့သို့ သူတော်ကောင်းတရားကို မသိသောသူသည် သံသရာရှည်လျားလှပါသည်။

* မိုက်သောသူသည် မိမိမိုက်သည့်အပြစ်ကို သိလာပါက ပညာရှိဖြစ်နိုင်သေးသည်။ မိုက်သောသူသည် ငါပညာရှိဟု ထင်မှတ်နေလျှင် ထိုသူသည် လူမိုက်အစစ်ဖြစ်ပါသည်။

* ယောက်မသည် ဟင်းအရသာကို မသိသကဲ့သို့ အသက်ရှင်သမျှ ပညာရှိနှင့်အတူနေသော်လည်း မစုံစမ်း၊ မလေ့လာသောလူမိုက်သည် သူတော်ကောင်း တရားကို မသိနိုင်ပါ။

* လျှာသည် ဟင်းအရသာကို သိသကဲ့သို့ သိကြားလိမ္မာသောသူသည် တစ်နေ့တာမျှ ပညာရှိနှင့်နေရသော်လည်း သူတော်ကောင်းတရားကို လျင်မြန်စွာ သိသည်။

* အနာမရှိသောလက်ဖြင့် အဆိပ်ကိုကိုင်လျှင် အဆိပ်

မတက်နိုင်သကဲ့သို့ စေတနာမရှိဘဲ မကောင်းမှုပြု မိသော် အကုသိုလ် မဖြစ်နိုင်ပါ။

* မကောင်းမှုပြုသောသူအတွက် ပုန်းကွယ်ရာနေရာ မရှိနိုင်ပါ။ မကောင်းကျိုးအတွက် ပုန်းကွယ်ရာ တော၊ တောင်၊ သမုဒ္ဒရာ၊ ကောင်းကင်မရှိပါ။

* အလုံးစုံသော သတ္တဝါတို့သည် သေခြင်း၊ ဒဏ်တပ် ခြင်းမှ ကြောက်တတ်သည်။ မိမိကိုယ်ကို ဥပမာပြု ၍ သတ္တဝါတို့ကို မညှဉ်းဆဲ၊ မသက်ဖြတ်ရာ။

* ရှေးဦးစွာ မိမိကိုယ်ကို ကောင်းသောအကျင့်၌ တည် မြဲမှ သူတစ်ပါးကို ဆုံးမရာ၏။

* ကျောက်မှဖြစ်သောစိန်သည် မိမိမှီရာ ကျောက်ကို ထွင်းဖောက်ဖျက်ဆီးသကဲ့သို့ မိမိမှဖြစ်သော မိမိ ကြောင့်ဖြစ်သော မကောင်းမှုသည် မိမိဖြစ်ရာ သူမိုက်ကို ဖျက်ဆီးသည်။

* မာလောနွယ်သည် မိမိမှီရာသစ်ပင်ကို လွှမ်းမိုးရစ် ပတ်ဖျက်ဆီးသကဲ့သို့ တဏှာလွှမ်းမိုးခံရသောသူ တို့သည် မိမိကိုယ်ကို မိမိဖျက်ဆီးတတ်ပါသည်။

* အနိုင်ရသူသည် ရန်ကိုပွား၏။ ရှုံးသူသည် ဆင်းရဲစွာ နေရ၏။ ကိလေသာငြိမ်းသူသည် အနိုင်အရှုံးကို

စွန့်၍ ချမ်းသာစွာ နေရသည်။

* လောက၌ ရာဂနှင့်တူသောမီးမရှိ (ရာဂမီးသည် အပူဆုံး)။ဒေါသနှင့်တူသောအပြစ်မရှိပါ (ဒေါသသည် အပြစ်အကြီးဆုံး)။

* ခန္ဓာနှင့်တူသော ဆင်းရဲမရှိ (ခန္ဓာသည် အဆင်းရဲဆုံး)။

* နိဗ္ဗာန်နှင့်တူသော ချမ်းသာမရှိ (နိဗ္ဗာန်သည် အချမ်းသာဆုံး)။

* အနာရောဂါကင်းခြင်းသည် အလွန်ကဲဆုံးသော လာဘ်ကြီးဖြစ်၏။

* ရောင့်ရဲမှုသည် အလွန်ကဲဆုံးသော ဥစ္စာဖြစ်၏။

* ချစ်ကျွမ်းဝင်သူသည် အလွန်ကဲဆုံးသော ဆွေမျိုးဖြစ်သည်။

* နိဗ္ဗာန်သည် အလွန်ကဲဆုံးသော ချမ်းသာဖြစ်သည်။

* ချစ်သောသူနှင့်လည်း မပေါင်းသင်း၊ မုန်းသောသူနှင့်လည်း တစ်ရံတစ်ဆစ်မှ မပေါင်းသင်း၊ ချစ်သောသူနှင့် ကွေကွင်းက ဆင်းရဲရ၏။ မုန်းသောသူနှင့် တွေ့ က ဆင်းရဲရ၏။

* အမျက်ထွက်သောသူကို မေတ္တာတရားဖြင့် အောင်

နိုင်ရာ၏။

* မကောင်းသောစိတ်ထားရှိသူကို ကောင်းသောစိတ်ထားဖြင့် အောင်နိုင်ရာ၏။
* မဟုတ်မမှန်ပြောဆိုသူကို ဟုတ်မှန်စွာပြောဆိုခြင်းဖြင့် အောင်နိုင်ရာ၏။
* ကြာမြင့်စွာခွဲခွာ၍ ရပ်ဝေးမှ ချမ်းသာစွာပြန်ရောက်လာသူကိုမြင်၍ ဆွေမျိုးမိတ်ဆွေ ချစ်ကျွမ်းဝင်သူတို့ နှစ်သက်ဝမ်းမြောက်ကုန်သကဲ့သို့ ဤဘဝမှ တမလွန်ဘဝသို့ သွားသော၊ ပြုပြီးသော ကောင်းမှုရှိသော သူတို့ကို ကောင်းမှုတို့က ကြိုဆိုနေပါသည်။
* မှန်ကန်သောစကားကို ပြောဆိုပါ။ အမျက်မထွက်ရာ၊ တောင်းခံသူရှိက အနည်းငယ်မျှကိုလည်း ပေးလှူရာ၏။ ဤအကြောင်းသုံးပါးဖြင့် နတ်ပြည်သို့ ရောက်ရသည်။
* ကဲ့ရဲ့ခြင်းမှ လွတ်သောသူဟူ၍ မရှိပါ။ လုံးဝအကဲ့ ရဲ့မခံရသူ၊ လုံးဝအချီးမွမ်းခံရသူဟူ၍ ရှေးကလည်း မရှိ၊ ယခုလည်း ရှိမည်မဟုတ်ပါ။ နောင်လည်း ရှိ မည်မဟုတ်ပါ။ ကဲ့ရဲ့မှုသည် အစဉ်အလာသဘော သာတည်း။

* သံကိုသံချေးဖျက်သကဲ့သို့ မိမိဘဝကို မိမိပြုသော မကောင်းမှုကသာ ဖျက်ဆီးပါသည်။

* သူတစ်ပါးအပြစ်ကို မြင်လွယ်၏။ မိမိအပြစ်ကိုကား မြင်နိုင်ခဲ၏။

* သူတစ်ပါးအပြစ်ကို ကဲ့ရဲ့တက်သူ၌ အာသဝေါ တရားတို့သည် တိုးပွားကုန်၏။

* ဘုရားရှင်တို့သည် လမ်းမှန်ကို ညွှန်ကြားရုံမျှသာ တက်နိုင်သည်။ လူတို့သည် နတ်ရွာနိဗ္ဗာန်ကို ကိုယ်တိုင်အားထုတ်ယူရသည်။

* ကြီးကျယ်ပြန့်ပြောသော ချမ်းသာကိုဖြစ်သော ပညာရှိသည် အနည်းငယ်သော ချမ်းသာကို စွန့်လွှတ်နိုင်ရသည်။

* မိမိကိုယ်ကိုမိမိ အပြတ်စစ်ဆေးသောသူသည် ချမ်းသာစွာနေရသည်။

* မိမိသာလျှင် မိမိကိုးကွယ်ရာရှိသည်။ တစ်ပါးသူသည် ကိုးကွယ်ရာမဟုတ်ပါ။

* ရန်သူသည် ရန်သူကိုမြင်၍ လွှတ်နိုင်၏။ ဆုံးမခြင်းမရှိသောစိတ်သည် ထိုထက်ပင် ယုတ်မာအောင်ပြုနိုင်သည်။

* အရပ်ဆယ်မျက်နှာကို ရှာဖွေကြည့်ပါက မိမိထက် ချစ်သောသူ မည်သည်မရှိ။ ထို့ကြောင့် မိမိအကျိုးစီးပွားကို လိုလားသူသည် သူတစ်ပါးကို မညှဉ်းဆဲရပါ။

* သူယုတ်မာသည် မကောင်းသောအမှုကို ပြုလွယ်၏။ ကောင်းသောအမှုကို ပြုနိုင်ခဲ၏။

* ပိုးဖလံသည် ဆီမီးထဲတိုးဝင်ကာ ပျက်စီးရသကဲ့သို့ လူမိုက်သည် လောဘ၊ ဒေါသ၊ မောဟစသော (၁၁) ပါးသောမီးတွင်းသို့ ကျရောက်၍ ပျက်စီးရသည်။

* လောက၌ အလုံးစုံသော ဆင်းရဲခြင်းတို့သည် ချစ်ခင်တွယ်တာခြင်းကြောင့် ဖြစ်ရသည်။

* သွားနေသောရထား၌ နားပန်းစောင့်သည် ရထားဘီးကို ထိန်းဖွဲ့ထားသကဲ့သို့ သတ္တဝါတို့ကို မိမိတို့ပြုသောကံက ထိန်းဖွဲ့ထားသည်။

* မကောင်းသောစကားသည် ဓားနှင့်တူသည်။ လူမိုက်သည် မကောင်းသောစကားဖြင့် မိမိကိုယ်ကို သတ်ဖြတ်သည်။

* မိမိဆည်းပူးပြုလုပ်ခဲ့သော ကုသိုလ်ကံ၊ အကုသိုလ်

ကံများသည် မိမိထံသို့သာ ပြန်လာသည်။

* ရေမရှိသောအိုးသည် အသံမြည်သည်။ ရေပြည့်သော အိုးသည် အသံမမည်သကဲ့သို့ လူမိုက်သည် ရေမပြည့်အိုးနှင့်တူ၍ ပညာရှိသည် ရေပြည့်အိုးနှင့်တူသည်။

* လောက၌ ဆင်းရဲဟူသမျှသည် မိမိတို့ပြုခဲ့သော အကုသိုလ်ကံကြောင့် ဖြစ်နေရသည်။ ထိုသည်ကို အစဉ်သတိပြု၍ မိမိကိုယ်ကို ဆင်ခြင်စဉ်းစား ဆောင်ရွက်ရာ၏။

အသိအလိမ္မာဉာဏ်ပညာရှိသော သူတို့သည် ဤသဘော တရားများကို အလေးအနက်ထား စဉ်းစားမိပြီး မိမိတို့၏ဘဝ တိုးတက်ရေး၊ ချမ်းသာရေး၊ တမလွန်ဘဝ ချမ်းသာရေး၊ နောက်ဆုံး သံသရာမှလွတ်မြောက်ရေးတို့ကို ကြိုးစားဆောင်ရွက်လုပ်ကိုင်ရမည်သာ ဖြစ်ပါသည်။

## ဓမ္မအလင်းရောင် ထွန်းလင်းနေချိန်ဖြစ်သည်

ကမ္ဘာဦးလူသားတို့ တောင့်တမှုကြောင့် အမိုက်မှောင်ကို ဖြိုခွင်းပြီး အလင်းရောင်ကို ပေးဆောင်နိုင်သော နေမင်း၊ လမင်း တို့သည် သတ္တဝါတို့အကျိုးအတွက် ကမ္ဘာဦးအစ၌ ပေါ်ထွန်း ခဲ့ရပါသည်။

သို့သော် ထိုလူသားသတ္တဝါတို့သည် ထိုအလင်းရောင်များ အောက်ဝယ်–

* ကိလေသာရာဂစသည်တို့ဖြင့် ထုထပ်ပေါ်များကာ ကျက်စားသွားလာနေကြသည်။
* မောဟအဝိဇ္ဇာ အကုသိုလ်အမိုက်ဖြင့် ဖုံးလွှမ်းနေကြသည်။

* မကောင်းသော ဒုစရိုက်တရားတို့ကို မိုက်မှားပျော်ပါးလိုက်စားနေကြသည်။

* ကာမောဃစသော ဝဲသြဃတရားလေးပါး၌ တဖွားဖွား နစ်မွန်းပျော်ပါးလျက်ရှိနေကြသည်။

နေရောင်၊ လရောင်သာရှိပြီး ဓမ္မတည်းဟူသော အလင်းရောင် မရှိကြသဖြင့် လူတို့သည် သူ့အသက်သတ်ခြင်း၊ သူတစ်ပါးဥစ္စာခိုးယူခြင်း၊ သူ့သားမယားအိမ်ရာ ပြစ်မှားခြင်း၊ လိမ် ညာပြောဆိုခြင်း၊ သေရည်သောက်စားခြင်းဟူသော အလေး အမြတ်ပြုအပ်သောတရား(ဂရုဓမ္မ)၊ လောကကို စောင့်ရှောက် သော လောကပါလတရားတို့ကို အလေး အနက်ထား ကျင့်သုံး ရမှန်းမသိဖြစ်ခဲ့ကြရသည်။

ကာလကပ် ဆုတ်ကပ်ကာလ လူတို့သက်တမ်း ၁၀၀ ၌ ဂေါတမဘုရားရှင်သည် လောကရှိ သတ္တဝါအားလုံးတို့အကျိုးအတွက် ဓမ္မအလင်းရောင်ပေးရန် ပေါ်ထွန်းခဲ့သည်။

ဂေါတမဘုရားရှင်သည်ပင်လျှင် ဘုရားဖြစ်ကာစ လောကကိုကြည့်မိသောအခါ လောကရှိ သတ္တဝါအားလုံးတို့သည် ကိလေသာအမိုက်တိုက်၊ အဝိဇ္ဇာအမိုက်တိုက်ဖြင့် ဖုံးလွှမ်းနေသည်ကို မြင်တော်မူ၍ *အန္ဓီဘူတောအယံလောကော* အစရှိသည်ဖြင့် ဤသုံးဆယ့်တစ်ဘုံအတွင်းရှိ သတ္တဝါအများတို့သည် အမိုက်တိုက်အတိသာဖြစ်သောကြောင့် ငါဘုရား တရားဟော

သော်လည်း မောရုံသာရှိမည်ဟု စိတ်နှလုံးပိုက်၍ စိတ်ညွှတ်တော်မူခဲ့လေသည်။

ထိုအခါ သဟမ္ပတိဗြဟ္မာကြီးသည် ဘုရားရှင်၏ စိတ်အလိုကိုသိ၍ 'အိုအချင်းတို့ လောကကြီး ပျက်စီးတော့မည်ပါတကား'ဟု နှလုံးမသာမယာစွာဖြင့် ကျူးရင့်မိလေသည်။

ထို့နောက် သဟမ္ပတိဗြဟ္မာကြီးသည် ဘုရားရှင်ထံသို့ ချဉ်းကပ်ပြီးလျှင်–

"ဘုန်းတော်ကြီးသော မြတ်စွာဘုရား၊ အရှင်ဘုရားသည် ဒီပင်္ကရာဘုရားရှင်၏ ခြေတော်ရင်း၌ နိယတဗျာဒိတ်ကို ခံယူတော်မူစဉ်အခါက–

* ငါသည် သံသရာမှကူးမြောက်သည်ရှိသော် ဝေနေယျသတ္တဝါအပေါင်းတို့ကိုလည်း သံသရာမှ ယွတ်စေအံ့၊

* ငါသည် ကိလေသာအနှောင်အဖွဲ့မှ လွတ်မြောက်သည်ရှိသော် ဝေနေယျသတ္တဝါအပေါင်းတို့ကိုလည်း ကိလေသာအနှောင်အဖွဲ့မှ လွတ်စေအံ့။

* ငါသည် သစ္စာလေးပါး မြတ်တရားကိုသိသည်ရှိသော် ဝေနေယျသတ္တဝါအပေါင်းတို့ကိုလည်း သစ္စာလေးပါး မြတ်တရားကို သိစေအံ့။

ဟု သုံးတန်သော ဥဒါန်းကို ကျူးရင့်ခဲ့သည့်အတိုင်း ယခု အခါ မြတ်စွာဘုရားသည် ဝေနေယျအပေါင်းတို့အား ငဲ့ညှာ သနား၍ သံသရာမှ ကူးမြောက်နိုင်စေရန် သစ္စာလေးပါး မြတ် တရားကို ပိုင်းခြားသိမြင်အောင် ဟောကြားတော်မူပါဘုရား၊ လောကဝယ် ကျွတ်ထိုက်သောသူ အနည်းငယ်ရှိပါသေးသည်။ မြတ်စွာဘုရား တရားတော်ကို ဟောကြားခြင်းမပြုပါက ထို သတ္တဝါများ ဆုံးရှုံးပျက်စီးပါ လိမ့်မည်ဘုရား၊ သို့ဖြစ်ပါ၍ တရား တော်ကို ဟောကြားတော်မူပါဘုရား”

ဟု တောင်းပန်လျှောက်ထားလေသည်။

ထိုအချိန်မှစ၍ ဘုရားရှင်သည် တရားတော်ကို ဟောရန် စိတ်ညွတ်ပြီး ပဉ္စဝဂ္ဂီတို့အား တရားဦးဓမ္မစကြာကို စတင်ဟော ကြားခဲ့ပါသည်။ ထိုအချိန်မှစ၍ ဤလောကဝယ် ဘုရားရတနာ ပေါ်ခဲ့သလို၊ တရားရတနာ၊ သံဃာရတနာများ ဆက်တိုက်ဖြစ် ပေါ်ခဲ့ပါသည်။

မြတ်စွာဘုရားရှင်သည် ကျွတ်ထိုက်သော ဝေနေယျ သတ္တဝါတို့ကို ရွေးချယ်၍ တရားဟောကြားခဲ့သလို ကျန်သော သတ္တဝါတို့ ကောင်းကျိုးချမ်းသာအတွက် အဆက်ဆက် ကောင်း ကျိုးတ ..ားများ ဖြစ်ထွန်းစေရန်အတွက် ပင်ပန်းမှု၊ ဆင်းရဲမှုကို ပဓာနမထားဘဲ မလျော့သော ဆန္ဒ၊ ဝီရိယတို့ဖြင့် ၄၅ ဝါပတ် လုံး မနားမနေ ဓမ္မအလင်းရောင်တို့ဖြင့် ဖြန့်ဝေပေးခဲ့သည်။

ထွန်းလင်းတောက်ပစေခဲ့ပါသည်။

ထိုဓမ္မအလင်းရောင်ကြောင့် လောကသတ္တဝါအားလုံးတို့သည် ထိုတရားများကို သိရှိနားလည် ကျင့်ကြံအားထုတ်ကြပြီးလျှင် ပစ္စုပ္ပန် ကိုယ်၏ချမ်းသာခြင်း စိတ်၏ချမ်းသာခြင်းကို ရရှိခံစားနိုင်ကြသလို တမလွန်ဘဝ ကောင်းကျိုးချမ်းသာ အဖြာဖြာနှင့်ပြည့်စုံစွာ ခံစားကြရပြီး နောက်ဆုံး ငြိမ်းအေးရာ မြတ်နိဗ္ဗာန်သို့ မျက်မှောက်ပြုနိုင်ခဲ့ကြပါသည်။

သို့သော် ယနေ့လူတို့သက်တမ်း ဆုတ်ကပ်ကာလ(လူတို့၏သက်တမ်းအနှစ် ၁၀၀ ပြည့်လျှင် တစ်နှစ်ဆုတ်ယုတ်သည်၊ ဘုရားပွင့်ချိန်က လူ့သက်တမ်း ၁၀၀ အထိဖြစ်သည်။ ယခုဘုရားရှင် ပရိနိဗ္ဗာန်စံဝင်သည်မှာ ၂၅၄၅ နှစ်ရှိပြီးဖြစ်၍ လူတို့သက်တမ်း ၂၅ နှစ်ကျော် ဆုတ်ယုတ်ခဲ့ပြီးဖြစ်သဖြင့် လူတို့၏သက်တမ်းသည် ၇၅ နှစ်မျှသာ ရှိတော့သည်)ဟု ဆိုပါသည်။ လူသားတို့သည် မိမိတို့ဘဝရပ်တည်နိုင်ရေးအတွက် လောကပါလတရားဖြစ်သော မကောင်းမှုပြုရမှာကို ရှက်ခြင်း၊ မကောင်းမှုပြုရမှာကို ကြောက်ခြင်းဟူသော (ဟိရိဩတ္တပ) တရားနှစ်ပါးကို အလေးထား စောင့်ရှောက်မှု နည်းပါးလာကြပါသည်။

ဤသို့ နည်းပါးလာလေလေ မကောင်းမှုပြုလုပ်မှုတွေများလေလေဖြစ်ပြီး လူတို့၏ သက်တမ်းများကလည်း ဆုတ်

သည်ထက် ဆုတ်လေလေ ဖြစ်လာပါသည်။

ယခုအချိန်အခါတွင် ဘုရားရှင် ဟောကြားခဲ့သော (ဝါ) နည်းပေးလမ်းညွှန်ခဲ့သော ဓမ္မနည်းလမ်း(ဝါ) ဓမ္မအလင်းရောင်များသည် ထွန်းလင်းတောက်ပနေဆဲ ဖြစ်ပါသည်။

ထိုထွန်းလင်းနေသော ဓမ္မအလင်းရောင်အောက်ဝယ် လူသားတိုင်းသည် အကာနှင့်ပင် ကြေနပ်နစ်သိမ့်မနေကြဘဲ ဓမ္မ အနှစ်ကို ရရန်ကြိုးစားအားထုတ်ဆောင်ရွက်ကြရန် သင့်ပါသည်။

## အနှစ်သာရကိုရရှိရန် နည်းလမ်းမှန်

သတ္တဝါမှန်သမျှ ခန္ဓာကိုယ်ရလာလျှင် ကိုယ်ဆင်းရဲခြင်းနှင့် စိတ်ဆင်းရဲခြင်းဆိုသည်မှာ ရလာမည်မှာ သေချာလှပါသည်။

* ခန္ဓာကိုယ်ထဲက သူ့အလိုလို နာကျင်ကိုက်ခဲပြီး အခံ ရခက်သော ဆင်းရဲ။
* သူတစ်ပါးက ရိုက်နှက်ပုတ်ခတ်၍ ခံရသောဆင်းရဲ။
* နေပူမိုးပူလောင်ခံရ၍ ရသောဆင်းရဲ။
* ဖြစ်လေရာဘဝတိုင်း၌ အိုရ၊ နာရ၊ သေရခြင်းဟူသော သံသရာအပြစ်ဆင်းရဲ စသည်ဖြင့် ကိုယ်ဆင်းရဲ၊ စိတ်ဆင်းရဲများစွာရှိပါသည်။

* စိတ်ဆင်းရဲတွင်လည်း လင်သေမယားသေ၊ သားသေသမီးသေ သတင်းကြားလိုက်လျှင် ချက်ခြင်းစိတ်ဆင်းရဲသွားသည်(ဉာတိဗျသန)။

* ရန်သူမျိုးငါးပါးကြောင့် ပစ္စည်းများ ဆုံးရှုံးပျက်စီးသံကြားရလျှင်ဖြစ်စေ၊ ကိုယ်တိုင်တွေ့လျှင်ဖြစ်စေ၊ အကြီးအကျယ် ဆင်းရဲရသည်(ဘောဂဗျသန)။

* မကျန်းမာ၍ ရောဂါတွေ့ရလာလျှင် စိတ်ဆင်းရဲရသည်(ရောဂဗျသန)။

* အကျင့်သီလ ပျက်စီးခြင်းကြောင့် စိတ်ဆင်းရဲရသည်။ အထူးသဖြင့် သီလကို အမြဲမပြတ် ထိန်းရသော ရဟန်းများ သီလပျက်စီးလျှင် အကြီးအကျယ်စိတ်ဆင်းရဲရပါသည်(သီလဗျသန)။

* ယခင်က မကောင်းမှု၊ ကောင်းမှုအလုပ်နှင့် အလုပ်၏ အကျိုးကို ယုံကြည်ခဲ့သည်။ နောက် ဘဝကူးပြောင်းသည့် သေခါနီးကာလဝယ် ဂတိနိမိတ်ဆိုးများ အာရုံထင်လာသောအခါ အယူမှားမှန်းသိ၍ အကြီးအကျယ်စိတ်ဆင်းရဲရသည်။ ငရဲရောက်၊ ပြိတ္တာဘဝရောက်၍ အယူမှားမှန်းသိပြီး ပို၍ပင် စိတ်ဆင်းရဲကြရသည်။

ဘုရားရှင်လက်ထက်က ခွေးအကျင့်၊ နွားအကျင့် ကျင့်နေ

သူတစ်ဦးကို ဘုရားရှင်က ယင်းအကျင့်ကြောင့် ခွေး၊ နွားဖြစ်တတ်သည်၊ ငရဲတိရစ္ဆာန်ဘဝ ရောက်တတ်သည်ဟု ဟောကြားရာ ဘုရားရှင်၏စကားကို ကြားရ၍ အယူမှားလာသည်ကို သတိ သံဝေဂရပြီး ငိုယိုခဲ့ရသည်အထိ စိတ်ဆင်းရဲခဲ့ရသည်။

ကချေသည်တစ်ဦးသည် မိမိ၏ကပြဖျော်ဖြေမှုကြောင့် ပဟာသခေါ်သော နတ်ပြည်သို့ ရောက်သည်ဟု ယုံကြည်ခဲ့သည်။ ပဟာသဆိုသည်မှာ နတ်ပြည်မဟုတ်၊ ငရဲပြည်သာဖြစ်သည်ဟု ဘုရားရှင်က ဟောပြသောအခါ အယူမှားခဲ့သည်ကို သိရပြီး စိတ်ဆင်းရဲခဲ့ရသည်(ဒိဋ္ဌိဗျသန)။

လောကတွင် သတ္တဝါအများတို့သည် စိုးရိမ်ပူဆွေးရခြင်း၊ ငိုကြွေးရခြင်းတို့ကို အလိုမရှိကြဘဲလျက် နေ့စဉ်ကြုံတွေ့နေရပြီး ကိုယ်ဆင်းရဲခြင်း၊ စိတ်ဆင်းရဲခြင်း စိုးရိမ်ပူဆွေးသောကတွေ ဖြစ်နေကြရသည်။

အချို့သည် ထိုသို့ တွေ့လာသည်ကို ပျောက်အောင်တလွဲဆံပင်ကောင်းပြီး သိုက်ဆရာ၊ ဥဳဖွဆရာ၊ ပယောဂဆရာ၊အထက်လမ်းဆရာ၊ နတ်၊ ဗေဒင် စသည်တို့ကို အားကိုးတကြီးပြုလုပ်ပြီး ကိုးကွယ်နေကြသည်။ ယတြာတွေဆောင်နေကြသည်။ အဆောင်တွေ၊ အခံတွေတောင်း၍ ဆောင်နေကြသည်။

ဤကိုယ်ဆင်းရဲ၊ စိတ်ဆင်းရဲမှုများသည် မိမိတို့ခန္ဓာပေါ်တွင် ဖြစ်ပေါ်နေသော ကာယကံမကောင်းမှုဟူသော ကိုယ်

အညစ်အကြေး၊ ဝစီကံမကောင်းမှုဟူသော နှုတ်အညစ်အကြေး၊ စိတ်အကြံမကောင်းမှုဟူသော စိတ်အညစ်အကြေးများကြောင့် ဖြစ်ပါသည်။

ယနေ့ကာလတွင် လူများစွာတို့သည် ရုပ်အညစ်အကြေးကို မိမိတို့ကိုယ်ပေါ်တွင်ဖြစ်ပေါ်နေသော ချွေးများ၊ ချေးညှော်များသာ ဖြစ်သည်ဟုထင်ပြီး ထိုအညစ်အကြေးများကင်းစင်အောင် ရေချိုး၊ ဆပ်ပြာတိုက်၊ ပေါင်ဒါ၊ နံ့သာလိမ်းခြင်းဖြင့် စင်ကြယ်အောင် ပြုလုပ်နေကြသည်။

ဤရုပ်အညစ်အကြေးကင်းရုံမျှဖြင့် အပါယ်ဆင်းရဲ၊ အိုခြင်း၊ နာခြင်း၊ သေခြင်းစသော သံသရာဝဋ်ဆင်းရဲမှ မလွတ်မြောက်နိုင်ပါ။ လူချမ်းသာ၊ နတ်ချမ်းသာလည်း မရနိုင်ပါ။ နိဗ္ဗာန်ဆိုသည်ကား ပို၍ပင် ဝေးပါမည်။

မိမိတို့ ကိုယ်စိတ်ထဲတွင်ရှိနေသော လောဘ၊ ဒေါသစသော စိတ်အညစ်အကြေးများ စင်ကြယ်မှသာလျှင် အပါယ်ဆင်းရဲ၊ သံသရာဆင်းရဲမှ လွတ်မြောက်ပြီး နောက်ဆုံး နိဗ္ဗာန်ချမ်းသာကို ရောက်နိုင်ပါသည်။

ဤသို့ စိတ်စင်ကြယ်အောင် အားထုတ်ရန်နည်းလမ်းမှန်ကိုရအောင် ကြိုးစားရှာဖွေပြီး ကျင့်ကြံအားထုတ်နိုင်ရန် လိုအပ်ပါသည်။ ဘုရားရှင်ကလည်း တရားအနှစ်သာရကို ရရှိအောင် ရှာဖွေကြရန် ဟောကြားထားခဲ့ပါသည်။

ထိုတရားအနှစ်သာရကို ရှာကြံမှုနှင့်ပတ်သက်၍ ဘုရားရှင်က မူလပဏ္ဏာသ အသဿရောပသုတ်၌ သစ်ပင်ဥပမာထား၍ အရွက်၊ အပွေး၊ အခေါက်၊ အကာ၊ အနှစ်ဟူ၍ ဟောကြားခဲ့ပါသည်။

သစ်ပင်၏အနှစ်ကို အလိုရှိသော ယောကျ်ားတစ်ဦးသည် သစ်တောကြီးအတွင်းသို့ ဝင်ရောက်သွားရာ သစ်ပင်ကြီး၏ အရွက်များကို အနှစ်ထင်၍ ခုတ်သွားသည်။ တစ်ယောက်သော ယောကျ်ားသည် အခေါက်ကို အနှစ်ထင်၍ ယူသွားသည်။ တစ် ယောက်သော ယောကျ်ားသည် အကာကို အနှစ်ထင်၍ ယူသွား သည်။

ထိုအတွက် အပွေး၊ အခေါက်၊ အကာတို့သည် လှည်းထွန်တုံးတွန်းသံ အစရှိသော ဝန်ဆောင်အလုပ်တို့၌ အကျိုးမပြီးချေ။

ဤဥပမာအတူ ဘုရားရှင်သာသနာတော်၌ ပစ္စည်းလေးပါးလာဘ်ပူဇော်သက္ကာရတို့သည် အရွက်နှင့်တူကြသည်။

* သီလကိုယ်ကျင့်တရားသည် အပွေးနှင့်တူသည်။
* ရူပဈာန်၊ အရူပဈာန်ဟူသော သမာပါတ်နှစ်ပါးသည် အခေါက်နှင့်တူသည်။
* လောကီအဘိညာဉ်ငါးပါးသည် အကာနှင့်တူသည်။
* မဂ်ဖိုလ်တရားငါးပါးသည် အနှစ်နှင့်တူသည်။

အနှစ်ကိုအလိုရှိ၍ အနှစ်ကိုရှာသောသူသည် အနှစ်ကို မရှာတတ်လျှင်၊ အနှစ်မှန်း မသိလျှင် အရွက်၊ အခေါက်၊ အပွေး၊ အကာကိုသာ အနှစ်ထင်၍ ယူဆောင်သွားသကဲ့သို့ပင် ဘုရားရှင်၏ သာသနာတော်နှင့် ကြုံကြိုက်နေရသော်လည်း မည်သည့် တရားသည် တကယ်အစစ်အမှန် အနှစ်ဟု မသိသဖြင့်(ဝါ) သိ အောင်မကြိုးစားသဖြင့် အရွက်၊ အပွေး၊ အခေါက်နှင့်တူသော တရားများကိုသာ အားထုတ်လျက် ကျေနပ်နှစ်သိမ့်နေကြလေ သည်။

ဘုရားရှင်၏ သာသနာတော်ဝယ် ပစ္စည်းဥစ္စာ လာဘ် လာဘ ဂုဏ်ပကာသနတို့အပေါ်၌ ယစ်မူးမေ့လျော့နေသောသူ သည် ဆင်းရဲဖွယ်နေသူမည်ပါသည်။

သစ်သားအနှစ်ကိုရှာသူသည် သစ်ရွက်ကို အနှစ်ထင်၍ ယူသွားသကဲ့သို့ပင် ပစ္စည်း၊ လာဘ်လာဘ၊ ဂုဏ်ပကာသနကို အနှစ်ဟုထင်လျှင် တစ်ဘဝဆုံးရပေလိမ့်မည်။

အချို့ပုဂ္ဂိုလ်တို့သည် ပစ္စည်းဂုဏ်ကို မမက်မော၊ မင်ဖိုလ် တည်းဟူသော အနှစ်သာရကို မမျှော်မှန်းဘဲ သီလကိုစောင့်ထိန်း ပြီး သီလစင်ကြယ်နေရုံမျှဖြင့် တင်းတိမ်နေကြသည်။

မိမိကိုယ်ကို သီလရှိသည်ဟုဆိုကာ သီလနှင့်ပြည့်စုံမှုကို သာအားရတင်းတိမ်လျက် အချိန်ကုန်သွားရသည်။

ဤသူကား သစ်သားအပွေးကို တကယ်အနှစ်ထင်ကာ

ခွာ ယူသွားသော ပုဂ္ဂိုလ်နှင့်တူသည်။

အချို့သောပုဂ္ဂိုလ်သည် ပစ္စည်းကိုလည်းမတွယ်တာ၊ သီလဖြည့်ကျင့်ရုံမျှနှင့်အားမရ၊ ဈာန်သမာပတ်ကိုရအောင် အားထုတ်မည်ဟု ကြိုးစား၏။ အားထုတ်သည့်အလျောက် ဈာန်သမာပတ်နှင့်ပြည့်စုံသည့်အခါ မိမိကိုယ်ကိုအထင်ကြီးပြီး တစ်ပါးသူကိုအထင်သေးလျက် ဈာန်သမာပတ်နှင့် ကျေနပ်နှစ်သက်နေလေသည်။ ထိုမျှနှင့် အသက်ဆုံးရလေသည်။ ထိုပုဂ္ဂိုလ်သည် သစ်ခေါက်ကို အနှစ်ထင်၍ ခွာယူသော ပုဂ္ဂိုလ်နှင့်တူပါသည်။

အချို့သောပုဂ္ဂိုလ်သည် လာဘ်လာဘကို ဂရုမစိုက်၊ သီလကိုဖြည့်ကျင့်၊ ဈာဉ်သမာပါတ်ကို အားထုတ်ရုံမျှနှင့်အားမရ အဘိညာဉ်ကိုရသည်အထိ အားထုတ်၏။ ရလည်းရ၏။

ရလာသည့်အခါ အဘိညာဉ်ကိုပင် အနှစ်သာရထင်ကာ ကျေနပ်နှစ်သက်နေ၏။ အဘိညာဉ်ဈာန်ကစားလျက် တက်လမ်းကို မရှာတော့၊ အဘိညာဉ်နှင့်သာ အဆုံးသတ်ရလေသည်။

ထိုပုဂ္ဂိုလ်ကား အကာကိုအနှစ်ထင်၍ သစ်ပင်၏အကာကို ခွာယူသူနှင့် တူပါသည်။

အချို့ပုဂ္ဂိုလ်သည်ကား လာဘ်လာဘ၊ သီလ၊ သမာဓိ အဘိညာဉ်တို့ကိုရရုံမျှဖြင့် ပြည့်စုံသည်မထင်၊ သံသရာဝဋ်ဆင်း

ရဲမှ လွတ်မြောက်ရေးကိုသာလျှင် မျှော်မှန်းလျက် မဂ်ဖိုလ်ကို သာ မရ ရအောင် ကြိုးစားအားထုတ်သည်။

မဂ်ဖိုလ်ကိုရမှသာ ကိစ္စပြီးပြီဟု စိတ်ချနိုင်သည်။

ထိုပုဂ္ဂိုလ်သည် အရွက်၊ အပွေး၊ အခွံ၊ အကာကိုမယူ၊ တကယ်အနှစ်ကိုသာ ရအောင်ယူသော ပုဂ္ဂိုလ်ဖြစ်ပါသည်။

သို့အတွက် ဗုဒ္ဓသာသနာနှင့် ဓမ္မအလင်းရောင် ထွန်းပ နေချိန်ဝယ် လူသားတို့သည် အကာနှင့်မကျေနပ်ကြဘဲ အနှစ်ကို ရအောင် ကြိုးစားအားထုတ်ကြရပါမည်။

ထိုသို့သော ကိုယ်စိတ်ဆင်းရဲမှုတွေ ပျောက်ပြီး ဓမ္မအနှစ် ကိုရအောင် ယူနိုင်သောနည်းလမ်းကို ဘုရားရှင်က လမ်းညွှန် ဟောကြားထားပေးခဲ့ပါသည်။

ထိုတရားသည်ကား အဘယ်နည်း၊ သတိပဋ္ဌာန်ကျင့်စဉ် ဟူသော-

* ရုပ်အပေါင်း ကိုယ်အမူအရာတွေဖြစ်တိုင်းဖြစ်တိုင်း ရှုမှတ်မှု(ကာယာနုပဿနာ)။
* အကောင်းအဆိုး ခံစားမှုဖြစ်တိုင်းဖြစ်တိုင်း ရှုမှတ်မှု (ဝေဒနာနုပဿနာ)။
* စိတ်ကူးကြံဆမှုတွေဖြစ်တိုင်း ရှုမှတ်မှု(စိတ္တာနုပဿ နာ)။

* သဘာဝသဘောတရားတွေ ဖြစ်တိုင်းဖြစ်တိုင်း ရှုမှတ်မှု(ဓမ္မာနုပဿနာ)

ဟူသော သတိပဋ္ဌာန်လေးပါးကို ကျင့်ကြံအားထုတ်ရန် ဖြစ်ပါသည်။

ယင်းသတိပဋ္ဌာန်လေးပါးသည် မှတ်သိ၍ရသော အာရုံလေးပါးနှင့် ခွဲခြားပြထားခြင်းဖြစ်ပါသည်။ တရားကိုယ်အားဖြင့် 'ရှုမှတ်မှု'တစ်ပါးတည်းသာ ဖြစ်ပါသည်။

* ကိုယ်အမူအရာဖြစ်ရင်း ရှုမှတ်သည်။

* ဝေဒနာဖြစ်ရင်း ရှုမှတ်သည်။

* စိတ်အမူအရာ စိတ်ကူးကြံစည်မှုဖြစ်ရင်း ရှုမှတ်သည်။

* နှစ်သက်မှု၊ စိတ်ဆိုးမှုစသည်ဖြစ်မှု၊ပျက်မှုစသည် သဘောတရားတွေဖြစ်ရင်း ရှုမှတ်သည်။

ဤသို့ ရှုမှတ်နေမှု တစ်ပါးသာဖြစ်ပါသည်။ ယင်းကို အပ္ပမာဒ(မမေ့သင့်သော သတိတရား)ဟု ဆိုပါသည်။

လောကတွင် သတ္တဝါများမှာ ကိလေသာဆိုသော စိတ်အညစ်အကြေးတွေ စင်ကြယ်ရန်နှင့် တရားအနှစ်ကို ရရှိခံစားနိုင်ရန် ဤသတိပဋ္ဌာန်လမ်းသည် တစ်ခုတည်းသော လမ်းဖြစ်ပါသည်။

သတိပဋ္ဌာန်နည်းနည်းအားထုတ်လျှင် နည်းနည်းစင်ကြယ်ပါမည်။ များများအားထုတ်လျှင် များများစင်ကြယ်မည်။ အပြည့်အစုံအားထုတ်လျှင် အပြည့်အစုံစင်ကြယ်သွားပါမည်။ စိတ်အညစ်အကြေးများ စင်ကြယ်သောအဲဆင့်တွင်–

- * သောတာပတ္တိမဂ်ရောက်လျှင် စိတ်အညစ်အကြေးများ လေးပုံတစ်ပုံ ကင်းသွားပါမည်။ သက္ကာယဒိဋ္ဌိ၊ ဝိစိကိစ္ဆာနှင့် အပါယ်ကျနိုင်သော လောဘ၊ ဒေါသ၊ မောဟ စသော ကိလေသာအညစ်အကြေးများ ကင်းသွားပါမည်။
- * သကဒါဂါမိမဂ်ရောက်လျှင် ကိလေသာများ တစ်ဝက်ကင်းသွားပါမည်။ ကြမ်းတမ်းသော ကာမရာဂနှင့် ဗျာပါဒများ နောက်ထပ်ကင်းသွားပါမည်။
- * အနာဂါမိမဂ်ရောက်လျှင် ကိလေသာများ လေးပုံသုံးပုံ ကင်းသွားပါမည်။ ကာမရာဂနှင့် ဗျာပါဒများ အကြွင်းမဲ့ ကျွင်းသွားပါမည်။
- * အရဟတ္တမဂ်ရောက်လျှင် စိတ်အညစ်အကြေးကိလေသာများ အကုန်ကင်းစင်သွားပြီး ရဟန္တာဖြစ်သွားပါမည်။
- * ဤလောကတွင် ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ ရဟန္တာများ

သည် ဣသတိပဋ္ဌာန်လမ်းစဉ်ဖြင့်ပင် ကိလေသာ အညစ်အကြေးကင်းပြီး ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ ရဟန္တာ ဖြစ်ကြပါသည်။

ထို့ကြောင့် ကိုယ်စိတ်အညစ်အကြေးကင်းပြီး ကိုယ်စိတ်ချမ်းသာမှုကိုရရှိပြီး တရားအနှစ်ကို ရယူလိုကြသောသူတို့သည် ဣသတိပဋ္ဌာန်ကျင့်စဉ်လမ်းစဉ်မှန်ကို လိုက်နာကျင့်ကြံကြရန် လိုအပ်ပါသည်။

အခန်း (၂)

# အကာကိုချစ်၍အနှစ်ကို ခံစားရသူများ

## နတ်သမီးအကြာကိုလိုချင်သော နန္ဒမင်းသား

မယ်တော်မာယာမှ အလောင်းတော်သိဒ္ဓတ္ထမင်းသား ဖွား မြင်ပြီးနောက် သုံးရက်မြောက်တွင် မာယာဒေဝီ၏ညီမတော် မဟာပဇာပတိဂေါတမီမှ နန္ဒမင်းသားကို ဖွားမြင်ခဲ့လေသည်။

မြတ်စွာဘုရားရှင် ကပိလဝတ်ပြည်သို့ရောက်၍ သုံးရက် မြောက်သောနေ့တွင် ခမည်းတော်သုဒ္ဓေါဓနမင်းကြီးသည် သားတော်နန္ဒမင်းသားအား–

* အိမ်ရှေ့မင်းဦးသျှောင်တော်ထုံးဖွဲ့ရန်အတွက် မင်း သားငယ်ကာလက ထုံးဖွဲ့ခဲ့သော ဦးသျှောင်ဆံထုံး ကို ဖြည်ခြင်းမင်္ဂလာ(ကေသဝိဿဇ္ဇနမင်္ဂလာ)။
* အိမ်ရှေ့မင်းဟူ၍ ကည်းတံဆိပ်ခပ်နှိပ်ထားသည့်

ရွှေပြာသင်းကျစ်တော်ကို နဖူး၌တပ်ဆင်ခြင်းမင်္ဂလာ(ပဋ္ဋဗဒ္ဓမင်္ဂလာ)။

* အိမ်ရှေ့စံနန်းတော်အပ်နှင်းပွဲမင်္ဂလာ (ဃရပ္ပဝေသနမင်္ဂလာ)။

* နမတော်ဇနပဒကလျာဏီနှင့် လပ်ထပ်ထိမ်းမြားခြင်းမင်္ဂလာ(အာဝါဟမင်္ဂလာ)။

* အိမ်ရှေ့ထီးဖြူတော်စိုက် အဆောင်အပ်နှင်းခြင်းမင်္ဂလာ(ဆတ္တုဿပနမင်္ဂလာ)။

ဤငါးပါးသော မင်္ဂလာတို့ကို ဆင်ယင်ကျင်းပပေးလေသည်။

ထိုကျင်းပပွဲသို့ ဘုရားရှင်အား ဆွမ်းဖိတ်ကြားထား၍ ဘုရားရှင်သည် နန်းတော်သို့ကြွ၍ ဆွမ်းဘုဉ်းပေးတော်မူသည်။ ဆွမ်းအနုမောဒနာတရား ဟောတော်မူသည်။

ထို့နောက် ညီတော်နန္ဒမင်းသားအား သပိတ်တော်ကိုယူစေ၍ ကျောင်းသို့ ပြန်ကြွရန် ပြင်ဆင်လေသည်။

ရွှေနန်းတော်ခန်းမဆောင်၌ပင် ဘုရားရှင်သည် မိမိ၏သပိတ်တော်ကို ကိုယ်တိုင်ယူသွားရန်ဖြစ်သော်လည်း နန္ဒမင်းသားကို သာသနာ့ဘောင်သို့ သွင်းလိုသော ဆန္ဒရှိတော်မူသဖြင့် နန္ဒမင်းသား၏လက်မှ သပိတ်တော်ကို မယူချေ။

နန္ဒမင်းသားသည် နောင်တော်ဘုရား၌ အလွန်ရိုသေလှသဖြင့် –

“နောင်တော်ဘုရား၊ နောင်တော်ဘုရား၏ သပိတ်တော်ကို ယူတော်မူပါဘုရား”

ဟူ၍ မလျှောက်ထားဝံ့ချေ။

ဘုရားရှင် နန်းဦးလှေကားသို့ရောက်လျှင် သပိတ်တော်ကို ယူလိမ့်မည်ဟု ကြံစည်အောက်မေ့ကာ သပိတ်တော်ကို ပွေ့ချီလျက်သား လိုက်ပါရလေသည်။

နန်းဦးလှေကားအောက်ရောက်လျှင် ယူလိမ့်နိုးထင်ပြန်သည်။ သို့သော် ဘုရားရှင်က မယူပြန်ချေ။

နန္ဒမင်းသားသည် ဟိုနေရာရောက်လျှင် ယူလိမ့်နိုး၊ ဒီနေရာရောက်လျှင် ယူလိမ့်နိုးဖြင့် မျှော်ကိုးရင်း လိုက်ပါရသည်။ ဘုရားရှင်အားလည်း သပိတ်တော်ကို ‘ယူပါ’ဟူ၍ မလျှောက်ထားဝံ့ချေ။

ထိုအချိန်တွင် ဇနပဒကလျာဏီ၏ ရံရွေတော်မောင်းမတို့သည် ထိုအခြင်းအရာကိုမြင်ကြ၍ မင်းသမီးထံသို့ သွားရောက်ကာ–

“အရှင်မ၊ ဘုရားရှင်သည် နန္ဒမင်းသားကို အရှင်မနှင့် ကွေကွင်းအောင် ခေါ်ဆောင်သွားလေပြီ”

ဟု ကမန်းကတန်း လျှောက်ထားကြသည်။

ထိုအချိန်တွင် ဇနပဒကလျာဏီသည် ခေါင်းလျှော်နေဆဲဖြစ်၍ ခေါင်းတွင် ခေါင်းလျှော်ရည်များ ယိုစီးနေသည်။ မင်းသမီးသည် ဆံပင်ရှိ ခေါင်းလျှော်ရည်ကို တစ်ဝက်တစ်ပျက်သိမ်းဆီးညှစ်ကာ အလျင်အမြန်ပင် လေသာပြတင်းပေါက်သို့ပြေးသွားပြီး-

"အို-အရှင်သား၊ လျင်မြန်စွာ ပြန်လာတော်မူခဲ့ပါ"ဟု လှမ်းပြောမှာကြားလိုက်လေသည်။

ဇနပဒကလျာဏီ၏ မှာကြားလိုက်သောစကားသည် နန္ဒမင်းသား၏ နှလုံးထဲဝယ် စွဲကျန်ရစ်ခဲ့လေသည်။

ဘုရားရှင်သည် နန္ဒမင်းသား၏လက်မှသပိတ်ကို ယူတော်မမူဘဲ ကျောင်းတော်အရောက် ခေါ်ဆောင်သွားလေသည်။

ကျောင်းတော်သို့ရောက်လျှင် ဘုရားရှင်က နန္ဒမင်းသားကို

"ရဟန်းပြုမည်လော"ဟု မေးမြန်းလေသည်။

နန္ဒမင်းသားသည် နောင်တော်ဘုရားရှင်အပေါ်၌ အလွန်ရိုသေလေးစားသဖြင့် ရဟန်းပြုလိုသောစိတ် မရှိသော်လည်း မပြုနိုင်ပါဟု မလျှောက်ထားဝံ့ဘဲ-

"ရဟန်းပြုပါမည်"

ဟု ဝန်ခံလျှောက်ထားလိုက်လေသည်။

ထိုအခါ ဘုရားရှင်သည် ရဟန်းများကိုခေါ်ကာ နန္ဒမင်းသားကို ရဟန်းပြုပေးရန် မိန့်ကြားသည်။ ရဟန်းများကလည်း နန္ဒမင်းသားကို ရဟန်းပြုပေးလိုက်ကြသည်။

အရှင်နန္ဒမထေရ်သည် ရဟန်းပြုခဲ့သော်လည်း နမတော် ဇနပဒကလျာဏီမှာလိုက်သော အိုအရှင့်သားတော် လျင်မြန်စွာ ပြန်လာခဲ့တော်မူခဲ့ပါဟူသောစကားကိုသာ အစဉ်အောက်မေ့ သတိရနေမိသည်။

ထိုသို့ သတိရနေသောအခါ ဇနပဒကလျာဏီသည် မိမိ အနား၌ လာရောက်ရပ်တည်နေသကဲ့သို့ထင်ကာ အရှင်နန္ဒ သည် သာသနာတော်၌ မပျော်မွေ့မှုဖြင့် နိပ်စက်သဖြင့် နိဂြောဓာရုံကျောင်းမှအပြင်သို့ အနည်းငယ်ရောက်အောင် ထွက်ပြေးမိလေသည်။

ချုံပုတ်တစ်ခုအကျော်တွင် ဘုရားရှင်သည် မိမိရှေ့၌ ရပ်တည်နေသကဲ့သို့ မြင်မိ၍ မီး၌ချအပ်သော ကြက်တောင်ပမာ တွန့်ဆုတ်၍ မိမိနေရာကျောင်းသို့ ပြန်ဝင်ရပြန်လေသည်။

"နန္ဒရဟန်းသည် အလွန်လျှင် မေ့မေ့လျော့လျော့နေဘိ၏၊ သာသနာတော်၌ မမွေ့လျော်ခြင်းကို ပယ်ဖျောက်ခြင်းငှာ မစွမ်းနိုင်ရှာ၊ ငါဘုရားသည် နန္ဒရဟန်း၏ ငြိမ်းချမ်းမှုရအောင်ပြုမှ သင့်တော်မည်"

မြတ်စွာဘုရားရှင်သည် ဤသို့စဉ်းစားမိပြီးလျှင် နန္ဒရဟန်း

ကို ခေါ်တော်မူသည်။

"နန္ဒ လာလော့၊ နတ်ပြည်သို့ ခရီးလှည့်လည်သွားကြစို့"

"မြတ်စွာဘုရား၊ နတ်ပြည်သို့ တန်ခိုးရှင်များသာ သွားရောက်နိုင်သည်မဟုတ်ပါလော၊ တပည့်တော်က မည်သို့သွားပါမည်လဲဘုရား"

"ချစ်သား နန္ဒ၊ သင်သည် နတ်ပြည်သို့သွားလိုသောစိတ် သာရှိပါစေ၊ သင်သွားလိုသောစိတ်ရှိပါက နတ်ပြည်သို့သွား ရောက်၍ နတ်အာရုံတို့ကို သင်ချစ်သားမြင်ရပါလိမ့်မည်"

ဘုရားရှင်သည် နန္ဒရဟန်း၏သန္တာန်၌ ဖြစ်ပွားနေသောရာဂကို ဥပါယ်တမျဉ်ဖြင့် ငြိမ်းစေရန် ကြံစည်တော်မူ၍ နန္ဒမထေရ်၏လက်စုံကို ဆွဲကိုင်ခေါ်ဆောင်သွားသည်ပမာ မိမိ၏တန်ခိုးအစွမ်းဖြင့် တာဝတိံသာနတ်ပြည်ခရီးသို့ ခေါ်ဆောင်သွားလေသည်။

နတ်ပြည်သွား လမ်းခရီးကြား မီးလောင်ထားသော လယ်ကွင်းအတွင်း၌ မီးလောင်ထားသော သစ်ငုပ်တိုရှိ၍ နား၊ နှာခေါင်း၊ အမြီးများ မီးသင့်ထား၍ စုတ်ပြက်ကာ အလွန်ရွတ်တွအိုမင်းနေသော မျောက်အိုမတစ်ကောင်ကို ပြတော်မူသည်။

"ချစ်သားနန္ဒ၊ သင့်နှမတော်ဇနပဒကလျာဏီနှင့် ယခုမြင်တွေ့ရသော မျောက်အိုမ ဤသူနှစ်ယောက်တွင် အဘယ်သူ

သည် ပိုချောမောလှပပါသနည်း"ဟု မေးတော်မူသည်။

"မြတ်စွာဘုရား နမတော်ဇနပဒကလျာဏီအလှနှင့် မျောက်အိုမသည် နှိုင်းဖွယ်ပင် မရှိနိုင်ပါဘုရား"

ဟု စိတ်မသက်မသာခံစားပြီး ပြန်လည်လျှောက်ထားလေသည်။

မြတ်စွာဘုရားသည် မည်သို့မျှ မိန့်တော်မမူဘဲ ရှင်နန္ဒကို တာဝတိံသာနတ်ပြည်သို့ ဆက်လက်ခေါ်ဆောင်သွားလေသည်။

တာဝတိံသာနတ်ပြည်အရောက်တွင် သိကြားမင်းအား ယုယဖျော်ဖြေရန် လာရောက်ကြသော ခိုခြေသွေး နီတွေးသော ခြေရှိကြသည့် နတ်သမီးငါးရာတို့သည် ဘုရားရှင်အား ရှိခိုးရပ်တည်နေကြသည်ကို နန္ဒရဟန်းအား ပြသတော်မူသည်။

"နန္ဒ၊ သင်သည် ခိုခြေအဆင်းရှိသော ဤနတ်သမီးငါးရာတို့ကို မြင်၏လော"

"မြင်ပါသည် မြတ်စွာဘုရား"

"နန္ဒ၊ ယခုငါမေးမည့်မေးခွန်းကို သင်သဘောကျသလို ဖြေဆိုပါ၊ သာကီဝင်မင်းသမီး ဇနပဒကလျာဏီနှင့် ခိုခြေအဆင်းရှိကြသော ဤနတ်သမီးငါးရာတို့အနက် အဘယ်သူကပို၍ အဆင်းလှပါသနည်း၊ ပို၍ ရှုချင်စဖွယ်၊ နှစ်သက်စဖွယ်ရှိပါသနည်း"

"မြတ်စွာဘုရား၊ ဤနတ်သမီးငါးရာတို့နှင့်ထောက်ဆလျှင် သာကီဝင်မင်းသမီးဇနပဒကလျာဏီသည် လမ်းမှာတွေ့ခဲ့သော မျောက်အိုမကဲ့သို့ပင် ရှိပါမည်၊ မိန်းမဟူသောအရေအတွက်သို့ မဝင်တော့ပါ၊ တစ်စိတ်မျှ မမီပါ၊ မနှိုင်းစာလောက်ပါ၊ ဤနတ်သမီးငါးရာတို့က ပို၍အဆင်းလှပပါသည်။ ပို၍ ရှုချင်စဖွယ် နှစ်သက်စဖွယ် ရှိပါသည်"

"နန္ဒ၊ ဤခိုခြေအဆင်းရှိသော နတ်သမီးတို့ကို သင်လိုချင်ပါသလော"

"မြတ်စွာဘုရား၊ ဤနတ်သမီးများကိုရနိုင်က လိုချင်ပါသည်"

"နန္ဒ၊ ထိုသို့ဆိုလျှင် သင်သည် သာသနာတော်၌ ပျော်ရွှင်စွာနေပါလော့၊ သာသနာတော်၌ ပျော်ရွှင်စွာနေ၍ တရားအားထုတ်ပါက ဤခိုခြေအဆင်းရှိသော နတ်သမီးတို့ကိုရနိုင်ရန် ငါဘုရားတာဝန်ယူပါ၏"

"မြတ်စွာဘုရား၊ ဤခိုခြေအဆင်းရှိသော နတ်သမီးတို့ကို ရနိုင်မည်ဆိုပါက သာသနာတော်၌နေ၍ ပျော်ရွှင်စွာ တရားအားထုတ်နေပါမည်"

မြတ်စွာဘုရားရှင်သည် နန္ဒရဟန်းထံမှ ဤသို့သော ကတိဝန်ခံချက်ကိုရလျှင် တာဝတိံသာမှ လူ့ပြည်သို့ ပြန်လည်ကြွရောက်လာခဲ့လေသည်။

တာဝတိံသာနတ်ပြည်မှ ပြန်ရောက်သောအချိန်မှစ၍ နန္ဒ မထေရ်သည် နတ်သမီးတို့ကို ရယူလိုသည့်အတွက် နေ့ညဉ့် မပြတ် ရဟန်းတရားကို အားထုတ်၍ နေလေသည်။

ထိုအခါ ဘုရားရှင်သည် ရဟန်းများကိုခေါ်ယူကာ-

"ချစ်သားရဟန်းတို့ သင်တို့သည် နန္ဒရဟန်း၏ ကမ္မဋ္ဌာန်း ကျောင်းနေရာ အနီးပတ်ဝန်းကျင်၌ ရဟန်းဘဝ်ပါး သည် ဘုရားရှင်ကို အာမခံထား၍ နတ်သမီးကိုရယူလိုသော ကြောင့် ရဟန်းတရားကို မနေမနား အားထုတ်နေသတဲ့ ဟူ၍ ထိုထိုအရပ်၌ ပြောဆိုကာ လှည့်လည်ကြကုန်လော့" ဟု မိန့်တော်မူလေသည်။

ထိုအခါ ရဟန်းများသည် ဘုရားရှင်၏ စကားတော် အတိုင်း နန္ဒမထေရ် ကြားလောက်ရာ အရပ်၌-

"အရှင်နန္ဒသည် နတ်သမီးတို့ကို ရယူလိုမှုကြောင့် မြတ်သော အကျင့်ကို ကျင့်နေသတဲ့၊ အရှင်နန္ဒသည် ခိုခြေ အဆင်းရှိသော နတ်သမီးငါးရာတို့ကို ရယူဖို့ရန် ဘုရားရှင်ကို အာမခံယူခဲ့သတဲ့ အရှင်နန္ဒသည် ကြေးစားဖြစ်ပါသတကား အရှင် နန္ဒသည် အဝယ်တော်ဖြစ်ပါသတကား"

ဟု ကြေးစားဟူသောစကား အဝယ်တော်ဟူသောစကား တို့ဖြင့် ပြက်ရယ်ပြု ကျီစယ်ပြောဆိုကြသည်။

ထိုစကားကိုကြား၍ အရှင်နန္ဒမထေရ်သည်-

"ဤရဟန်းတို့ကား တစ်ပါးသူကို ပြောကြားသည်မဟုတ်ပါ၊ ငါ့ကိုသာ အကြောင်းပြု၍ ပြောဆိုကြ၏၊ ငါ၏အလုပ်ကား မသင့်လျော်ချေတကား၊ ငါ၏ ဣန္ဒြေမစောင့်စည်းမှုတို့ကို အမှီပြု၍ ဤကဲ့သို့ ရှက်ဖွယ်လိလိ အဖော်ရဟန်းတို့၏ ပြက်ရယ်ပြု ကျီစယ်မှုကို ငါခံရလေသည်၊ ငါသည် ဣန္ဒြေတို့ကို ကောင်း စွာနှိမ်နင်း စောင့်စည်းပေတော့အံ့"

ဟု အကြံတော်ဖြစ်လေသည်။

အရှင်နန္ဒမထေရ်သည် ထိုအချိန်မှစ၍ အရှေ့၊ အနောက်၊ တောင်၊ မြောက်၊ အထက်၊ အောက်၊ ဖီလာ၊ အထောင့်ဟူသော အရပ်မျက်နှာတို့ကို ကြည့်ရှုတော်မူလိုလျှင် လောဘ၊ ဒေါသ စသော အကုသိုလ်တရားတို့ကို မဖြစ်ပွားအောင် သတိသမ္ပဇဉ် အမြဲယှဉ်၍ ကြည့်ရှုခြင်းဟူသော ဣန္ဒြိယသံဝရပဋိပတ်ကျင့်စဉ် မြတ်ကို ကျင့်ကြံတော်မူရာ မကြာခင် အာသဝေါကုန်ခန်း ရဟန္တာ ဖြစ်လေသည်။

ထိုရဟန္တာဖြစ်ပြီးနောက် အရှင်နန္ဒသည် ဘုရားရှင်ထံသို့ သွားရောက်၍ ဘုရားရှင်၏ အာမခံချက်ကို လွှတ်ပါရန် လျှောက် ထားသည်။ ဘုရားရှင်ကလည်း သင်ရဟန္တာဖြစ်သည့်အချိန်မှ စ၍ ထိုအာမခံချက်မှ လွတ်ပြီးဟု မိန့်ကြားခွင့်လွှတ်တော်မူလေ သည်။

အရှင်နန္ဒသည် နတ်သမီးတည်းဟူသော အကာကို လိုချင်မိရာမှ တရားအားထုတ်၍ အနှစ်တည်းဟူသော အရဟတ္တဖိုလ်သို့ ဆိုက်ရောက်ခဲ့ရလေတော့သည်။

# မဟာဂန္ဓာရီအကာကို လိုချင်သော ပိလိန္ဒဝစ္ဆပရိဗိုဇ်

သာဝတ္ထိပြည်ဝယ် ဂေါတမဘုရား မပွင့်ခင်အချိန်၌ အနွယ်အားဖြင့် 'ဝစ္ဆ' နှစ်ရပ်ပေါင်း၍ 'ပိလိန္ဒဝစ္ဆ'ဟု အမည်ထင်ရှားသော လုလင်တစ်ဦး ရှိလေသည်။

ထိုပိလိန္ဒဝစ္ဆသည် အရွယ်ရောက်သော် လူ့ဘဝသံသရာ၌ ငြီးငွေ့သောစိတ်ရှိ၍ ပရိဗိုဇ်ပြုပြီးလျှင် စူဠဂန္ဓာရီမည်သော မန္တန် အတတ်ကို သင်ကြားတတ်မြောက်ခဲ့သည်။

ထိုပိလိန္ဒဝစ္ဆပရိဗိုဇ်သည် ထိုအတတ်ပညာဖြင့် ကောင်းကင်၌ပျံသွားနိုင်သည်။ သူတစ်ပါး၏ စိတ်အကြံကိုသိသော အံ့ဖွယ်ဝိဇ္ဇာဓိုရ်တစ်ဦးအဖြစ် ထင်ရှားကျော်ကြားသည်။

ထိုသို့ ကျော်ကြားသဖြင့် ရာဇဂြိုဟ်ပြည်၌ အထွတ်အထိပ်

ရောက်ကာ လာဘ်ပေါများသူ၊ အခြံအရံပေါများသူဖြစ်ကာ လူအားလုံးအပေါ်၌ လွှမ်းမိုးနိုင်သူတစ်ဦး ဖြစ်နေလေသည်။

ထိုပိလိန္ဒဝစ္ဆဝိဇ္ဇာခိုရ် တန်ခိုးထွားနေချိန်ဝယ် ဂေါတမဘုရား ရှင်သည် ပွင့်တော်မူလာ၍ အစဉ်သဖြင့် ဒေသစာရကြွချီသော် ရာဇဂြိုဟ်မြို့သို့ ရောက်ရှိတော်မူသည်။

မြတ်စွာဘုရားရှင် ရာဇဂြိုဟ်မြို့သို့ ရောက်သောအချိန်မှစ၍ ဝိလိန္ဒဝစ္ဆဇ္ဇာခိုရ်၏ စူဠဂန္ဓာရီအတတ်သည် အံ့ဩဖွယ်စွာ မစွမ်းနိုင်တော့ချေ။ မန္တန်စုပ်သော်လည်း ရေးကကဲ့သို့ ကောင်းကင်သို့ မပျံနိုင်တော့သလို သူတစ်ပါး၏ စိတ်အကြံကိုလည်း မသိနိုင်တော့ချေ။

"မဟာဂန္ဓာရီဝိဇ္ဇာ ထင်ရှားရှိသောအရပ်ဝယ် စူဠဂန္ဓာရီဝိဇ္ဇာသည် မပြည့်စုံနိုင် ဟု ဆရာ့ဆရာတို့ မိန့်ကြားသည်ကို ငါကြားဖူးထားသည်၊ ရဟန်းဂေါတမ ဤရာဇဂြိုဟ်ပြည်သို့ ကြွ ရောက်သောအချိန်မှစ၍ ငါ၏စူဠဂန္ဓာရီဝိဇ္ဇာအတတ်သည် မပြည့်စုံတော့ချေ၊ ရဟန်းဂေါတမသည် မဟာဂန္ဓာရီဝိဇ္ဇာကို တတ်သိသူဖြစ်မည်မှာ ယုံမှားဖွယ်မရှိချေ၊ ငါသည် ရဟန်းဂေါတမထံချဉ်းကပ်၍ သူ့ထံမှ မဟာဂန္ဓာရီဝိဇ္ဇာကို သင်ယူရပါမူ ကောင်းလေစွ" ဟု ကြံစည်စဉ်းစားမိကာ ဘုရားရှင်ထံသို့ သွားရောက်ဆည်းကပ်သည်။

"ရဟန်းမြတ်၊ ကျွန်ုပ်သည် ရဟန်းမြတ်ထံ၌ တစ်ခုသော

ဝိဇ္ဇာအတတ်ကို သင်ကြားလိုပါသည်၊ ကျွန်ုပ်အား ခွင့်ပြုတော်မူပါ"

ဟု တောင်းပန်လျှောက်ထားလေသည်။

"ထိုဝိဇ္ဇာအတတ်ကို သင်ကြားလိုလျှင် သင်သည် ရဟန်းပြုနိုင်မည်လော"

ပိလိန္ဒဝစ္ဆဝိဇ္ဇာဓိုရ်သည် ရှင်ရဟန်းပြုခြင်းသည် ဝိဇ္ဇာအတတ်၏ရှေးဦးဆောက်တည်ရသော ဝတ်တစ်ခုဟု ထင်မှတ်ကာ ရှင် ရဟန်းပြုနိုင်ကြောင်း ဝန်ခံ လျှောက်ထားလေသည်။

ဘုရားရှင်က ပိလိန္ဒဝစ္ဆကို ရဟန်းပြုပေးပြီးနောက် စရိုက်နှင့်လျော်သော ကမ္မဋ္ဌာန်းကို ဟောပြောပြတော်မူသည်။

ပိလိန္ဒဝစ္ဆရဟန်းသည် ရှေးကောင်းမှုနှင့် ပြည့်စုံသူဖြစ်၍ ဝိပဿနာတရားအားထုတ်ရာ မကြာမြင့်မီ အရဟတ္တဖိုလ်ဆိုက်ရောက်ပြီး ရဟန္တာဖြစ်လေသည်။

အရှင်ပိလိန္ဒဝစ္ဆရဟန္တာမထေရ်သည် ဘဝအလေ့အကျက် အထုံဝါသနာပါလာ၍ လူတို့နှင့်ဖြစ်စေ၊ ရဟန်းတို့နှင့်ဖြစ်စေ အတူတကွစကားပြောဆိုလျှင်-

"လာလေ့သူယုတ်၊ သွားလေ့သူယုတ်၊ ဆောင်ခဲ့လေ့သူယုတ်၊ ယူသွားလေ့သူယုတ်"

ဤသို့စသည်ဖြင့် စကားအခွန်းတိုင်းမှာပင် သူယုတ်-

သူယုတ်ဟု ပြောဆိုလေ့ရှိသည်။

ထိုစကားကိုအကြောင်းပြု၍ ရဟန်းတို့သည် ဘုရားရှင်ထံသို့ဝင်ကာ လျှောက်ထားကြသည်။

"မြတ်စွာဘုရား၊ အရိယာတို့မည်သည် ရန့်ရင်းကြမ်းတမ်းသောစကားကို မပြောကြားကြဘူးလားဘုရား"

"ရဟန်းတို့၊ အရိယာပုဂ္ဂိုလ်တို့၏ သန္တာန်မှာ သူတစ်ပါးကို ရှုတ်ချသောဒေါသဖြင့် ရန့်ရင်းကြမ်းတမ်းသော စကားဟူ၍ မရှိပါချေ၊ အမှန်မှာ အတိတ်ဘဝ အဆက်ဆက်က လေ့ကျက်ပွားထုံခဲ့သော ကိလေသာ၏ အငွေ့သတ္တိတည်းဟူသော ဝါသနာ၏ အစွမ်းဖြင့်သာ ရန့်ရင်းကြမ်းတမ်းစွာ ပြောဆိုမှုသည် ဖြစ်ရလေသည်"

"မြတ်စွာဘုရား၊ အရှင်ပိလိန္ဒဝစ္ဆမထေရ်သည် လူများ၊ ရဟန်းများနှင့် စကားပြောတိုင်း သူယုတ်ဟု ပြောဆိုပါသည်၊ အဘယ်ကြောင့်ပါနည်းဘုရား"

"ချစ်သားတို့၊ ငါ့သား ပိလိန္ဒဝစ္ဆ၏ ဤကဲ့သို့ နှုတ်ထွက်ကြမ်းမှုသည် ယခုဘဝမှာဖြစ်သော အလေ့အကျက်မဟုတ်ပါ၊ သူသည် ရှေးဘဝငါးရာဆက်လျက် သူတစ်ဖက်သားကို သူယုတ်မာဟု ပြောဆိုလေ့ရှိသော ပုဏ္ဏားမျိုး၌ ဖြစ်ခဲ့သည်။ ဘဝ အလေ့အကျက်အထုံဝါသနာကြောင့်သာလျှင် ဤကဲ့သို့ နှုတ် ထွက်ကြမ်းသောစကားကို ပြောကြားလေသည်၊ ကြမ်းတမ်း

သော အကုသိုလ်စေတနာဖြင့် ပြောကြားသည်မဟုတ်၊ အရိယာတို့ပြောကြားသော စကားသည် နှုတ်ထွက်ပင်ကြမ်းသော်လည်း စေတနာက မကြမ်းသောကြောင့် စင်ကြယ်သည်သာဖြစ်သည်၊ ဤအရိယာပုဂ္ဂိုလ်တို့၏ နှုတ်ထွက်ကြမ်းမှု၌ မကောင်းမှု အနည်းငယ်မျှမဖြစ်ပါ"

ဟု ဘုရားရှင်က ရှင်းပြပြီး တရားကို ဆက်လက်ဟောကြားပြသသည်မှာ—

"ချစ်သားတို့၊ အကြင်စကားဖြင့် တစ်စုံတစ်ယောက်သောသူကိုမျှ ဆူးဖြင့်ထိုးသို့ မငြိမစွန်းစေရာ၊ အာသဝေါကုန်ခန်းရဟန္တာမည်သည် နှုတ်ထွက်မကြမ်းသော၊ အနက်အဓိပ္ပာယ်ကို သိလွယ်စေတတ်သော၊ မဖောက်မပြန်မှန်ကန်သော၊ ကောင်းမြတ်သောစကားကို နှုတ်မြွက်ပြောဆိုရာ၏၊ ထိုနှုတ်ထွက်မကြမ်းရဟန္တာကို မြတ်သောပုဂ္ဂိုလ်ဟူ၍ ငါဘုရား ဟောကြားပါ၏"

ထိုတရားဒေသနာ၏ အဆုံး၌ များစွာသောသူတို့သည် သောတာပတ္တိဖိုလ်၌ တည်ကြလေသည်။

တစ်နေ့တွင် ပိလိန္ဒဝစ္ဆမထေရ်သည် ရာဇဂြိုဟ်ပြည်တွင်းသို့ ဆွမ်းခံဝင်သောအခါ လမ်းတွင် ပိတ်ချင်းသီးများကို ခွက်အပြည့်ထည့်ယူလာသော ယောကျ်ားတစ်ယောက်ကို တွေ့မြင်သည်။

"သူယုတ်၊ သင့်ခွက်ထဲ၌ ဘာတွေနည်း"ဟုမေးလိုက် သည်။

'ဤရဟန်းကား ငါ့ကို စောစောစီးစီးပင် နှိမ်နှိမ်မကောင်း၊ မင်္ဂလာမရှိသော သူယုတ်ဟူသော ကြမ်းတမ်းရိုင်းပျသော စကားကိုပြောကြားဘိ၏၊ ဤရဟန်း၏စကားနှင့် လိုက်လျောသော ကြမ်းတမ်းရိုင်းပျသော စကားကိုသာလျှင် ပြန်ကြားပြောဆိုမှ သင့်မည်'ဟု ကြံစည်စဉ်းစား စိတ်ထဲမှာပြစ်မှားသောဒေါသဖြင့်-

"အရှင်ဘုရား၊ တပည့်တော်ရဲ့ ခွက်ထဲမှာ ကြွက်ချေးတွေပါဘုရား"

ဟု ကြမ်းတမ်းရိုင်းပျစွာ ဒေါသစေတနာဖြင့် ပြန်ပြောလိုက်လေသည်။

"ဟယ်သူယုတ်၊ သင်ပြောသည့်အတိုင်း ကြွက်ချေးတွေပင် ဖြစ်ပေလိမ့်မည်"

ဟု မိန့်တော်မူလိုက်လေသည်။

ထိုယောက်ျားသည် ထိုသို့ပြောပြီး ဆက်လက်ထွက်ခွာသွားခဲ့ရာ မထေရ်လွန်သွားလေလျှင် ခွက်ထဲရှိ ပိတ်ချင်းသီးများအားလုံးသည် ကြွက်ချေးတွေချည်း ဖြစ်ကုန်တော့သည်။

'ဤပိတ်ချင်းသီးများကို ယခုအခါ ငါသည် ကြွက်ချေးတွေချည်းအဖြစ်သာ မြင်နေရသည်၊ တကယ်ပင် ကြွက်ချေးတွေဖြစ်ကုန်ပြီလား'ဟု စုံစမ်းလိုသည်ဖြစ်၍ လက်ဖြင့်နှိပ်ကြည့်သော

သည်။ ပိတ်ချင်းသီးများသည် တကယ်ပင် ကြွက်ချေးတွေ ဖြစ်နေသည်ကို သိရ၍ အလွန်ပင် စိတ်မကောင်း၊ စိတ်မချမ်း မသာ သောကဝေဒနာတွေ တရိပ်ရိပ်ဖြစ်ပွား ခံစားနေရလေ သည်။

'ဤခွက်ထဲမှ ပိတ်ချင်းသီးများသာ ကြွက်ချေးတွေဖြစ်ကုန် သလော၊ လှည်းပေါ်ရှိ ပိတ်ချင်းသီးများရော ကြွက်ချေးများ ဖြစ်ကုန်သလော'ဟု စိုးရိမ်သောကကြီးစွာဖြင့် မိမိလှည်းဆီသို့ အမြန်ပြေးသွားပြီး ကြည့်လေသည်။

လှည်းပေါ်ရှိ ပိတ်ချင်းသီးများအားလုံးသည်လည်း အံ့ဩ ထူးဆန်းစွာ ကြွက်ချေးများဖြစ်နေသည်ကို တွေ့မြင်ရသောအခါ အလွန်ထက်အလွန်ပင် စိုးရိမ်သောကဖိစီးခံရပြီး-

'ဤပြဿနာသည် အခြားမဟုတ်နိုင်ချေ၊ စောစောက ငါတွေ့မြင်လိုက်သော ရဟန်း၏ ပြဿနာဖြစ်လိမ့်မည်၊ ဤ ရဟန်းသည် မချွတ်မျက်လှည့်အတတ်ပညာ တတ်သောသူဖြစ် လိမ့်မည်၊ ငါသည် ယခုပင် သူ့နောက်သို့လိုက်၍ ပြေလည်ရာ ပြေလည်ကြောင်း ပြုလုပ်မှ သင့်ပေတော့မည်'ဟု စဉ်းစားမိပြီး ထိုမထေရ်ကြွရာဘက်သို့ စုံစမ်းမေးမြန်းကာ လိုက်လေ၏။

ထိုစဉ် ကြွက်ချေးရှင်ယောကျာ်းသည် အလွန်သောက စိုးရိမ်စိတ်ဖြင့် သွားနေသည်ကို မြင်တွေ့ရသော၊ အခြားသူ တစ်ဦးသည် မြင်တွေ့၍ သူ့ကိုခေတ္တရပ်စေကာ-

"မိတ်ဆွေ၊ စိုးရိမ်သောကစိတ် ပြင်းထန်စွာဖြင့် သွားနေဘိ၏၊ အကြောင်းဘယ်လို ရှိလို့ပါလဲ" ဟု မေးသည်။

ထိုအခါ ကြွက်ချေးရှင်ယောကျ်ားသည် ဖြစ်ပျက်ပုံ အလုံးစုံကို ပြောပြသည်။

ထိုအခါ ပိလိန္ဒဝစ္ဆမထေရ်၏ ဒါယကာတစ်ဦးဖြစ်သော ထိုယောကျ်ားသည် အခြေအနေကို သိရှိရိပ်မိသွားသည်။

"အမောင်၊ ထွေရာလေးပါး စိတ်အကြံများ မနေနှင့်၊ ဤ ဖြစ်ပျက်မှုသည် ငါ၏ဆရာသခင် ပိလိန္ဒဝစ္ဆမထေရ် အရှင်မြတ်ပင် ဖြစ်လိမ့်မည်၊ အမောင်သည် ဤခွက်ကိုပင် ရှိရင်းစွဲကြွက် ချေးများ အပြည့်ထည့်၍ ယူဆောင် သွားကာ မထေရ်မြတ်ရှေ့ တော်၌ ရပ်တည်ပါ၊ ထိုအခါ မထေရ်မြတ်က ဟယ်သူယုတ် သင့်ခွက်ထဲမှာပါတာတွေဟာ ဘာတွေလဲဟု မေးလိမ့်မည်၊ ထိုအခါ ပိတ်ချင်းသီးတွေပါ အရှင်ဘုရားဟု သင်ကလျှောက်ပါ လေ၊ ထိုအခါ မထေရ်မြတ်က ဟယ်သူယုတ် သင်ပြောသည့် အတိုင်း ပိတ်ချင်းသီးတွေ ဖြစ်လိမ့်မည်ဟု မိန့်တော်မူလိမ့်မည်၊ ထိုအခါကျမှ ခွက်မှာပါတဲ့ ကြွက်ချေးတွေရော လှည်းပေါ်မှာ ရှိတဲ့ ကြွက်ချေးတွေရော အားလုံးတဖန် မူလဇာတိရုပ် ပိတ်ချင်း သီးများ ဖြစ်ကြလိမ့်မည်"ဟု အကြံပေးစကား ပြောကြားလေ သည်။

ပိတ်ချင်းသီးယောကျ်ားသည် ထိုပိလိန္ဒဝစ္ဆမထေရ်၏

တပည့်ယောကျ်ား အကြံပေးသည့်အတိုင်း လိုက်နာဆောင်ရွက်ခဲ့ရာ ကြွက်ချေးများသည် ပိတ်ချင်းသီးများအဖြစ် အားလုံးပြန်လည် ပြောင်းလဲသွားခဲ့လေသည်။

ရဟန္တာမထေရ်မြတ်၏ နှစ်ဥဘာဝက ဝိဇ္ဇာမိုရ်ရဲအတတ်ပညာနှင့် ရဟန္တာကို စိတ်လိုက်မာန်ပါ ဒေါသထားကာ ပြစ်မှားပြောဆိုမိသော ပိတ်ချင်းသီးကုန်သည်၏ အဖြစ်အပျက်ဇာတ်လမ်းများသည် ဂေါတမဘုရားရှင်၏ သာသနာသမိုင်းဝယ် အံ့ဩဖွယ်မှတ်တမ်းအဖြစ် ကျန်ရစ်ခဲ့ပါတော့သည်။

## ဗုဒ္ဓမန္တန်အကာကို လိုချင်သော ဝင်္ဂီသလုလင်

သာဝတ္ထိပြည်ရှိ ပုဏ္ဏားမျိုးတစ်ဦး၌ 'ဝင်္ဂီသလုလင်'အမည်ရှိသော လူငယ်တစ်ဦး ရှိလေသည်။

ဝင်္ဂီသသည် အရွယ်ရောက်လာသောအခါ မိဘတို့၏ အမွေဖြစ်သော ဗေဒင်သုံးပုံပညာကို သင်ယူခဲ့ရသည်။ဝင်္ဂီသသည် ပညာသင်စဉ် ကာလဝယ် ဆရာကို ဝတ်ကြီး ဝတ်ငယ်အမှုတို့ကို ပြုလုပ်ပေးလေရာ ဆရာက ဝင်္ဂီသ ကို ချစ်ခင်မြတ်နိုးလွန်းလှသဖြင့်ဦးခေါင်းခွံကို မန်းမှုတ်၍ ထိုသူ၏ လိုလားရာဂတိကို သိနိုင်သော မန္တန်(ဆဝသီသမန္တန်) ကို သင်ကြားပေးလေသည်။

ထိုမန္တန်သည် မန္တန်ကိုစုတ်၍ သေသူ၏ဦးခေါင်းခွံကို

လက်သည်းဖြင့်ခေါက်ကြည့်က ဤသေသောသူသည် ဤမည်သောအမျိုး၌ဖြစ်၏ဟု သိနိုင်စွမ်းရှိလေသည်။

ဝင်္ဂီသလုလင် ထိုမန္တန်အတတ်ကိုတတ်လျှင် သိလာကြသော ပုဏ္ဏားတို့သည်–

"ဝင်္ဂီသ၏ ဤဆဝသီသမန္တန်အတတ်သည် ငါတို့အဖို့ရာ အသက်မွေးလမ်းကြောင်းတစ်ခု ရပေပြီ"

ဟုအားရဝမ်းသာဖြစ်ကြကာ ဝင်္ဂီသကို လုံခြုံသောရထား၌ တင်ကာ ရွာ၊ နိဂုံး၊ မင်းနေပြည်တို့သို့ လှည့်လည်ကြကာ မြို့၊ ရွာ၊ နိဂုံး၊ တံခါးဝတိုင်း၌ ရပ်နားကြပြီးလျှင် လူများကို စုရုံးလာ ရောက်ကြစေရန်–

"ဝင်္ဂီသလုလင်ကိုမြင်ရသောသူသည် ဥစ္စာကိုလည်း ရနိုင်သည်၊ အခြံအရံကျော်စောသတင်းကိုလည်း ရနိုင်သည်၊ နတ်ရွာသို့လည်း လားရောက်ရ၏"

ဟု ဝါဒဖြန့်စကား. ပြောကြားကြကုန်သည်။

ပုဏ္ဏားတို့၏ ဝါဒဖြန့်စကားကို ကြားရသောလူအများတို့သည် တံစိုးလက်ဆောင်ပေး၍ ဝင်္ဂီသကို ကြည့်လိုလာကြသည်။

တစ်ယောက်စကား၊ တစ်ယောက်နားဖြင့် ထိုဝင်္ဂီသ၏ ကျော်ကြားမှုသတင်းသည် အရပ်သားမှ သူဌေးသူကြွယ်၊ သူဌေးသူကြွယ်မှ မင်းမှုထမ်းများ၊ မင်းမှုထမ်းမှ မှူးမတ်၊ မှူးမတ်မှ

မင်းညီမင်းသား၊ မင်းညီမင်းသားမှ မင်းအထိ ပျံ့နှံ့သတင်းပေါက်သွားလေသည်။

သို့အတွက် အဆင့်အတန်းစုံအသီးသီးမှ ပုဂ္ဂိုလ်များသည် ဝါဒဖြန့်သူများထံကို စုံစမ်းမေးမြန်းကြသည်။

"ဆရာတို့၊ ဆရာဝင်္ဂီသ၏ အသိဉာဏ်အထူးကား အဘယ်ပါနည်း"

"သင်တို့ကား အကြောင်းကိုမသိကြသေး၊ ဇမ္ဗူဒိပ်တစ်ကျွန်းလုံး၌ ကျွန်ုပ်တို့ဆရာကြီး ဝင်္ဂီသနှင့်တူသူ အခြားပညာရှင်တစ်ဦးတစ်ယောက်မျှ မရှိပါ၊ ဆရာဝင်္ဂီသသည် သုံးနှစ်အထက်က ကွယ်လွန်ကြသူများ၏ ဦးခေါင်းခွံကို လက်သည်းဖြင့်ခေါက်ကြည့်လျှင် ဤသေသောသူသည် ဤမည်သောအမျိုး၊ ဤမည်သောဘဝ၌ဖြစ်၏ဟု သိနိုင်စွမ်းသော ပုဂ္ဂိုလ်ဖြစ်ပါသည်"

လူအများကလည်း မိမိတို့ဆွေမျိုးသားချင်းတို့ သွားရာလားရာ၊ ဖြစ်ရာဂတိကို သိလိုကြ၍ အခစားဖိုးပေး၍ မေးကြသည်။

ဝင်္ဂီသကလည်း လူအများအပေါင်း၏ ယုံကြည်မှုရရှိရန် ယုံမှားမှုကိုပယ်ဖျောက်ရန် ထိုကွယ်လွန်သောသူများကို ပူးဝင်စေ၍ မိမိ၏လားရောက်ရာဂတိကို မန္တန်အစွမ်းဖြင့် ပြောကြားစေလေသည်။

(မြန်မာနိုင်ငံတွင် ကြို့ပင်ကောက်မြို့၌ နတ်က,သေသူ

များကိုခေါ်ပေး၍ ဘဝဖြစ်ရာကိုပြောပြစေခဲ့သော အတတ်ပညာရှင် ပေါ်ခဲ့သည်ကို သတိရကြပါလိမ့်မည်။)

ထိုကိစ္စကို အမှီပြု၍ ပုဏ္ဏားတို့သည် လူအများထံမှ ဟောခ၊ ပြောခ၊ အသပြာတစ်ရာ တစ်ထောင်စသည်ဖြင့် များစွာ လက်ခံရရှိကြလေသည်။

ပုဏ္ဏားတို့သည် ဝင်္ဂီသနှင့်အတူ မြို့ရွာနိဂုံး အနှံ့လှည့်လည် ငွေရှာပြီးနောက် သာဝတ္ထိမြို့သို့ တစ်ဖန်ပြန်လာကြသည်။

ဝင်္ဂီသတို့ရထားသည် ဇေတဝန်ကျောင်းတော်အနီးသို့ ရောက်သော် လူအများသည် ဘုရားရှင်ထံ တရားနာရန်သွားနေသည်ကို တွေ့မြင်ရ၍ ရထားကို ခဏရပ်စေပြီး လူများကို ဘယ်ကိုသွားကြမည်လဲဟု မေးမိသည်။

လူအများကလည်း ဘုရားရှင်ထံသို့ တရားနာသွားကြမည် ဟု ပြောကြလေသည်။

"ရဟန်းဂေါတမသည် ပညာရှိဖြစ်၏ဟု လူအများပြောဆိုကြသည်၊ ငါကမူကား အခါခပ်သိမ်း ဤပုဏ္ဏားများ၏စကားကိုသာ လိုက်နာရလျက် ဇမ္ဗူဒိပ်ကျွန်းအပြင်ဝယ် လှည့်လည်ကာ နေရသည်၊ ထိုသို့နေရန်ကား မသင့်လျော်ချေ၊ ပညာရှိများထံသို့လည်း သွားရောက်ဆည်းကပ်မှ သင့်လျော်ပါမည်"

ဟုမိမိကိုယ်ကို ကြံစည်ဆင်ခြင်မိသည်။ ထို့နောက်ပုဏ္ဏား

တို့ကိုခေါ်၍-

"သင်တို့သွားနှင့်ကြပါ။ ငါသည်ဤလူအများတို့နှင့် အတူတကွသွားပြီး ရဟန်းဂေါတမကို ဖူးမြော်မလို့။ တစ်ယောက်တည်းသာ သွားရောက်တွေ့ဆုံဖူးမြော်လိုသည်"

ဟုပြောပြသည်။

"အို-ဝစ္ဆဂေါတ္တ၊ သင်သည် ရဟန်းဂေါတမအား ဖူးမြော်ခြင်းကို မနှစ်သက်ပါလင့်၊ ရဟန်းဂေါတမသည် မိမိထံမှောက်သို့ လာရောက်ဖူးမြော်သူများကို မျက်လှည့်မာယာအတတ်ဖြင့် လှည့်ဖြားတတ်ပြီး မိမိဘက်ပါအောင် ပြုတတ်သူဖြစ်ပါသည်"

ဟုပြောဆိုကာ တားမြစ်ကြလေသည်။

ဝစ္ဆဂေါတ္တသည် ပုဏ္ဏားတို့၏စကားကို မနာယူဘဲ ဘုရားရှင်ထံသို့ တစ်ယောက်တည်းသာ သွားရောက်ဆည်းကပ်၍ သာယာနာပျော်ဖွယ် နှုတ်ဆက်စကားပြောပြီး အပြစ်လွတ်ရာအရပ်၌ ထိုင်နေလေသည်။

"ဝစ္ဆဂေါတ္တ၊ သင်သည် တစ်စုံတစ်ခုသော အတတ်ပညာကို တတ်မြောက်ပါ၏လော"

"အရှင်ဂေါတမ၊ အိမ်း.... အကျွန်ုပ်သည် ဆဝသီသမန္တန် မည်သော မန္တန်တစ်ခုကို တတ်ပါ၏"

"ဝစ္ဆဂေါတ္တ၊ သင်တတ်သိသော ဆဝသီသမန္တန်အတတ်သည်

အဘယ်သို့ ပြုလုပ်နိုင်ပါသနည်း"

"အရှင်ဂေါတမ၊ ထိုမန္တန်ကိုရွတ်၍ သုံးနှစ်အထက်က သေသောသူ၏ဦးခေါင်းကို လက်သည်းဖြင့် ခေါက်၍ လားရောက်ဖြစ်ပွားရာဘုံဌာနကို ကျွန်ုပ်သိပါ၏"

ထိုအခါ မြတ်စွာဘုရားသည် ငရဲပြည်၌ဖြစ်သော သူ၏ ဦးခေါင်းခွံတစ်ခု လူ့ပြည်၌ဖြစ်သော သူ၏ဦးခေါင်းခွံတစ်ခု၊ နတ်ပြည်၌ဖြစ်သောသူ၏ ဦးခေါင်းခွံတစ်ခု၊ ပရိနိဗ္ဗာန်စံလွန်ပြီးသော ရဟန္တာ၏ဦးခေါင်းခွံတစ်ခုတို့ကို တန်ခိုးဖြင့်ယူဆောင်ပြီး ဝင်္ဂီသကို အစဉ်အတိုင်း ပြသလေသည်။

ဝင်္ဂီသသည် ဦးခေါင်းခွံကို မန္တန်ရွတ်၍ လက်သည်းဖြင့် ခေါက်ကာ

"အရှင်ဂေါတမ၊ ဤဦးခေါင်းခွံအရှင်သတ္တဝါသည် ငရဲသို့ လားရောက်ရသူဖြစ်ပါသည်"

"သာဓု.... သာဓု ဝင်္ဂီသ၊ သင်သည် ကောင်းမွန်မှန်ကန်စွာ မြင်အပ်ပါ၏"

ဘုရားရှင်က ချီးမွမ်းစကား မိန့်ကြားလေသည်။ ဘုရားရှင်က ဒုတိယဦးခေါင်းခွံကို ဆက်ပြ၍မေးတော်မူပြန်သည်။

"အရှင်ဂေါတမ၊ ဤဦးခေါင်းခွံပိုင်ရှင် သတ္တဝါသည်ကား လူ့ပြည်သို့ ပြန်ရောက်နေပါ၏"

တတိယဦးခေါင်းခွံကို ဆက်ပြသောအခါ ဝင်္ဂီသ က

"အရှင်ဂေါတမ ဤဦးခေါင်းခွံပိုင်ရှင်သတ္တဝါသည် နတ်ပြည်သို့ ရောက်ရသူဖြစ်ပါသည်"

ဤသို့လျှင် ဝင်္ဂီသသည် သုံးမျိုးသော ဦးခေါင်းခွံတို့၏ လားရာဂတိကို မိမိ၏ မန္တန်အတတ်ဖြင့် မှန်ကန်စွာ ဖြေဆိုနိုင်လေသည်။

ဘုရားရှင်က ဆက်လက်၍ စတုတ္ထမြောက် ရဟန္တာ၏ ဦးခေါင်းခွံကို ဆက်ပြပြီး မေးသည်။

ဝင်္ဂီသသည် ထိုဦးခေါင်းခွံကို မန္တန်စုတ်ကာ လက်သည်းဖြင့် အကြိမ်ကြိမ်ခေါက်၍ စဉ်းစားပါသော်လည်း အဆုံးအစကို မည်သို့မျှ မသိမြင်တော့ပါချေ။

"ဝင်္ဂီသ၊ သင်သည် မြင်ခြင်းငှာ မစွမ်းနိုင်တော့ပြီ မဟုတ်ပါ လော"

"အရှင်ဂေါတမ၊ စောင့်ကြည့်ပါဦး၊ အကျွန်ုပ် စူးစမ်းဆင်ခြင်ပါဦးမည်"

ဝင်္ဂီသသည် အရှုံးမပေးလိုသောစိတ်ဖြင့်မန္တန်ကို အဖန်ဖန်စုတ်၍ ဦးခေါင်းခွံကို အဖန်ဖန် ခေါက်လေသည်။ သာသနာပြင်မမန္တာန်ဖြင့် ရဟန္တာ၏လားရာ ဂတိကို မည်သို့မျှ မသိနိုင်၊ မမြင်နိုင်သည်ကို ဝင်္ဂီသမသိနိုင်ချေ။

ထိုအခါ ဝင်္ဂီသ၏ ဦးထိပ်မှ နဖူးမှချွေးစေးများသည် တဒီး ဒီး ယိုထွက်၍ ကျလာလေသည်။

ဝင်္ဂီသသည် ရှက်နိုးလှသဖြင့် စကားမပြောတော့ဘဲ ဆိတ် ဆိတ်သာ နေလေသည်။

"ချစ်သား ဝင်္ဂီသ၊ ပင်ပန်းပါသလော"

"အရှင်ဘုရား...မှန်ပါသည်၊ ပင်ပန်းလှပါပြီ၊ ဤသတ္တဝါ ၏ လာ·ရာဌာနကို မသိနိုင်ပါ၊ အကယ်၍ အရှင်ဘုရား သိတော်မူလျှင် တပည့်တော်အား ဖြေကြားပေးတော်မူပါ"

ဝင်္ဂီသသည် ထိုအခါကျမှ လက်လျှော့တောင်းပန်စကား ပြောကြားသည်။

"ဝင်္ဂီသ၊ ငါဘုရားသည် ဤသတ္တဝါကိုလည်း သိ၏၊ ထို ထက်အလွန်လည်း သိ၏"

ဟု ဘုရားရှင်က မိန့်ကြားပြီး ဆက်လက်၍ ဟောကြား သည်မှာ-

"ဝင်္ဂီသ၊ ရဟန္တာပုဂ္ဂိုလ်တို့မည်သည် သတ္တဝါတို့၏ သေ လွန်ခြင်း၊ ပဋိသန္ဓေနေခြင်းစသော အလုံးစုံကို ထင်လင်းစွာ သိကြသည်၊ အာရုံငါးပါး မငြိကပ်၊ နိဗ္ဗာန်သို့ ဆိုက်ရောက်ပြီး ၍ သစ္စာလေးပါးကိုသိသော ထိုရဟန္တာပုဂ္ဂိုလ်ကို ငါဘုရားက မြတ်သောပုဂ္ဂိုလ်ဟူ၍ ခေါ်ဆိုပါသည်"

"ဝက္ကလိ၊ ရဟန္တာပုဂ္ဂိုလ်၏ လားရာဂတိကို နတ်များ ဂန္ဓဗ္ဗ နတ်၊ လူစသည်တို့သည် မသိမြင်နိုင်ကုန်၊ အာသဝေါ လေးပါး ကုန်ပြီးသော တစ်ထောင့်ငါးရာ ကိလေသာမှ ကင်းပြီးသော ထိုရဟန္တာပုဂ္ဂိုလ်ကို ငါဘုရားက ပုဂ္ဂိုလ်သူမြတ် ဟူ၍ ဟောကြား ထားပါသည်"

ထိုအခါ ဝက္ကလိသည် ဘုရားရှင်ကို

"အရှင်ဂေါတမ၊ မန္တန် မန္တန်ချင်း လဲလှယ်ပေးသောသူအဖို့ တစ်ဦးနှင့်တစ်ဦး အရှုံးမရှိနိုင်ပါ၊ သို့အတွက် ကျွန်ုပ်သည် မိမိ တတ်သော ဆဝသိသမန္တန်ကို အရှင်ဘုရားအား ပေးပါမည်၊ အရှင်ဘုရားကလည်း ယခုမိန့်ကြားသော ဗုဒ္ဓမန္တန်ကို ကျွန်ုပ် အား ပေးပါ"

"ဝက္ကလိ၊ ငါဘုရားသည် မန္တန် မန္တန်ချင်း လဲလှယ် မပေး ပါ၊ လိုချင်သူအား ဤအတိုင်းပင် မေတ္တာရှေ့ထား၍ ပေးပါ သည်"

"အရှင်ဂေါတမ၊ ကောင်းပါပြီ၊ ဒါဆို ကျွန်ုပ်အား မန္တန်ကို ပေးပါလော့"

ဝက္ကလိသည် ထိုသို့ပြောပြီး လက်အုပ်ချီကာ ရိုသေစွာ ထိုင်လေသည်။

"ဝက္ကလိ၊ သင်တို့ပုဏ္ဏားများ၏ အယူဝါဒ၌ အဖိုးတန်သော

မန္တန်ကိုဖြစ်စေ၊ အခြားတစ်စုံတစ်ရာကိုဖြစ်စေ၊ တောင်းခံသူတို့ အဖို့ ပြုရသော ဝတ်ကျင့်တရားမည်သည် မရှိဘူးလော"

"အရှင်ဂေါတမ၊ ရှိပါသည်"

"ဝဂ္ဂိသ၊ ငါဘုရားတို့၏ မန္တန်၌ကော ကျင့်ရမည့်ဝတ် မရှိ ဘူးဟု ထင်ပါသလော"

"အရှင်ဂေါတမ၊ ထိုသို့မထင်ပါ၊ အရှင်ဘုရားတို့ မိန့်ကြား အပ်သော စည်းကမ်းနည်းလမ်းအတိုင်း လိုက်နာကျင့်သုံးပါ မည်"

"ဝဂ္ဂိသ၊ ငါတို့သည် ဗုဒ္ဓမန္တန်ကို ပေးကြတော့မည်ဆိုလျှင် ငါတို့နှင့် အသွင်တူသောသူအားသာ ပေးကြကုန်၏"

ပုဏ္ဏားမျိုးနွယ်တို့မည်သည် မန္တန်တို့ဖြင့် မရောင့်ရဲကြမြဲ ဓမ္မတာဖြစ်သည့်အတိုင်း မန္တန်ရရှိရေးအတွက် မိမိဘဝကို ဘုရား ရှင်ထံ ပုံအပ်လေသည်။

'ငါကား အရှင်ဂေါတမစေခိုင်းသမျှ အလုံးစုံကိုပြုလုပ်ပြီး လျှင် မန္တန်ကို သင်ပြီးမှသာ သွားမည်'

ဟု ကြံစည်ဆုံးဖြတ်ကာ မိမိအဖော်ပုဏ္ဏားတို့ထံ ပြန်သွား၍

"ငါသည် ဗုဒ္ဓမန္တန်ကို သင်ယူရန်အတွက် ဂေါတမရဟန်း ထံ ရှင်ရဟန်းပြုမည်၊ သင်တို့သည် ငါရဟန်းပြုသည်ကို တွေ့ရာ လေးပါး စိတ်အကြံမများကြလေနှင့်၊ ငါသည်

ဤဗုဒ္ဓမန္တန်ကို သင်ကြားတတ်မြောက်ပြီးပါက ဇမ္ဗူဒိပ်ကျွန်းလုံး၌ အကြီးဆုံး ဆရာကြီးဖြစ်ရလိမ့်မည်၊ ဤသို့ဖြစ်သော် သင်တို့အဖို့လည်း အလွန်ကောင်းမွန်ပေလိမ့်မည်ဖြစ်သည့်"

ဟု နှစ်သိမ့်စကားပြောကာ ပြန်လွှတ်လိုက်လေသည်။

ပုဏ္ဏားတို့သည် ဝဂ္ဂီသ စကားကိုယုံကြည်ကာ မိမိတို့ မူလ စခန်းချရာ နေရာအိမ်သို့ ပြန်သွားကြသည်။

ဝဂ္ဂီသသည် ဗုဒ္ဓမန္တန်ကို သင်ယူရန်အတွက် ဘုရားရှင်ထံ သို့ ပြန်လာခဲ့ပြီး ဘုရားရှင်ထံ ရဟန်းပြုခွင့် တောင်းလေသည်။

ဘုရားရှင်သည် ထိုအချိန်တွင် မိမိအနီး၌ရှိသော နိဂြောဓ ကပ္ပမထေရ်ကိုခေါ်ယူကာ

"ချစ်သားနိဂြောဓကပ္ပ၊ ရဟန်းအဖြစ်ကို လိုလားနေသော ဤဝဂ္ဂီသလုလင်ကို ရဟန်းပြုပေးလိုက်ပါလော့"

ဟု မိန့်ကြားစေခိုင်းလိုက်သည်။

မထေရ်မြတ်သည် ဘုရားရှင်၏ အမိန့်တော်အတိုင်း ဝဂ္ဂီသလုလင်ကို တစပဉ္စက ကမ္မဋ္ဌာန်းကို ပြောကြား၍ ရှင်ရဟန်း ပြုပေးလိုက်လေသည်။

ရဟန်းပြုပြီးနောက် ရှင်ဝဂ္ဂီသကို ဘုရားရှင်ထံသို့ ပြန် လည်ခေါ်ယူပြီး လျှောက်ထားသည်။

"ချစ်သားဝင်္ဂီသ၊ မန္တန်၏ ပရိဝါသ်ကို ဆောက်တည်ကျင့်သုံးဦးလော့"

ဘုရားရှင်သည် ဤသို့မိန့်ကြားပြီးလျှင် ကာယဂတာသတိကမ္မဋ္ဌာန်းကို ဟောကြားပို့ချပေးတော်မူသည်။

အရှင်ဝင်္ဂီသသည် ဉာဏ်ပညာထက်မြက်သူဖြစ်၍ ကာယဂတာသတိကမ္မဋ္ဌာန်းကို ရွတ်ဆိုသရဇ္ဈာယ်ရင်းပင် သုံးဆယ့်နှစ်ကောဋ္ဌာသ၏ကုန်ခြင်း၊ ပျက်ခြင်းကို ထင်လင်းစွာသိမြင်ကာ ဝိပဿနာတရားကို ပွားများအားထုတ်သောကြောင့် အရဟတ္တဖိုလ်သို့ ဆိုက်ရောက်တော်မူလေသည်။

ဝင်္ဂီသမထေရ် အရဟတ္တဖိုလ်သို့ဆိုက်ရောက်လေလျှင် ပုဏ္ဏားတို့သည်–

"ဝင်္ဂီသသည် အဘယ်သို့သောအခြေအနေရောက်နေသနည်း၊ ဝင်္ဂီသကို သွားရောက်ကြည့်ရှုလေ့လာကြဦးစို့"

ဟုတိုင်ပင်ကာ ဝင်္ဂီသရှိရာ ဇေတဝန်ကျောင်းသို့ လိုက်လာတွေ့ဆုံကြလေသည်။

"အို–ဝင်္ဂီသ၊ ဘယ့်နှယ်လဲ၊ ရဟန်းဂေါတမထံ၌ မန္တန်အတတ်ကို သင်ယူအပ်ပြီးပြီလော"

"အိမ်း၊ သင်ယူအပ်ပြီးပါပြီ"

"ဝင်္ဂီသ၊ သင်ယူပြီးလျှင် လာသွားကြစို့၊ ဇမ္ဗူဒိပ်ကို

တစ်ဖန် လှည့်လည်ကြစို့"

"သင်တို့သွားကြပါလော့၊ ငါ့အဖို့ သင်တို့နှင့် အတူသွားဖို့ ကိစ္စသည် ပြီးဆုံးသွားပါပြီ"

ထိုအခါ ပုဏ္ဏားတို့သည် လှုပ်လှုပ်ရှားရှားဖြစ်ကြကာ ဝင်္ဂီသကို အပြစ်တင်စကား ပြောဆိုကြသည်။

"ရှေးဦးကပင်လျှင် ငါတို့သည် သင့်အားရဟန်းဂေါတမ သည် မိမိထံရောက်လာသောသူများကို မျက်လှည့်အတတ်ဖြင့် လှည့်ဖြားတတ်သူဖြစ်သည်ဟု ပြောခဲ့ဖူးသည်၊ ယခု မှန်နေလေ ပြီ၊ သင်သည် ယခုအခါ ရဟန်းဂေါတမ၏ အလိုအကြိုက်သို့ လိုက်ပါခဲ့လေပြီ၊ ငါတို့သည် သင့်ထံ၌ အဘယ်အမှုကိုပြုကုန်ပါ ရအံ့နည်း၊ ပြုဖွယ်မရှိတော့"

ဟု ရန်စကားပြောကာ စိတ်ဆိုးပြီး ထွက်ခွာသွားကြလေ သည်။

အရှင်ဝင်္ဂီသမထေရ်သည် နောင်တွင် ဘုရားရှင်ထံသို့ ဆည်းကပ်သွားရောက်သည်ရှိသော် မြတ်စွာဘုရားကို မြင်ရာ အရပ်မှအစပြု၍–

* လဆန်းနှင့်ဥပမာနှိုင်းယှဉ်၍လည်းကောင်း၊

* နေမင်းနှင့် ဥပမာနှိုင်းယှဉ်၍လည်းကောင်း၊

* ကောင်းကင်နှင့် ဥပမာနှိုင်းယှဉ်၍လည်းကောင်း၊

* မဟာသမုဒ္ဒရာနှင့် ဥပမာနိုင်းယှဉ်၍လည်းကောင်း၊
* ဆင်ပြောင်ကြီးနှင့် ဥပမာနိုင်းယှဉ်၍လည်းကောင်း၊
* ကေသရာဇာခြင်္သေ့မင်းနှင့် ဥပမာနိုင်းယှဉ်၍လည်း ကောင်း၊

ဂါထာအပိုဒ်ပေါင်း အရာအထောင်တို့ဖြင့် ဘုရားရှင်၏ ဂုဏ်ကျေးဇူးကို ချီးကျူးဖွဲ့ဆို၍သာ သွားရောက်ဆည်းကပ်လေ သည်။

ထို့ကြောင့် နောင်တွင် အရှင်ဝင်္ဂီသသည် ဆန်းကြယ်သော ဉာဏ်ပဋိဘာန်ရှိသောအရာဝယ် အမြတ်ဆုံးဧတဒဂ်ရာထူး ချီးမြှင့် ခံရလေသည်။

ဂေါတမဘုရားရှင်၏ သာသနာတော်ဝယ် ထူးခြားအံ့ဖွယ် သော မန္တန်အတတ်ပညာတတ်ပြီး သေသောသူတို့၏ လားရာ ဂတိဖြစ်ရာဂတိကို အံ့ဩဖွယ်စွာ ပြောနိုင်သော ဝင်္ဂီသမထေရ် ၏ဘဝဖြစ်စဉ်သည်လည်း သာသနာသမိုင်းဝယ် မှတ်တမ်း သဖွယ် ကျန်ရစ်ခဲ့သလို၊ အရှင်ဝင်္ဂီသသည် ဗုဒ္ဓထံမှ မန္တန် ဟူသောအကာ ကို ရယူလိုရာမှ အနှစ်ဖြစ်သော အရဟတ္တဖိုလ် ကိုရရှိခံစားသွား ရသော ပုဂ္ဂိုလ်မြတ်တစ်ဦး ဖြစ်ပေသည်တကား။

## ငွေတစ်ထောင်အကာကိုလိုချင်သာ ကာလသတို့သား

ကာလသတို့သားသည် ဇေတဝန်ကျောင်း အလှူဒါယကာ အနာထပိဏ်သူဌေးကြီး၏ သားငယ်တစ်ဦးဖြစ်ပါသည်။

ဖခင်က ကျောင်းဒါယကာဖြစ်ပြီး အလှူရေစက်လက်နှင့် မကွာ နေ့စဉ်ပြုနေသည်။ နေ့စဉ် ဇေတဝန်ကျောင်းသို့သွားပြီး တရားမေ့ကို နာယူနေသော်လည်း ကာလသတို့သားကမူ ဘုရားရှင်ထံသို့ မသွားလို၊ အိမ်သို့ဘုရားရှင်ကြွလာသော်လည်း ဘုရားရှင်အား လာရောက်မဖူးမြော်၊ တရားလာမနာ၊ သံဃာ့ ဝေယျာဝစ္စအမှုကိုလည်း ဝိုင်းဝန်းလုပ်ဆောင်မှုမရှိ။

"ချစ်သား ဤသို့မပြုသင့်၊ ဘုရားရှင်ကို လာရောက်ဖူး သင့်သည်၊ တရားနာသင့်သည်၊ သံဃာ့ဝေယျာဝဟာစ္စ ဝိုင်းဝန်း

လုပ်သင့်သည်"

ဟု ပြောဆိုဆုံးမသည်ကိုလည်း မနာယူ၊ လက်မခံပါချေ

သူဌေးကြီးသည် သားအတွက် စိုးရိမ်စိတ်ဝင်လာမိသည်။ သားအတွက် စဉ်းစားဆင်ခြင်မိလာတော့သည်။

"ငါ၏သားသည် ဤသို့ဘောရှိသောအယူကိုယူပြီး အကယ်၍များ သေလွန်ခဲ့သည်ရှိသော် အဝီစိငရဲ၌သာ လဲလျောင်းရာရှိပေတော့မည်၊ ငါအဖေထင်ရှားတည်ရှိနေပါလျက် ငါ၏သားသည် ငရဲသို့သွားရမည်ဆိုပါက ကြား၍မျှ မတော်၊ မလျောက်ပက်ချေ၊ လောကတွင် ဥစ္စာကိုပေး၍ မပျက်စီး သောသတ္တဝါမည်သည်မရှိ၊ ဥစ္စာဖြင့် ငါ၏သားအယူ ကိုဖျက်ဆီးအံ့"

ဥပုသ်နေ့တစ်နေ့အရောက်တွင် သူဌေးကြီးသည် သားကို ခေါ်၍-

"ချစ်သား၊ ဘုရားရှင်ကျောင်းသို့သွား၍ ဥပုသ်စောင့် တရားနာမည်ဆိုက အဖေကသားကို အသပြာတစ်ထောင် ပေးပါမည်"

ဟု ပြောပြသည်။

"ဖခင်၊ အမှန်အသပြာတစ်ထောင်ပေးမည်လော"

"ချစ်သား၊ အမှန်ပင်ပေးပါမည်"

"ဖခင်၊ အမှန်အသပြာတစ်ထောင်ပေးမည်လော"

"ချစ်သား၊ အမှန်ပင်ပေးပါမည်"

"ဖခင်က အသပြာတစ်ထောင်ပေးမည်ဆိုပါက ကျွန်တော် ဘုရားကျောင်းသွား၍ ဥပုသ်စောင့်ပြီး တရားနာပါမည်"

ကာလသတို့သားသည် အကာတည်းဟူသော ငွေအသပြာ တစ်ထောင်ကိုလိုချင်၍ သုံးကြိမ်တိုင်တိုင်ဝန်ခံပြီးလျှင် ကျောင်း သို့သွားကာ ဥပုသ်စောင့်သည်။

တရားနာခြင်း၌ စိတ်မပါ၍ တရားကိုမနာယူဘဲ ဇေတဝန် ကျောင်း၏ချောင်တစ်နေရာတွင် သွားရောက်အိပ်နေလေသည်။

နောက်နေ့မိုးလင်းသော် အိပ်ရာမှထ၍ နံနက်စောစောပင် အိမ်သို့ပြန်ခဲ့လေသည်။

"ငါ၏သားသည် ဥပုသ်စောင့်ထားသည်၊ ငါ့သားအတွက် ယာဂုကို မြန်မြန်ယူ၍ တိုက်ကျွေးကြပါလေ"

ဟု အစေခံတို့အား စေခိုင်းသည်။

ကာလသတို့သားသည် အသပြာတစ်ထောင်မရသေးလျှင် မစားသောက်သေးဟု ဆုံးဖြတ်ပြီး လာပေးသော ယာဂုတို့ကို မသောက်ဘဲ ပြန်ပေးလိုက်သည်။

ဤသို့ယာဂုတစ်မျိုးပြီးတစ်မျိုး လာပေးသည်ကိုလက်မခံ ဘဲ ပစ်ပယ်သည်ကို တွေ့မြင်ရသော ဖခင် သူဌေးကြီးသည်

သား၏နိပ်စက်ပြောဆိုသည်ကိုလည်း မခံနိုင်သောကြောင့် အသပြာကို ထုတ်ပေးလေသည်။

ကာလသတို့သားသည် အသပြာထုပ်ကို လက်တစ်ဘက်ဖြင့် ဆုပ်ကိုင်လျက် ယာဂုကို သောက်လေသည်။

ညနေရောက်သော် သူဌေးကြီးက သားကိုခေါ်ကာ–

"ချစ်သား၊ အသပြာတစ်ထောင်ကို ထပ်ပေးပါမည်၊ သင်သည် ဘုရားရှင်ရှေ့တည့်တည့်၌ နေရာယူပြီး အားထုတ်သင်ယူပြီး ပြန်ခဲ့ပါ"

ဟု ပြောကြားစေလွှတ်ပြန်သည်။

ကာလသတို့သားကလည်း အသပြာတစ်ထောင်ရမည်ဆို၍ သဘောတူပြီး ဇေတဝန်ကျောင်းသို့ အမြန်သွားပြီး ဘုရားရှင်ထံမှအပြန် တရားတစ်ပုဒ်သင်ယူပြီး ပြန်လာရန် စိတ်ကူးခဲ့သည်။

ဘုရားရှင်သည် ကာလ၏အကြံကိုသိ၍ တရားကို မမှတ်မိစေရန် အဓိဋ္ဌာန်ဖြင့် စီမံထားသည်။

ကာလသတို့သားသည် ဘုရားရှင်သင်ပေးသော တရားတစ်ပုဒ်ကိုမမှတ်မိ၍ ထပ်မံသင်ပေးရန် လျှောက်ထားသည်။

တရားတော်ကို အရသင်ယူမည်ဟု နလုံးသွင်း၍ တရားကို နာယူသည်။

ဘုရားရှင်က ထပ်မံ၍ မမှတ်မိစေရန် ထပ်မံပြုထားပြန်၍ ကာလသတို့သားက ထပ်မံသင်ကြားပေးရန် လျှောက်ထားပြန်သည်။

ဘုရားရှင်က ထပ်မံသင်ကြားပေးရာ ကာလသတို့သားသည် တရားနာစဉ်ပင် သောတာပတ္တိဖိုလ်၌ တည်လေသည်။

နောက်နေ့အဖို့ အနာထပိဏ်သူဌေးကြီးကလည်း ဘုရားအမှူးရှိသော သံဃာတော်များကို ဆွမ်းစားဖိတ်ကြားထားသည်။

ကာလသည် မိုးသောက်ရောက်သော် ဘုရားအမှူးရှိသော သံဃာတော်များနှင့် အတူတကွသာလျှင် သာဝတ္ထိမြို့ထဲသို့ ပြန်ဝင်လာခဲ့သည်။

သူဌေးကြီးသည် ထိုအခြင်းအရာကိုမြင်၍-

"ယနေ့ ငါ၏သား၏အခြင်းအရာသည် နှစ်သက်ဖွယ်ရှိလှပေ၏"

ဟု ကြံစည်မိလေသည်။

"ငါ၏ဖခင်သည် ယနေ့ဘုရားရှင်ထံတော်၌ တည်နေသောငါ့အား စင်စစ်သော်အားဖြင့် အသပြာတို့ကို မပေးပေရာ၊ ဤသို့မပေးသည့်ရှိသော် အသပြာဟူသောအကြောင်းကြောင့် ငါ၏ဥပုသ်စောင့်သုံးသောအဖြစ်ကို သူတစ်ပါးမသိအောင် ဖုံးလွှမ်းထားရပါမူကား ကောင်းလေစွ"

ဟု ကာလသတို့သားကလည်း အကြံဖြစ်လေသည်။

သူဌေးကြီးသည် ဘုရားအမှူးရှိသော သံဃာတော်များအား ယာဂုကိုပေးလှူ၍ သားအားလည်း ယာဂုကိုပေးစေ၏။

ကာလသည် ဆိတ်ဆိတ်ထိုင်နေပြီးယာဂုကိုသောက်သည်။ သူဌေးကြီးသည် ဘုရားရှင်ဆွမ်းကိစ္စပြီးသောအခါ မိမိသားရှေ့မှာ အသပြာထောင်ထုပ်ကို ချထားပြီး–

"ချစ်သား၊ ငါသည် ဤအသပြာတစ်ထောင်ထုပ်ကို သင်ချစ်သား၏ဥပုသ်စောင့် တရားနာခြင်းအတွက် ကတိကဝတ်ပြုထားသည့်အတိုင်း သင့်အား ပေးပါ၏"

ကာလသတို့သားသည် ဘုရားရှင်၏ရှေ့၌ အသပြာတစ်ထောင်ထုပ်ကို ပေးအပ်သည်ကိုမြင်၍ ရှက်နိုးလှသောကြောင့်–

"ဖခင်၊ ကျွန်ုပ်အား အသပြာဖြင့် အလိုမရှိပါ"

ဟုပြောပြီး လက်မခံဘဲ နေလေသည်။

"ချစ်သား၊ ယူပါလော့"

မည်သို့ပင်ပေးပေး ကာလသတို့သားက မယူတော့ချေ။

"မြတ်စွာဘုရား၊ ယနေ့တပည့်တော်၏သား အခြင်းအရာသည် နှစ်သက်ဖွယ်ရာရှိလှပါသည်ဘုရား"

ဟု သူဌေးကြီးက ဘုရားရှင်ကို လျှောက်ထားလေသည်။

"သူဌေးကြီး၊ အကြောင်းအသို့နည်း"

ဘုရားရှင်သည် ကာလသတို့သား၏ ဥပုသ်စောင့်မှု၊ တရားနာမှုအခြေအနေကို သိထားသော်လည်း ပရိသတ်အားလုံး သိစေရန် ဤသို့မေးခြင်းဖြစ်သည်။

ထိုအခါ အနာထပိဏ်သူဌေးက သူ၏သားကာလအား အသပြာတစ်ထောင်ပေးပြီး ဥပုသ်စောင့်ခိုင်းပုံ၊ တရားနာခိုင်းပုံ၊ တရားတစ်ပုဒ် မှတ်သားလာရန် စေခိုင်းပုံအကြောင်းစုံကို လျှောက်ထားပြလေသည်။

"ဒါယကာသူဌေးကြီး၊ မှန်ပေ၏။ ယနေ့သင်၏သားကား စကြဝတေးမင်းစည်းစိမ်ချမ်းသာထက်သော်လည်းကောင်း၊ နတ်မင်း၊ ဗြဟ္မာမင်းတို့၏ စည်းစိမ်ချမ်းသာထက်သော်လည်း ကောင်း၊ လွန်ကဲထူးမြတ်သော သောတာပတ္တိဖိုလ်သို့ ရောက်အပ်ပြီ"

ဟု ဘုရားရှင်က မိန့်ကြားတော်မူသည်။

ဤသို့အားဖြင့် ကာလသတို့သားသည် အကာတည်းဟူသော အသပြာတစ်ထောင်လိုချင်ရာမှ အနှစ်ဟူသော သောတာပတ္တိဖိုလ်သို့ ရရှိခံစားရလေတော့သည်။

## ဗုဒ္ဓဝေဒင်အကာကို လိုချင်သော မောဂ္ဂလိပုတ္တတိဿလုလင်

တိဿဗြဟ္မာကြီးသည် ရဟန္တာများ၏ တောင်းပန်မှုကြောင့် ဗြဟ္မာပြည်မှစုတေ၍ ဝေသာလီပြည်အနီးရှိ ပုဏ္ဏားတို့၏ မြို့၌နေသော မောဂ္ဂလိအမည်ရှိသော ပုဏ္ဏားမကြီး၏ဝမ်း၌ သန္ဓေယူလေသည်။

ထိုဗြဟ္မာ လူ့ပြည်လား၍ သန္ဓေယူသောအချိန်မှစ၍ ရဟန္တာကြီးများက ဒဏ်တပ်ခံထားရသော သိဂ္ဂဝမထေရ်နှင့် စဏ္ဍဝဇ္ဇိမထေရ်နှစ်ပါးတို့တွင် သိဂ္ဂဝမထေရ်သည်လည်း ပဋိသန္ဓေနေသောနေ့မှစ၍ ပုဏ္ဏားအိမ်၌ နေ့စဉ်မပြတ် ဆွမ်းရပ်လေသည်။

ခုနစ်နှစ်ပတ်လုံးကြာသော်လည်း တစ်လုတ်စာသော ဆွမ်း

တစ်ခွန်း၊ တစ်ယောက်မသောယာဂုကိုမျှ မစားရဖူးချေ။

တစ်နေ့သောအခါ အိမ်ရှင်ပုဏ္ဏားသည် အပြင်သို့အလုပ်ကိစ္စနှင့်ထွက်ခိုက်ကြုံ၍ အရှင်သိဂ္ဂဝ ဆွမ်းရပ်သော် ပုဏ္ဏားမက ကန်တော့ပါ၏ဟူသောစကားကို မထေရ်ကို ဆိုလိုက်မိလေသည်။

ပုဏ္ဏားကြီးသည် အလုပ်ကိစ္စပြီး၍ အိမ်သို့ပြန်လာစဉ် လမ်း၌ အရှင်သိဂ္ဂမထေရ်နှင့် ရင်ဆိုင်တွေ့မိလေသည်။

"အရှင်ရဟန်း၊ ယနေ့ငါတို့အိမ်၌ ဆွမ်းရပ်ခြင်းသည် ရခဲ့ ပါ၏လော"

ဟု မေးလိုက်သည်။

"ရခဲ့ပါ၏"

ဟု မထေရ်က အဖြေပေးခဲ့သည်။

ပုဏ္ဏားသည် စိတ်ဆိုးလျက် အိမ်သို့ပြန်လာပြီးလျှင် အိမ်သို့ရောက်လျှင်ရောက်ချင်း သားမယားတို့ကို–

"သင်တို့ ယနေ့ဆွမ်းခံသော ရဟန်းအား ဆွမ်းပေးလိုက်ပါသလော"

ဟု ခက်ထန်စွာ မေးလေသည်။

"အရှင် မည်သည့်အရာမျှ မပေးလိုက်မိကြပါ"

"သင်တို့မပေးကမ်းဘဲလျက် ရဟန်းက ရခဲ့သည်ဟု ပြောသည်၊ ဒါဆို ဒီရဟန်းကို နက်ဖြန်မှသာဝါဒကံဖြင့် ငါစွပ်စွဲဆိုပါအံ့"

နောက်တစ်နေ့ အရှင်သိဂ္ဂဝသည် ပြုမြဲဆွမ်းခံဝတ်ကို ပြု၍ ပုဏ္ဏားအိမ်သို့ ဆွမ်းရပ်လေသည်။

ပုဏ္ဏားသည် အိမ်ဝသို့ရောက်လာသော အရှင်သိဂ္ဂဝမထေရ်၏ အနီးသို့သွားရပ်၍-

"အရှင်ရဟန်း၊ ယမန်နေ့က ငါတို့အိမ်က တစ်စုံတစ်ခုမျှ မရဘဲလျက် ရ၏ဟုသင်ဆိုသည်၊ ရဟန်းတို့အား မဟုတ်မမှန်သောစကားသည် သင့်တော်အပ်ပါသလော"

ဟု မေးသည်။

"ပုဏ္ဏား၊ သင့်အိမ်၌ ငါဆွမ်းရပ်သည်ကား ခုနစ်နှစ်ရှိပါပြီ၊ ကန်တော့ပါ၏ဟူသော ပဋိသန္ထာရစကားကိုမျှ မရမူ၍၊ မနေ့က ထိုစကားကို ရခဲ့သောကြောင့် ရခဲ့၏ဟု ငါဆိုပါ၏"

ပုဏ္ဏားကြီးသည် ထိုစကားကိုကြားလျှင်-

"ဤအရှင်တို့ကား ဤမျှလောက်သောစကားကို ရရုံမျှပင် အားရဝမ်းသာ ချီးမွမ်းသေး၏၊ တစ်ဇွန်းတစ်ယောက်မျှသော ဆွမ်း၊ ခဲဖွယ်၊ ဘောဇဉ်ကိုရဘိမူကား အဘယ်မှာ မချီးမွမ်းဘဲ ရှိပါအံ့နည်း"

ဟုကြိုးစည်ဆင်ခြင်လျက် ရှင်လန်းတက်ကြွလာသည်။ တရားစိတ်ပေါ်လာသည်ဖြစ်၍ မိမိစားရန်ထားသော ထမင်းမှ တစ်ဇွန်းမျှကိုယူ၍–

"အရှင်ရဟန်း၊ ဤမျှလောက်သောဆွမ်းကို နေ့တိုင်းမပြတ် ရပါအံ့"

ဟုဆို၍ လောင်းလှူလေသည်။

ထိုနေ့မှစ၍ တစ်နေ့ထက်တစ်နေ့ ကြည်ညိုစိတ်များ ဆက်ကာဆက်ကာ ပေါ်လာသဖြင့် အိမ်ပေါ်သို့ပင်ကာ တစ်နပ်စာသောဆွမ်းကို နေ့စဉ် ဆက်ကပ်လှူဒါန်းလေသည်။

မထေရ်မြတ်ကလည်း နေ့စဉ်နေ့တိုင်း အနည်းငယ် အနည်းငယ်သော တရားတို့ကို ဟောပြောပြီးမှ ပြန်ကြွလေ့ရှိသည်။

သိဂ္ဂဝမထေရ်မြတ်သည် သူငယ်ဖွားသောနေ့မှ ၁၆ နှစ်ရောက်သည့်အထိ တစ်ကြိမ်တစ်ခါမျှ ဆုံ၍စကားပြောဖူးသည် ဟူ၍ မရှိပေ။

တိဿသတို့သားသည် ဗြဟ္မာပြည်မှလာသူပီပီ အလွန်ဉာဏ်ပညာထက်မြက်လှ၍ ၁၆နှစ်အရွယ်အရောက်တွင် ပုဏ္ဏားတို့တတ်အပ်သော ဗေဒင်သုံးပုံပညာ၌ တစ်ဖက်ကမ်းခပ် တတ်မြောက်လေသည်။

ဗြဟ္မာပြည်မှလာသောသူငယ်ဖြစ်၍ အလွန်သန့်ရှင်းစင်

ကြယ်မှုကို နှစ်သက်လေသည်။ သူငယ်အိပ်သောနေရာ၊ နေထိုင်သော နေရာတို့၌ မည်သူတစ်ဦးတစ်ယောက်မျှ အိပ်ခြင်း၊ ထိုင် ခြင်း၊ မပြုလုပ်ရပေ၊ သူငယ် ဆရာအိမ်သို့ သွားသောအခါ သူငယ်၏ အိပ်ရာကို ဖြူသောအဝတ်ဖြင့် လွှမ်းမိုးလျက် အထက်၌ သာ ဆွဲထားရလေ့ရှိသည်။

တစ်နေ့တွင် သိဂ္ဂဝမထေရ်မြတ်သည် ဤသို့ကြံစည်မိလေသည်။

'ဤသူငယ်အိမ်၌ ငါဆွမ်းခံသည်မှာ တစ်ဆယ့်ခြောက်နှစ်ကာလ ကြာခဲ့လေပြီ။ ဤသူငယ်အား ရှင်ရဟန်းပြုခြင်းငှာလည်း သင့်ချေပြီ၊ ဤသူငယ်နှင့်ငါသည် တစ်ရံတစ်ဆစ်မျှ စကားပြောဆိုဖူးခြင်းလည်း မရှိခဲ့။ ယနေ့စကားပြောခွင့်ရအောင်ဆိုကလည်း ဤသူငယ်နေသော နေရာကို ငါနေရမှ စကားပြောခွင့်ရပေလိမ့်မည်။ ယနေ့စကားပြောခွင့်ရအောင် သူငယ်နေရာမှတစ်ပါး အခြားနေရာများ ဤအိမ်တွင် ရှာမရစေဖြစ်ပါသတည်း'

ဟု အဓိဋ္ဌာန်ပြု၍ ဆွမ်းခံကြွလေသည်။

အိမ်ပေါ်သို့တက်သောအခါ အိမ်ရှိလူတို့သည် သူငယ်နေရာမှတစ်ပါး အခြားခင်းဖို့ရာကိုမမြင်ရာ သူငယ်၏ အိပ်ရာကိုပင် မထေရ်မြတ်အား ခင်းပေးလိုက်လေသည်။ မထေရ်မြတ်ကလည်း ထိုနေရာပင်ထိုင်၍ ကပ်လှူသောဆွမ်းကို ဘုဉ်းပေး

ယုံးဆောင်လေသည်။

သူငယ်သည် ဆရာထံမှပြန်လာ၍ မိမိနေရာ၌ မိမိအိပ်ရာ
ကိုခင်း၍ ထိုင်နေသော ရှင်သိဂ္ဂဝကိုမြင်လျှင် မရွှင်သောနှလုံး
ဓမျက်ထွက်သောစိတ်ဖြင့်-

"ဤဦးပြည်းရဟန်းအား မည်သူက ငါ၏နေရာအိပ်ရာကို
ခင်းပေးသနည်း"

ဟု ဆိုမြည်ရေရွတ်လေသည်။

အရှင်သိဂ္ဂဝသည် စကားတုန့်ပြန်မဆို၊ ဆွမ်းကိုသာ
ဆက်လက်ဘုဉ်းပေးနေသည်။ အတန်ကြာ၍ သူငယ်အမျက်
ပြည်းသောအခါ မထေရ်မြတ်က

"အမောင်လုလင်၊ သင်ဗေဒင်သင်သည်ကား စိုးစဉ်းမျှ
ဘတ်ပါပြီလော"

ဟု မေးလိုက်သည်။

"ရှင်ရဟန်း၊ ကျွန်ုပ်မှမတတ်လျှင် ဘယ်သူတတ်မည်
နည်း"

မာန်နှင့်ပြန်ပြောလိုက်သည်။ ပြီးလျှင်-

"ရှင်ရဟန်းကော ဗေဒင်တတ်ပါသလား"

ဟုထပ်ဆင့်မေးခွန်းထုတ်လိုက်ပြန်သည်။

"တတ်သည် မတတ်သည်အမေးကို အသာထား၊ သင်မေးလိုသမျှမေးလော့၊ မေးလျှင် သိရလတ္တံ့."

ထိုစကားကိုကြားရလျှင် တိဿလုလင်သည် မိမိသင်ခဲ့သမျှသော ပညာ၌ ခက်ရာခက်ဆစ်ဟူသမျှကို မေးလေသည်။

အရှင်သိဂ္ဂဝသည်ကား ရဟန္တာမဖြစ်မီကပင် ဗေဒင်သုံးကျမ်းကို ကမ်းတစ်ဖက်ခပ် တတ်ထားသူဖြစ်၍ ရဟန္တာဖြစ်သောအခါဝယ် မည်သည့်ပညာမျှ ထွေးယှက်ခြင်းမရှိ၊ ယုတ္တိအာရုံနှင့်တကွ မေးသမျှကို တခဏချင်း ဖြေဆိုပေးလေသည်။

တိဿလုလင်သည် မထေရ်မြတ်က မေးသမျှ ကောင်းစွာဖြေဆိုသည်ကို အလွန်သဘောကျ ဝမ်းမြောက်မိလေသည်။

တိဿလုလင်က မေးစရာကုန်သောအခါမထေရ်မြတ်က–

"လုလင်၊ ငါ့အားသင်မေးသမျှ ပြဿနာအားလုံးကို ငါဖြေပေးခဲ့ပြီ၊ သင့်ကိုလည်း ပြဿနာတစ်ခု ငါမေးလိုသည်၊ ထိုပြဿနာကို သင်ဖြေကြားအံ့လော"

ဟု မေးသည်။

"အရှင်ရဟန်း မေးလော့၊ ဖြေပါအံ့"

တိဿလုလင်က ဤသို့ဝန်ခံလျှင် ရှင်သိဂ္ဂဝမထေရ်သည် စိတ္တယမိုဒ်လာ"အကြင်ပုဂ္ဂိုလ်၏စိတ်သည် ဖြစ်ဆဲ၊ ချုပ်ဆဲမဟုတ် ထိုပုဂ္ဂိုလ်၏စိတ်သည် ချုပ်လတ္တံ့. မဖြစ်လတ္တံ့.လော။

အကြင်ပုဂ္ဂိုလ်၏စိတ်သည် ချုပ်လတ္တံ့ မဖြစ်လတ္တံ့ ထိုပုဂ္ဂိုလ်၏စိတ်သည် ဖြစ်ဆဲမဟုတ်လော"ဟူသော မေးခွန်းပြဿနာကို မေးလေသည်။

တိဿလုလင်သည် ထိုမေးခွန်း၏အဖြေကို မိမိသင်ကြားခဲ့သော ဗေဒင်သုံးပုံ၌ အထက်အောက် အပြန်အလှန်စဉ်းစားဆင်ခြင်၍ အဖြေကိုရအောင် ကြံစည်လေသည်။ သို့သော် အတန်ကြာသည်အထိ ပြဿနာ၏အဖြေကို စဉ်းစားမရ အဖြေမရခဲ့ချေ။

"ရှင်ရဟန်း ထူးဆန်းလှပေသည် ဤဗေဒင်ကား အဘယ် ဗေဒင်နည်း"

"လုလင် ဗုဒ္ဓဗေဒင်ဖြစ်သည်"

"ရှင်ရဟန်း ဗုဒ္ဓဗေဒင်ကား အဘယ်မျှလောက် များပြားပါသနည်း"

"လုလင်၊ ငါတို့ဗုဒ္ဓဗေဒင်ကား ရှစ်သောင်းလေးထောင်မျှ များပြား၏၊ သိကြား ဗြဟ္မာတို့မှ မြင်ခြင်းငှာမစွမ်းနိုင်သော ဓမ္မသဘာဝကိုလည်း သိတတ်ရ၏"

"အရှင်ဘုရား ဤဗေဒင်ကို ကျွန်ပ်အား သင်ပေးနိုင်ပါမည်လော"

"လုလင်၊ ငါကဲ့သို့ရဟန်းအသွင်ဖြင့် နေသောသူတို့ကိုသာ

ငါသင်နိုင်၏"

"အရှင်ရဟန်း၊ ကောင်းပါပြီ၊ ကျွန်ုပ်ရဟန်းအသွင်ဖြင့် နေ၍ သင်ပါအံ့"

တိဿလုလင်သည် ဤသို့ဝန်ခံပြီးသော် ချက်ခြင်းပင် မိဘတို့ထံသို့သွား၍-

"မိခင်ဖခင်တို့၊ ဤရဟန်းသည် ဗုဒ္ဓဗေဒင်ကိုတတ်၏။ မိမိကဲ့သို့ သက်န်းဝတ်သောသူကိုသာလျှင် သင်ပေးအံ့ဟု ဆိုချေသည်။ ထိုဗေဒင်ကို သင်ယူရအောင် ကျွန်ုပ်ရဟန်းပြုပါရစေ" ဟု ခွင့်တောင်းလေသည်။

မိဘတို့ကလည်း ငါတို့သားသည် ဗေဒင်တတ်ရုံသင်ပြီးလျှင် လူ့ခွင်သို့ပြန်လာလတ္တံ့ဟု နှလုံးထား၍-

"ချစ်သား-ကောင်းပြီ၊ ရဟန်းပြုလော့"

ဟု ခွင့်ပေးလိုက်ကြလေသည်။

မိဘထံမှ ခွင့်ရလျှင် ရှင်သိဂ္ဂဝမထေရ်သည် တိဿလုလင်အား ဆံမုတ်ဆိတ်တို့ကိုပယ်ကာ ရှင်ပြုပေးလေသည်။

ရှင်ဖြစ်သော တိဿသာမဏေကို တစပဉ္စကစသော ကာယဂတာသတိကမ္မဋ္ဌာန်းကို သင်ပေးရာ မကြာခင်ပင် သောတာပတ္တိဖိုလ်၌ တည်လေသည်။

'ဤတိဿကား ပထမဖိုလ်သို့ရောက်၍ နောက်သို့ပြန်

ဆုတ်လတ္တံ့သောအကြောင်းမရှိပြီ၊ အလိလိသော ကမ္ဘာ့ဝန်းကို ပွားစေရသော် အရဟတ္တဖိုလ်သို့ ဆိုက်ရောက်မည်ကား မချွတ် ပြီ၊ ယခု 'စက္ကာဝဇ္ဇိမထေရ်ထံသို့ စေလွှတ်၍ ပညာသင်ယူစေ သော်သင့်၏'

ဤသို့ကြံစည်ပြီးလျှင် သာမဏေကို ခေါ်ကာ

"ငါ့ရှင်တိဿ၊ ဤမည်သောအရပ်၌ ငါ၏အဆွေခင်ပွန်း ဖြစ်သော စက္ကာဝဇ္ဇိမထေရ်နေပါသည်။ သင်သည် ထိုမထေရ်ထံ သို့သွား၍ ဘုရားရှင်၏စကားတော်များကို သင်ယူပါလေ။ ငါ၏ စကားဖြင့်လည်း ထိုအရှင်အား အနာကင်းခြင်း၊ ချမ်းသာ စွာနေထိုင်ရခြင်းကို ပေးပါလေ။ ထိုအရှင်က သင်၏ဆရာမည် သူလဲဟု မေးက ကျွန်ုပ်၏ဆရာ အရှင်သိဂ္ဂဝဖြစ်ကြောင်း လျှောက်ထားပါလေ။ ငါကားအဘယ်အမည်ရှိသနည်းဟု မေး လျှင်အရှင်၏အမည်ကို တပည့်တော်ဥပဇ္ဈာယ် ဆရာ ကသိပါ ၏ဟု လျှောက်ထားပါလေ။ ဆရာ၏အမည်ကို ရှေ့တွင်ထုတ် ဖော်၍ ခေါ်ခြင်းမည်သည် ကား မရှိသေရာရောက်သည်၊သင် ထုတ်ဖော်မခေါ်မပြောပါလင့်"

ဟုမှာကြားသည်။

ရှင်တိဿသည် ဆရာကိုကောင်းပါပြီဟု ဝန်ခံ၍ ဆရာအား ရှိခိုးပြီးလျှင် အရှင်စက္ကာဝဇ္ဇိမထေရ်ထံသို့ လာခဲ့သည်။ ရောက်သောအခါ သင့်လျော်သောအရပ်၌နေ၍ အရှင်စက္ကာဝဇ္ဇိ

မထေရ်ကို ရှိခိုးပြီးနေသည်။

"သာမဏေ၊ ဘယ်အရပ်ကနေ ဘယ်အကြောင်းကြောင့် ငါ့ထံလာပါသလဲ"

"တပည့်တော်၏ ဥပဇ္ဈာယ်ဆရာက အရှင်ဘုရားထံ၌ ဘုရားဟော ပိဋကတ်သင်ချေဟု စေခိုင်းလွှတ်သောကြောင့် လာပါသည်ဘုရား"

"သင့်ဆရာကား အဘယ်အမည်ရှိပါသလဲ"

"အရှင်သိဂ္ဂဝမထေရ်ဖြစ်ပါသည်ဘုရား"

"ငါ့အမည်ကား ဘယ်လိုခေါ်ပါသလဲ"

"အရှင်ဘုရား၏အမည်ကို တပည့်တော်၏ ဥပဇ္ဈာယ်ဆရာက သိပါသည်ဘုရား"

"သာမဏေ ထိုသို့ဖြစ်က သင်၏သပိတ်သင်္ကန်းတို့ကို သိမ်းဆည်းပါလော့"

အရှင်စဏ္ဍဝဇ္ဇီမထေရ်က ဤသို့ခွင့်ပေးလျှင် တိဿ သာမဏေသည် ပေးအပ်သောနေရာတွင် သပိတ်သင်္ကန်းကို သိုမှီးသိမ်းဆည်း၍ ထိုညတွင် ကျိန်းစက်လေသည်။

နံနက်အချိန်ရောက်သော် စောစောထ၍ ကျောင်းအရာမ်၌ တံမြက်လှည်းပြီးသော်၊ မထေရ်ထသောအခါ မျက်နှာသစ်ရေ၊ ဒန်ပူတို့ကိုလည်းကောင်း၊ မျက်နှာသုတ်ပဝါတို့ကိုလည်း

ကောင်း ကပ်သည်။

အရှင်စဏ္ဍာဝဇ္ဇီမထေရ်သည် သာမဏေငယ်၏ သည်းခံခြင်း ရှိ–မရှိကို သိခြင်းငှာလည်းကောင်း၊ အခွင့်အရာ၌ လိမ္မာခြင်း ရှိ–မရှိကိုသိခြင်းငှာလည်းကောင်း ကပ်လာသောရေကို သွန်ပစ်သည်။ ဒန်ပူကို ပယ်ရှားပြီး အခြားရေနှင့် ဒန်ပူကိုယူ၍ မျက်နှာသစ်သည်။ ဒန်ပူတိုက်သည်။ တံမြက်လှည်းရာ၌လည်း ထပ်၍သာ တံမြက်လှည်းသည်။

သာမဏေငယ်သည် မထေရ်၏ ဤသို့ပြုမူချက်ကို မည်သို့မျှစိတ်မကွက်ဘဲ နောက်နေ့ ဆက်လက်ဆောင်ရွက်သည်။ မထေရ်ကလည်း ယခင်ကအတိုင်း ပစ်ပယ်၍ အသစ်ပြုလုပ်သည်။ ဤသို့ဖြင့် ခုနစ်ရက်မျှကြာအောင် ပြုလုပ်ခဲ့သည်။

ခုနစ်ရက်စေ့သောအခါ အရှင်စဏ္ဍာဝဇ္ဇီသည် သာမဏေငယ်ကို ခေါ်ကာ–

"သင်သည် ငါ့ထံသို့ အဘယ်အကျိုးငှာ လာပါသလဲ"

ဟု ထပ်မံမေးမြန်းသည်။ သာမဏေကလည်း ယခင်အတိုင်းပင် ပြန်ဖြေသည်။

'ဤသာမဏေသည် တော်တည့်မှန်ကန်သောစကားရှိ၏။ ဝတ်နှင့်ပြည့်စုံလှချက်၊ သီလသိက္ခာပုဒ်ကိုလည်း ဂရုပြု၏။ ဥပဇ္ဈာယ်ဆရာတို့၌ထားအပ်သော ဒဏ်ကိုလည်း သည်းခံလေ့

ရှိ၏။ ဗြဟ္မာပြည်သို့သွား၍ ရဟန္တာမထေရ်များ တောင်းပန်ခဲ့သော တိဿဗြဟ္မာစစ်စစ်ပင် ဖြစ်လိမ့်မည်'

အရှင်စဏ္ဍဝဇ္ဇိမထေရ်သည် ဤသို့စဉ်းစားမိပြီး သာမဏေကို ပိဋကတ်သင်ယူခွင့်ပေးလေသည်။

သာမဏေသည် ရှိသေစွာသင်ယူကျက်မှတ်သဖြင့် သုတ်၊ ဝိနည်း၊ အဘိဓမ္မာတို့ကို အဋ္ဌကထာနှင့်တကွ သာမဏေဘဝနှင့်ပင်အာဂုံဆောင်နိုင်လေသည်။

ဝိနည်းကိုမူ ရဟန်းဖြစ်သောအခါမှသင်သည်။ ရဟန်းတစ်ဝါမပြည့်မီ ပင် ပိဋကတ်သုံးပုံတို့ကို အာဂုံဆောင်နိုင်ပြီး တစ်ဖက်ကမ်းခပ် တတ်မြောက်လေသည်။

ထို့နောက် တိဿမထေရ်သည် ကမ္မဋ္ဌာန်း ဝိပဿနာတရားတို့ကို လွန်စွာအားထုတ်သဖြင့် အရဟတ္တဖိုလ်သို့ ဆိုက်ရောက်လေသည်။

နောက်ပိုင်းတွင် အရှင်မောဂ္ဂလိပုတ္တတိဿမထေရ်သည် သီရိဓမ္မာသောကမင်းကြီး တတိယသံဂါယနာတင်ရာဝယ် ဦးစီးခေါင်းဆောင် သံဃာ့မထေရ်ကြီး ဖြစ်လာခဲ့သည်။

ဗုဒ္ဓဗေဒင်ဟူသောအကာကိုလိုချင်၍ သာသနာ့ဘောင်သို့ရောက်ခဲ့ရသော တိဿလုလင်၏ဘဝသည် အရဟတ္တမဂ်၊ အရဟတ္တဖိုလ်တည်းဟူသော အနှစ်ကို ရရှိခံစားခဲ့ရပြီး သာသနာ

တော်အတွက် အလွန်တန်ဖိုးမပြတ်နိုင်သော တတိယသံဂါယနာ တင်ခြင်းဟူသော သာသနာ့အကျိုးကို သယ်ပိုးဆောင်ရွက်သွား နိုင်လေသည်သာ။

## ဗုဒ္ဓမတ္တန်အကာကွယ်လိုချင်သော နာဂသေနလုလင်

တာဝတိံသာနတ်ပြည်ရှိ ကေတုမတီဗိမာန်မှ မဟာသေန နတ်သားသည် အရှင်တဿဂုတ္တအမှူးရှိသော ရဟန္တာမထေရ် မြတ်တို့၏ တောင်းပန်မှုကြောင့် ဟိမဝန္တာတောင်ခြေရင်း၌တည် ရှိပြီး၊ ဂဇင်္ဂလပုဏ္ဏားတို့ရွာ၌နေသော သောဏုတ္တရပုဏ္ဏား၏ဇနီးဝမ်း၌ ပဋိသန္ဓေစွဲယူလေသည်။

ထိုသို့ ပဋိသန္ဓေယူသည်နှင့်တစ်ပြိုင်နက် လက်နက်ဘဏ္ဍာတို့သည် ထွန်းတောက်ပကုန်သည်။ မြတ်သောကောက်စပါးတို့သည် ပြည့်စုံကုန်သည်။ မိုးကြီးသည် သည်းထန်စွာ ရွာသွန်းလေသည်။

ဤထူးကဲအံ့ဖွယ်သော အဖြစ်သုံးမျိုးသည် ထင်ရှားဖြစ်

ပေါ်ခဲ့လေသည်။

အရှင်ရောဟာဏအမည်ရှိသော ရဟန္တာသည် သံဃာတော်များ၏ တာဝန်ပေးချက်အရ ထိုမဟာသေန နတ်သားနတ်သက်ကြွေ၍ လူ့ပြည်၌သန္ဓေယူသောအချိန်မှစ၍ ထိုသတို့သား ရဟန်းပြုသည်အထိ တာဝန်ယူစောင့်ရှောက်ရန် တာဝန်ပေးအပ်ခံရသည်။

အရှင်ရောဟာဏသည် ထိုမဟာသေနပဋိသန္ဓေယူသောနေ့မှစ၍ ခုနစ်နှင့်ဆယ်လတို့ပတ်လုံး ထိုသောဏုတ္တရပုဏ္ဏားအိမ်သို့ ဆွမ်းခံဝင်သည်။ တစ်ယောက်မ,မျှလောက်သောဆွမ်း၊ တစ်ယောက် ချို မျှလောက်သော ယာဂုကိုမျှ မရခဲ့စဘူး။ ရှိခိုးခြင်း၊ လက်အုပ် ချီခြင်း၊ အရိုအသေပြု ခြင်းကို လည်း တစ်နေ့မျှပင် မရခဲ့ချေ။ "အရှင်ဘုရား– ကန်တော့ပါသေး၏"ဟူသော စကားကိုလည်း ပြောဆိုမခံရ။ ဆဲရေးခြင်း၊ ကြိမ်းမောင်းခြင်းကိုသာ အမြဲရလေ သည်။

ခုနစ်နှင့်ဆယ်လလွန်သော နောက်တစ်နေ့ဝယ် ပုဏ္ဏားမ၏

"အရှင်၊ ကန်တော့ပါသေး၏"

ဟူသောစကားမျှကို ရလေသည်။

ထိုနေ့တွင် သောဏုတ္တရပုဏ္ဏားသည် ပြင်ပအလုပ်လုပ်ပြီး

၍ အိမ်သို့ပြန်လာစဉ် ရောဟဏာမထေရ်နှင့် ခရီးရင်ဆိုင်တွေ့မြင်ရသဖြင့် လောကဝတ်အနေဖြင့်-

"ရဟန်း၊ ငါတို့အိမ်သို့ ရောက်ခဲ့ပြီမဟုတ်ပါလော"

ဟု မေးလိုက်သည်။

"ပုဏ္ဏား၊ ရောက်ခဲ့ပြီးပါပြီ"

"တစ်စုံတစ်ခုကိုမျှ ရခဲ့ပါ၏လော"

"ပုဏ္ဏား၊ ရခဲ့ပါ၏"

ထိုရခဲ့ပါ၏ဟူသောစကားကိုကြားရလျှင် ပုဏ္ဏားသည် နှလုံးမသာ စိတ်မချမ်းမသာဖြစ်ပြီး အိမ်သို့အဆောတလျှင် ပြန်သည်။ ပုဏ္ဏေးမကို ဒေါသဖြင့်

"ရဟန်းကို တစ်စုံတစ်ခုကို ပေးမိပါသလော"

ဟု မေးလေသည်။

"အရှင်၊ တစ်စုံတစ်ခု ဘာမျှ မပေးလိုက်မိပါ"

"ရဟန်းသည် ငါ့ကိုတစ်စုံတစ်ရာ ရခဲ့သည်ဟု ပြောသည်၊ နောက်နေ့လာပါစေဦး၊ ရဟန်းကို မုသာဝါဒဖြင့် နှိမ်အံ့"

ပုဏ္ဏားသည် ဤသို့စဉ်းစားပြီးလျှင် နောက်နေ့အလုပ်မသွားတော့ဘဲ အိမ်တံခါးဝကနေ ထိုင်စောင့်နေလေသည်။

နောက်နေ့တွင် အရှင်ရောဟဏာသည် ထုံးစံအတိုင်း

သောဏာတ္တာရပုဏ္ဏားအိမ်သို့ ကြွမြဲကြွလေသည်။ ပုဏ္ဏားသည် မထေရ်ကိုမြင်လျှင်မြင်ချင်းပင်–

"သင်သည် ယမန်နေ့က ငါ့အိမ်က တစ်စုံတစ်ရာမရဘဲ လျက် ရသည်ဟု ဝန်ခံပြောဆိုခဲ့သည်၊ သင်ရဟန်းသည် မဟုတ် မမှန် ပြောဆိုခဲ့သည်။ သင်ရဟန်းအတွက် ဤသို့လိမ်ညာပြော ဆိုသင့်ပါသလော"

"ပုဏ္ဏား၊ ငါသည် သင့်အိမ်သို့ ခုနစ်နှင့်ဆယ်လတို့ ပတ်လုံး ဆွမ်းရပ်ခဲ့သည်၊ ကန်တော့ပါသေး၏ ဟူသောစကား ကိုမျှမရခဲ့စဘူး၊ ယမန်နေ့ကမူ အရှင်ကန်တော့ပါသေး၏ ဟူသောစကားကို ရခဲ့သည်၊ ထိုသို့ရသောကြောင့် ထိုပဋိသန္ထာရ စကားတစ်ခွန်းကိုပင် အကြောင်းပြု၍ ရခဲ့သည်ဟု ငါဆိုပါ သည်"

'ရဟန်းတို့ကား ပဋိသန္ထာရစကားကို ရရုံမျှဖြင့် လူတို့ အလယ်၌ ရကုန်၏ဟု ချီးမွမ်းကြကုန်၏။ တစ်ပါးသော တစ်စုံ တစ်ခုသော ခွဲဖွယ်ဘောဇဉ်ကို ရခဲ့သော် အဘယ်မှန်လျှင် မချီး မွမ်းဘဲ နေပါအံ့နည်း'

ပုဏ္ဏားသည် ဤသို့ကြံစည်ကြည်ညို၍ မိမိအလို့ငှာ စီရင်အပ် သောထမင်းမှ တစ်ဇွန်းသောဆွမ်းနှင့် ဆွမ်းဟင်းကို လောင်းလှူ စေသည်။

"ဤမျှသောဆွမ်းကို အခါခပ်သိမ်း အရှင်ဘုရား

ရပါလိမ့်မည်"

ဟူ၍လည်း ပင့်ဖိတ်လျှောက်ထားလေသည်။

ပုဏ္ဏားသည် နောက်တစ်နေ့မှစ၍ ချဉ်းကပ်လာသော မထေရ်၏ ငြိမ်သက်သော ကြွေ့ြတို့ကိုမြင်ရ၍ အတိုင်းထက် အလွန် ကြည်ညိုပြီးလျှင် မထေရ်ကို မိမိအိမ်၌ဆွမ်း ဘုဉ်းပေးရန် တောင်းပန်လေသည်။

မထေရ်ကလည်း ဆိတ်ဆိတ်နေ၍ လက်ခံကာ နေ့စဉ် နေ့တိုင်း ဆွမ်းစားကြွလျက် အနည်းငယ် အနည်းငယ်သော တရားကို ဟောကြားပြီးမှ ပြန်ကြွလေသည်။

ပုဏ္ဏေးမသည် ဆယ်လလွန်သဖြင့် သားကိုဖွားမြင်ခဲ့ သည်။ သားကို 'နာဂသေန'ဟူ၍ အမည်မှည့်လေသည်။

နာဂသေနသည် အစဉ်သဖြင့် ကြီးထွားခဲ့ရာ ခုနစ်နှစ်သား အရွယ်သို့ ရောက်ရှိလာခဲ့သည်။

ထိုအခါ ပုဂ္ဏားက သားကိုခေါ်ယူ၍-

"ချစ်သား၊ ငါတို့ပုဏ္ဏားမျိုးတို့ သင်ကြားအပ်သော အတတ်ပညာတို့ကို သင်ကြားရန် အချိန်ရောက်ပါပြီ၊ အတတ် ပညာတို့ကို ချစ်သား သင်ကြားပါလော့"

ဟုပြောသည်။

"ဖခင်၊ ပုဏ္ဏားမျိုးတို့သင်ကြားအပ်သော အတတ်ပညာ

များဟူသည် အဘယ်နည်း"

"ချစ်သား၊ ဗေဒင်သုံးပုံသည် ပုဏ္ဏားတို့သင်ကြားအပ်သော အတတ်ပညာဖြစ်ပါသည်"

"ဖခင်၊ ထိုသို့ဖြစ်လျှင် သင်ကြားပေးပါအံ့"

နာဂသေနသတို့သားက ဗေဒင်သုံးပုံသင်ရန် ဝန်ခံသောအခါ သောဏုတ္တရပုဏ္ဏားသည် ဆရာပုဏ္ဏားအား အသပြာ တစ်ထောင်ကို ဆရာစားပေး၍ ပြာသာဒ်တွင်း တိုက်ခန်းဝယ် ညောင်စောင်းကိုထားပြီးလျှင် နာဂသေနကို ဗေဒင် သင်စေသည်။

ဆရာပုဏ္ဏားသည်နာဂသေနသတို့သားအား ဗေဒင်သုံးပုံကို အစဉ်အတိုင်းသင် ပေးသည်။ နာဂသေနသည် ဉာဏ်ပညာ ထက်မြက်သူဖြစ်၍ တစ်ကြိမ်သင်ရုံမျှဖြင့် နှလုံးသား၌ သက်ဝင်ပြီးနှုတ်တက်အာဂုံ ရလေသည်။ သဘောတရားကိုလည်း ခြုံငုံသုံးသပ်မိလေသည်။

"ဖခင်၊ ပုဏ္ဏားမျိုးတို့၌ ဤဗေဒင်သုံးပုံစသည်ထက် အပိုအလွန် သင်ကြားဖွယ်တို့ရှိပါသေးသလော၊ ဒါမှမဟုတ် ဤမျှလောက်သာပင်လော"

"ချစ်သား နာဂသေန၊ ပုဏ္ဏားတို့အတွက် ဤဗေဒင် သုံးပုံသာ သင်ကြားရန်ရှိပါသည်၊ အခြားအပိုမရှိပါ"

နာဂသေနသည် ဖခင်အား မေးပြီးနောက် ဆရာပုဏ္ဏား

ကိုလည်း မေးမြန်းသင့်သမျှ မေးမြန်းစုံစမ်းသည်။ ဆရာက လည်း ဤမျှသာဟု အဖြေပေးခဲ့၍ စာသင်ကြားမှု၌ အားရတင်း တိမ်မှုမရှိသော နာဂသေနသည် ပြာသာဒ်မှသက်ဆင်း၍ ဆိတ် ငြိမ်ရာ၌နေကာ မိမိတတ်သောဗေဒင်၏ အစ၊ အလယ်၊ အဆုံး ကို သုံးသပ်ဆင်ခြင်သည်။

ဗေဒင်၌ အစ၊ အလယ်၊ အဆုံး ကောင်းခြင်းအနှစ်သာရ ကို အနည်းငယ်မျှ ရှာမတွေ့ရ၍-

"အချင်းတို့ ဤဗေဒင်တို့သည် အချည်းနှီးဖြစ်တုန်စွ တကား၊ အချင်းတို့ ဤဗေဒင်တို့သည် အဖျင်းအဂ္ဂိသာဖြစ်ကုန် စွတကား၊ အနှစ်မရှိကုန်၊ အနှစ်ကင်းကုန်၏

ဟုဆိုကာ နှလုံးမသာမယာ စိတ်မချမ်းသာစွာ ခံစားနေရ လေသည်။

အရှင်ရောဟဏသည် ဝတ္တနိယကျောင်း၌နေလျက် နာဂသေန၏စိတ်အကြံကို မိမိစိတ်ဖြင့်သိ၍ သင်္ကန်းကိုရုံ သပိတ် ကိုယူပြီးလျှင် နာဂသေနအိမ်ရှေ့အရပ်သို့ ကြွတော်မူလေသည်။

နာဂသေနသည် မိမိအိမ်တံခါးဝ၌ ရပ်တည်လာသော အရှင်ရောဟဏကိုမြင်လျှင် အားရဝမ်းသာဖြစ်ကာ-

"ဤရဟန်းသည် တစ်စုံတစ်ခုသော အနှစ်သာရကို သိတန်ကောင်းရာ၏"

ဟု ကြံစည်စဉ်းစားမိပြီး မထေရ်ထံသို့ ဆည်းကပ်ရန် ထွက်လာခဲ့သည်။

"အရှင် ဤသို့သဘောရှိသော ဦးပြည်းလျက် ဖန်ရည်ဆိုးသောအဝတ်ကို ဝတ်သောအရှင်ကား အဘယ်လူမျိုးနည်း"

"သူငယ်၊ ငါသည် ရဟန်းမည်ပါသည်"

"အရှင်၊ အသင်သည် အဘယ်ကြောင့် ရဟန်းမည်ပါသနည်း"

"သူငယ်၊ ငါသည် ယုတ်ညံ့သော အကုသိုလ်အညစ်အကြေးကို နှင်ထုတ်အပ်သောကြောင့် ရဟန်းမည်ပါသည်"

"အရှင်၊ သင်၏ဆံပင်တို့သည် အဘယ်ကြောင့် တစ်ပါးသောသူတို့၏ ဆံပင်တို့ကဲ့သို့ မဟုတ်ပါသနည်း"

"သူငယ်၊ ဆံပင်၏ကြောင့်ကြမှု တစ်ဆယ့်ခြောက်ပါးကြောင့် ငါတို့သည် ဆံပင်ကိုပယ်၍ ရဟန်းပြုကြပါ၏"

"အရှင်၊ ဆံပင်၏ ကြောင့်ကြမှု တစ်ဆယ့်ခြောက်ပါးတို့ကား အဘယ်ပါနည်း"

"သူငယ်၊ ဆံပင်၏ ကြောင့်ကြမှုတစ်ဆယ့်ခြောက်ပါးတို့ကား တန်ဆာဆင်ရခြင်း၊ ပြေပြစ်ချောမွေ့အောင် ပြုရခြင်း၊ ဆံ [illegible]ရခြင်း၊ ခေါင်းလျှော်ရခြင်း၊ ပင်ပန်းဆင်းရဲရခြင်း၊ အမွှေး [illegible]ကြိုင်လိမ်းရခြင်း၊ ခေါင်းလျှော်ရန် တရော်ကင်ပွန်း

စသည် စိမ်ထုံရခြင်း၊ သဖန်းခါးသီးရှာရခြင်း၊ သျှိသျှား သီးရှာရခြင်း၊ ဆံပင်နက်အောင် ဆိုးရည်ဆိုးရခြင်း၊ သျှောင်ထုံးရခြင်း၊ ဘီးဖြင့် ဖီးရခြင်း၊ဆတ္တာသည် တို့ဖြင့် ပြုရခြင်း၊ ထုံးပြီးသျှောင်ပြန်ဖြေရခြင်း၊ သန်းရှာရခြင်း၊ ဆံပင်ကျွတ်မှုစိုးရိမ်ရခြင်း၊ ပင်ပန်းရ ခြင်း၊ ငိုကြွေးရခြင်း၊ ညည်းတွားမြည်တမ်းရခြင်း၊ လွန်စွာတွေ ဝေခြင်းတို့၌ ကြောင့်ကြ ကြရပါသည်၊ ဤကြောင့်ကြမှု တစ်ဆယ့်ခြောက်ပါးတို့ဖြင့် ရစ်ပတ်နှောင်ဖွဲ့ခံရသော သူတို့သည်အလွန်သိမ်မွေ့နူးညံ့ကုန်သော အတတ်ပညာအလုံးစုံတို့ကို ဖျက်ဆီးကြလေကုန်၏"

"အရှင် သင်၏အဝတ်တို့သည် အခြားသူတို့၏အဝတ်တို့နှင့် အဘယ်ကြောင့် မတူကြပါသနည်း"

"သူငယ် အဝတ်တို့သည် ကာမဂုဏ်တို့၌သာမှီကုန်၏၊ လူတို့၏ အသွင်အပြင်၊ လူတို့၏ အဝတ်ဘဏ္ဍာအသုံးအဆောင်တို့သည် ကာမဂုဏ်တို့၌သာ မှီကုန်၏၊ အဝတ်ကြောင့်ဖြစ်သောဘေးရန်ဟူသမျှတို့သည် ဖန်ရည်ဆိုးသောသူအား မဖြစ်နိုင်ကုန်၊ ထို့ကြောင့် ငါ၏အဝတ်တို့သည် တစ်ပါးသောသူတို့၏ အဝတ်တို့နှင့် မတူကုန်"

"အရှင် အသင်သည် အတတ်ပညာမည်သည်တို့ကို တတ်ကျွမ်းပါ၏လော"

"သူငယ် ငါသည်လောကရှိ အတတ်ပညာတို့ကို တတ်

ကျွမ်းပါ၏ လောကထက်မြတ်သော မန္တန်ကိုလည်း ငါဘတ်ကျွမ်းပါ၏"

"အရှင် ထိုမန္တန်တို့ကို ကျွန်ုပ်အား သင်ကြားပေးနိုင်ပါမည်လော"

"သူငယ် သင်ကြားပေးနိုင်ပါ၏"

"အရှင် ဤသို့ဆိုလျှင် ကျွန်ုပ်အား သင်ကြားပေးပါလော့"

"သူငယ် သင်ကြားရန် အခါမဟုတ်သေး ဆွမ်းခံဝင်ဆဲဖြစ်နေသေး၏"

ထိုအခါ နာဂသေနသူငယ်သည် အရှင်ရောဟဏသပိတ်ကိုယူ၍ အိမ်တွင်းသို့ ပင့်ဆောင်ပြီးလျှင် မွန်မြတ်သော ဆွမ်းခဲဖွယ် ဘောဇဉ်တို့ဖြင့် ပြုစုလုပ်ကျွေးလေသည်။

ဆွမ်းဘောဇဉ်ကိစ္စ ပြီးသောအခါ သူငယ်သည် မထေရ်အား-

"အရှင် ယခုအခါ မန္တန်ကို ကျွန်ုပ်အား သင်ကြားပေးပါလော"

ဟု လျှောက်ဆို၏။

"သူငယ် သင်သည် ကြောင့်ကြမှုအနှောက်အယှက်ကင်းသည်ဖြစ်၍ မိဘတို့ ခွင့်ပြုချက်ရယူပြီး ငါကဲ့သို့ ရဟန်းအသွင်ယူပြီးမှသာ သင့်ကို မန္တန်သင်ကြားပေးနိုင်ပါမည်"

ထိုအခါ နာဂသေန သတို့သားသည် အဖိအဖတို့ထံ ချဉ်း ကပ်ပြီးလျှင် –

"မိခင်ဖခင်တို့၊ ဤရဟန်းသည် လောကထက် မွန်မြတ်သော မန္တန်ကို ငါသိသည်ဟုပြောဆိုဘိ၏၊ မိမိထံ၌ ရဟန်းမပြုသူအား လည်း မပေးဟုဆိုပါ၏၊ ကျွန်ုပ်သည် ဤရဟန်းထံ၌ ရဟန်းပြု ၍ ထိုမြတ်သောမန္တန်ကို သင်ယူပါအံ့"

ဟု ပြောဆိုခွင့်ပန်လေသည်။

မိဘတို့သည် ငါတို့၏သားသည် ရဟန်းပြုပြီး မန္တန်သင်ယူမည်၊ ပြီးလျှင် ပြန်လာလိမ့်မည်ဟု မှတ်ထင်ကြသဖြင့်–

"ချစ်သား၊ ရဟန်းပြုပြီး မန္တန်ကိုသင်ယူပါလော့"

ဟု ခွင့်ပြုလိုက်ကြလေသည်။

မိဘထံမှ ခွင့်ပြုချက်ရသောအခါ မထေရ်သည် နာဂသေန သတို့သားကို ကျောင်းသို့ခေါ်ယူလာခဲ့ပြီး ဝိဇမ္ဘဝတ္ထုကျောင်းတိုက်၊ ဝတ္တနိယကျောင်း၌ တစ်ညဥ့်မျှနေ၍ နောက်နေ့တွင် ရက္ခိတကုန်းပြင်သို့သွားကာ များစွာသော ရဟန္တာတို့အလယ်၌ နာဂသေနကို ရှင်ပြုပေးလေသည်။

ရှင်ပြုပြီးနောက် နာဂသေနသည် အရှင်ရောဟဏကို–

"အရှင်၊ ယခုအရှင်ဘုရားတို့အသွင် ယူပြီးပါပြီ၊ မန္တန်ကို သင်ပေးပါလော့"

ဟု တောင်းဆိုလေသည်။

အရှင်ရောဟဏသည် ရှင်နာဂသေနအား သုတ်၊ ဝိနည်း၊ အဘိဓမ္မာတို့တွင် အဘယ်ကို အရင်သင်ပေးသင့်သနည်းဟု စဉ်းစားဆင်ခြင်ပြီး-

'နာဂသေနသည် ပညာကြီး၏၊ အဘိဓမ္မာကို ဦးစွာသင်ပေးက သင်ယူခြင်းငှာ စွမ်းနိုင်သူဖြစ်မည်'

ဟု စဉ်းစားဆင်ခြင်ပြီး ရှေးဦးစွာ အဘိဓမ္မာကို သင်ကြားပေးလေသည်။

ရှင်နာဂသေနသည် အဘိဓမ္မာ ခုနစ်ကျမ်းကို တစ်ကြိမ်ရွတ်ဆိုသင်ကြားရုံမျှဖြင့် တတ်ကျွမ်းနားလည်ရာ ခုနစ်လအတွင်း အဘိဓမ္မာကို အကျယ်အားဖြင့် ပြီးဆုံးတတ်မြောက်ခဲ့သည်။

ရှင်နာဂသေန အဘိဓမ္မာ တတ်မြောက်သောနေ့တွင် မြေ ကြီးသည် ပဲ့တင်ထပ်သည်၊ နတ်တို့သည် ကောင်းချီးပေးကြသည်၊ ဗြဟ္မာတို့သည် လက်ပမ်းပေါက်ခတ်ကြကုန်သည်။ နတ်၌ဖြစ်သော စန္ဒကူးနံ့သာမှုန့်မိုးနှင့် မန္တာရဝပန်းမိုးတို့ သည်းစွာသွန်းချလေသည်။

ရှင်နာဂသေန အသက်နှစ်ဆယ်ပြည့်သောအခါ ရက္ခိတကုန်းပြင်၌ပင် ရဟန်းခံပေးကြသည်။

ရဟန်းဖြစ်ပြီးသော အရှင်နာဂသေနသည် နောက်နေ့

နံနက်တွင် ဥပဇ္ဈာယ်ဆရာဖြစ်သော အရှင်ရောဟဏာနှင့်အတူ ရွာတွင်းသို့ ဆွမ်းခံဝင်သည်။

"ငါ၏ ဥပဇ္ဈာယ်ဆရာသည် အချည်းနှီးပေတကား၊ ငါ၏ ဥပဇ္ဈာယ်ဆရာသည် မသိတတ်လှပေတကား၊ အဘိဓမ္မာမှ ကြွင်းသော ဘုရားရှင်၏ ပါဠိတော်ကို ချွင်းချန်ထား၍ ငါ့ကို အဘိဓမ္မာကို ရှေးဦးစွာ သင်ကြားပေးဘိ၏"

ဟု ပြစ်မှားသော အကြံအစည်ကို ကြံစီမိလေသည်။

အရှင်ရောဟဏာသည် နာဂသေန၏အကြံကို မိမိစိတ်ဖြင့် သိ၍-

"နာဂသေန၊ မသင့်လျော်သော အကြံအစည်ကို ကြံစည်ဘိ၏၊ သင်၏ အကြံအစည်သည် မသင့်လျော်ချေ"

ဟု မိန့်ကြားတော်မူသည်။

'အချင်းတို့ အံ့ဖွယ်ရှိပေစွတကား၊ အချင်းတို့ မဖြစ်ဘူး မြဲဖြစ်စွတကား၊ ငါ၏ဆရာသည် မိမိစိတ်ဖြင့် ငါ၏အကြံကို သိပေ၏၊ ငါ၏ ဆရာသည် ပညာကြီးလှ၏၊ ငါသည် ငါ၏ ဆရာကို ကန်တော့တောင်းပန်မှ သင့်ပေမည်'

ဟု အကြံဖြစ်ပြီး ဆရာကို သည်းခံရန် ဝန်ချတောင်းပန် လေသည်။

"အရှင်ဘုရား၊ ကျွန်ုပ်အား သည်းခံတော်မူပါ၊ တစ်ဖန်ဤ

သို့သောအကြံအစည်ကို မကြံစည်တော့ပါ"

"နာဂသေန၊ ငါသည်သင့်အား ဤမျှဖြင့် သည်းမခံနိုင်သေးပါ၊ သာဂလမြို့၌ မိလိန္ဒမည်သော မင်းတစ်ပါးရှိသည်၊ ထိုမင်းသည် အယူဝါဒနှင့် ပတ်သက်၍ အမေးပုစ္ဆာကိုထုတ်ကာ ရဟန်းသံဃာကို ညှဉ်းဆဲ၏၊ သင်သည် သာဂလမြို့သို့သွား၍ မင်းကိုဆုံးမပြီး ဘုရားရှင်သာသနာ၌ ကြည်ညိုနိုင်စေပါမှ ငါသည်းခံခွင့်လွှတ်ပါ၏"

"အရှင်ဘုရား၊ မိလိန္ဒမင်းကို မဆိုထားဘိ၊ ဇမ္ဗူဒိပ်ရှိ မင်းအားလုံးလာ၍ ပြဿနာမေးသော်မှ တပည့်တော်ထို ပြဿနာကို ဖြေဆိုပြီး အယူဝါဒကို ဖြိုခွဲဖြေရှင်းပါအံ့၊ အရှင်ဘုရား တပည့်တော်ကို သည်းခံပါ"

"နာဂသေန၊ သည်းမခံနိုင်သေးပါ"

"ဒါဆိုလျှင် တပည့်တော် ဝါတွင်းသုံးလပတ်လုံး အဘယ်ဆရာထံ၌ နေရပါအံ့နည်း"

ထိုအခါ အရှင်ရောဟဏသည် နာဂသေနကို အရှင်အဿ ဂုတ္တထံသို့ သွားရောက်နေရန် စီမံဆောင်ရွက်ပေးလေသည်။

အရှင်နာဂသေနသည် ဝတ္တနိယကျောင်းသို့သွားကာ အဿဂုတ္တမထေရ်ကို မိမိဆရာကမှာသောအကြောင်းကို ပြောပြ

လျှောက်ထားပြီး နေခွင့်ရရန် လျှောက်ထားသည်။

အရှင်အဿဂုတ္တသည် နာဂသေနကို ဥပဇ္ဈာယ်ဆရာကို မေး ပြီးနောက် သပိတ်သင်္ကန်းတို့ကို သိမ်းထားစေသည်။

နောက်နေ့နံနက်တွင် အရှင်နာဂသေနက တံမြက်လှည်း၍ မျက်နှာသစ်ရေ၊တံပူတို့ကို ဆက်ကပ်တည်ထားသည်။ အရှင် အဿဂုတ္တသည် နာဂသေန တံမြက်လှည်းပြီးနေရာကို ထပ်မံလှည်းသည်။ ရေကိုစွန့်၍ တစ်ပါးသောရေကို ယူသည်။ တံပူ ကိုစွန့်၍ တစ်ပါးသော တံပူကိုသုံးသည်။ စကားပြော ဆိုမေးမြန်းခြင်းကိုမပြု။

ဤသို့ဖြင့် ခုနစ်ရက်ပတ်လုံးပြု၍ ခုနစ်ရက်မြောက်သော နေ့ကျမှ ဝါဆိုခွင့်ပြုလေသည်။ထိုမှ ဝါကျွတ်သော် အရှင်အဿဂုတ္တသည် ရှင်နာဂသေန ကို ပါဠိလိပုတ်ပြည်၊ အာသောကာရုံကျောင်းရှိ အရှင်ဓမ္မရက္ခိတ ထံသို့ စေလွှတ်၍ ပညာသင်စေသည်။

အရှင်နာဂသေနသည် အရှင်ဓမ္မရက္ခိတထံရောက်၍ မိမိ လာခဲ့သောအကြောင်းကို လျှောက်ထားသည်။ထို့နောက် အရှင်ဓမ္မရက္ခိတထံ၌ ပိဋကတ်သုံးပုံကို သင်ယူရာ သုံးလအတွင်း အလုံးစုံပြီးမြောက်အောင်မြင်လေ့ သည်။

"နာဂသေန၊ နွားကျောင်းသားသည် နွားကိုသာထိန်း ကျောင်းရသည်၊ အခြားသူတို့သာ နွားနို့အ ကို ခံစားရသော်

သကဲ့သို့ သင်သည်လည်း ပိဋကတ်သုံးပုံသာဆောင်သည်၊ မဂ်ဖိုလ်အရသာကို မခံစားနိုင်သေး"

ဟု အရှင်ဓမ္မရက္ခိတက မိန့်ကြားသည်။

"အရှင်ဘုရား ရှိပါစေ၊ ဤမျှသော ဩဝါဒဖြင့် သင့်လောက်ပါပြီ"

အရှင်နာဂသေနသည် ဤသို့လျှောက်ထားပြီး ထိုညဥ့်တွင်တရားကို အားထုတ်ရာ ပဋိသမ္ဘိဒါလေးပါးနှင့်တကွ အရဟတ္တဖိုလ်သို့ ဆိုက်ရောက်ခဲ့လေသည်။ထိုနောက် အရှင် နာဂသေနသည် သာဂလပြည်သို့ကြွ ၍ မိလိန္ဒမင်း၏အမေးပြဿနာကို ဥပမာဥပမေယျတို့ဖြင့် ဖြေဆို ပေးခဲ့၍ ဗုဒ္ဓစာပေပိဋကတ်တွင် မိလိန္ဒပဉှာဟူသော ကျမ်းတစ်စောင်ထင်ရှားပေါ်ထွန်းခဲ့လေသည်။

နာဂသေနပုဏ္ဏားလုလင်သည် ဗုဒ္ဓမန္တန်တည်းဟူသော အကာကိုသင်ယူလို၍ ရဟန်းပြုခဲ့ရာမှ ဓမ္မအဆီအနှစ် ပိဋကတ်သုံးပုံကို တတ်မြောက်ခဲ့သည့်ပြင် အနှစ်တည်းဟူသော အရဟတ္တဖိုလ်သို့ပါ ဆိုက်ရောက်ရရှိခံစားခဲ့ရပြီး သာသနာ့သမိုင်းတွင် နေတစ်ဆူ၊ လတစ်ဆူပမာ ထင်ရှားကျော်စောခဲ့ရသူ မထေရ်တစ်ပါးဖြစ်ခဲ့ပါတော့သည်။

## ဗုဒ္ဓမြတ်စွာကို လိုချင်သော ယောသကလုလင်

အိန္ဒိယပြည် ဗုဒ္ဓဘုရားရှင်ပွင့်တော်မူခဲ့ရာ ဗောဓိပင်၏ အရှေ့ဘက်တစ်မိုင်ခန့်အကွာ၌ 'မောရဏ္ဍာ'အမည်ရှိသော ပုဏ္ဏားရွာတစ်ရွာ ရှိလေသည်။

ထိုရွာရှိ ပုဏ္ဏားမိဘတစ်ဦးတွင် သားကလေးတစ်ယောက် မွေးဖွားခဲ့သည်။ ထိုသားကလေး မွေးဖွားချိန်တွင် ထိုရွာ၌ ပုဏ္ဏား တို့၏ ဘာသာဘာဝအားဖြင့် စားကြကုန်၊ သောက်ကြကုန်ဟူ ၍ ကြွေးကြော်ကြသာအချိန်နှင့် တိုက်ဆိုင်နေသည်။

ထိုကြွေးကြော်သောအချိန်တွင် မွေးဖွားသောသတို့သား ဖြစ်၍ သူငယ်ကို မိဘတို့က 'ယောသက'ဟူ၍ အမည်ပေးထား

ကြသည်။

ပုဏ္ဏားမိဘတို့သည် ထိုသားငယ်ကို မိမိတို့၏ မျိုးရိုး အတတ်ပညာဖြစ်သော ဗေဒင်သုံးပုံပညာကို တတ်မြောက် အောင် ဆရာသမားများထံ အပ်နှံ၍ သင်ကြားတတ်မြောက်စေ ခဲ့သည်။

ဃောသကသည် ဉာဏ်ပညာထက်မြက်သော ပါရမီရှင် တစ်ဦးဖြစ်၍ ငယ်ရွယ်စဉ်ကပင် ဗေဒင်သုံးပုံကို ကျွမ်းကျွမ်းကျင် ကျင် တတ်မြောက်လေသည်။ ဘာသာအယူဝါဒမျိုးစုံကို သင်ယူ မှု၌လည်း အလွန်လိုလားနှစ်သက်သူ၊ မရောင့်ရဲနိုင်သူဖြစ်သည်။

အခြားတစ်ပါးအယူဝါဒတို့နှင့် အချေအတင်ပြောဆိုဆွေး နွေးမှုကို အလွန်လိုလားပြီး ဇမ္ဗူဒိပ်ကျွန်းသို့ လှည့်လည်ကာ ဝါဒအယူပြိုင်ပွဲများ ပြုလုပ်ခဲ့သည်။

ဇမ္ဗူဒိပ်ကျွန်း တစ်နေရာရောက်၍ ပတဥ္စလိမည်သော ရှင်ရသေ့၏ အယူဝါဒကို သဘောကျ၍ ပုဒ်ဗျည်းမကျန် သင်ယူ ပြီး သရဇ္ဈာယ်မှု ပြုလေသည်။

တစ်နေ့တွင် ဃောသကလုလင်သည် အရှင်ရေဝတ မထေရ် သီတင်းသုံးသော ကျောင်းသခ်န်းအနီးသို့ ရောက်သွား ပြီး ပတဥ္စလိရှင်ရသေ့၏ အယူဝါဒကို သရဇ္ဈာယ်နေသည်။

အရှင်ရေဝတမထေရ်သည် ပုဏ္ဏားလုလင်၏ ပညာကြီး

ကျယ်ကြောင်းကို သိသည်။ နောင်အခါ သာသနာအတွက် အကျိုးကြီးမားမည်ကိုလည်း သိသည်။ သို့အတွက် မထေရ်မြတ်သည် ပုဏ္ဏားလုလင်ကို ဆုံးမရန် အချိန်တန်ပြီဟု စဉ်းစားဆင်ခြင်တော်မူပြီး–

"ငါ၏အနားမှာ ဆိတ်မြည်သံလို တည်ညံအော်မြည်နေသည်မှာ မည်သူနည်း"

ဟု မေးလိုက်သည်။

ဃောသကသည် မိမိ၏ပညာမာန်ကြီးသည့်အလျောက် မိမိမန္တန် သရဇ္ဈာယ်နေသည်ကို ဆိတ်မြည်သံဟု တင်စားပြောခံရသဖြင့် အလွန်ဒေါသထွက်ပြီး မကြေမချမ်းဖြစ်မိသည်။

"ငါမန္တန် သရဇ္ဈာယ်သည်ကို ဆိတ်မြည်သံလို့ဘယ်သူပြောပါသလဲ"

ဟု ခပ်ထန်ထန် ပြန်မေးလိုက်သည်။

"လုလင်၊ ငါပြောပါသည်"

"သင်ဦးပြည်းရဟန်းက ငါနှင့်ဝါဒပြိုင် ဆွေးနွေးနိုင်ပါသလော"

"သင်လိုရာကိုမေးပါ၊ ငါအဖြေပေးပါမည်"

အရှင်ရေဝတမထေရ်မြတ်က ဤသို့ခွင့်ပေးသောအခါ ဃောသကလုလင်သည် မထေရ်မြတ်ကို မိမိသင်ယူခဲ့သော

ဝါဒ ကိုမေးသည်။ မထေရ်ကလည်း မေးသမျှကို ဖြေကြားသည်။ ယောသကလုလင်နှင့် ဆန့်ကျင်ဘက်ကိုလည်း ပြုတော်မူသည်။

"သင့်မှာမေးစရာရှိသေးက မေးပါဦးလော့"

မထေရ်မြတ်က ထပ်မံ၍ဖိတ်ကြားသည်။ ယောသက လုလင်တွင် မေးစရာအယူဝါဒ မရှိတော့ချေ။

"သင်မေးစရာကုန်က ငါကသင့်ကို ပြန်မေးလိုပါသည်၊ ဖြေနိုင်ပါမည်လော"

"ရဟန်း၊ ဖြေနိုင်သည်ဟု ထင်ပါသည်"

ထိုအခါ အရှင်ရေဝတသည် အဘိဓမ္မာပါဠိတော်၌ လာသော ပြဿနာတစ်ခုကို မေးတော်မူသည်။ ယောသကသည် မဖြေကြားနိုင်ပေ။

"သင်၏မေးခွန်းသည် မည်သူ၏အတတ်ပညာမန္တန် ဖြစ်ပါ သနည်း"

"ဗုဒ္ဓ၏ မြတ်မန္တန်ဖြစ်ပါသည်"

"ထိုမန္တန်ကို ကျွန်ုပ်အား သင်ပေးနိုင်ပါမည်လော"

"သင်–သင်ယူလိုပါက သင်ပေးနိုင်ပါသည်"

"ဒါဆိုလျှင် ကျွန်ုပ်သင်ယူပါမည်၊ သင်ပေးပါလော"

"လုလင်၊ သင်တို့ပုဏ္ဏားမျိုးမှာ ဗေဒင်ပညာသင်ယူလိုလျှင်

အသွင်တူတပည့်ဖြစ်ရခြင်း စသောစည်းကမ်းနည်းလမ်းများ ရှိသည် မဟုတ်ပါလော"

"ရဟန်း၊ ရှိပါသည်"

"လုလင်၊ ငါတို့ဘုရားသာသနာမှာလည်း သတ်မှတ်ချက် စည်းကမ်းရှိပါသည်၊ အသွင်မတူက သင်ပေး၍ မရနိုင်ပါ၊ သင် သည် ငါကဲ့သို့ ရဟန်းဝတ်မည်ဆိုက သင်-သင်ယူလိုသော ဗုဒ္ဓမန္တန်ကို သင်ပေးနိုင်ပါသည်"

အတတ်ပညာဟူသမျှကို သင်ယူတတ်မြောက်လိုသော အာသာဆန္ဒပြင်းပြသော ဃောသကလုလင်သည် မိဘတို့ထံ ခွင့်ပန်၍ ရဟန်းပြုလေသည်။

အရှင်ရေဝတမထေရ်သည် ဤပုဏ္ဏားလုလင်သည် ဘုရား ရှင်ကဲ့သို့ နက်သောအသံရှိသူဖြစ်၍ မူလလူနာမည်အတိုင်းပင် ရှင်ဃောသကဟူ၍ ဘွဲ့အမည်ပေးလေသည်။

ရှင်ဃောသကသည် ရဟန်းပြုပြီးနောက် အကာဖြစ်သော ဗေဒင်သုံးပုံကိုစွန့်၍ အနှစ်ဖြစ်သော ပိဋကတ်သုံးပုံကို ဆရာဖြစ် သော အရှင်ရေဝတထံမှာပင် သင်ယူလေသည်။

အရှင်ဃောသကသည် ထိုသို့ ပိဋကတ်တော်များကို သင်ယူနေဆဲမှာပင် ဖခင်ပုဏ္ဏားကြီးကို မိစ္ဆာဒိဋ္ဌိအယူမှ ချေချွတ် ပေးခဲ့သည်။

ထိုသို့ ဆရာထံ၌ စာသင်ယူနေဆဲမှာပင် ဉာဏောဒယကျမ်း၊ အဋ္ဌသာလိနီကျမ်းတို့ကို ပြုစုရေးသားခဲ့သည်။

ထို့နောက် ပရိတ္တအဋ္ဌကထာကို ပြုရန် အားထုတ်တော်မူရာ အဋ္ဌကထာနမူနာမရှိ၍ အခက်အခဲနှင့် ကြုံတွေ့ရသည်။ ထိုသည်ကို ဆရာဖြစ်သူအား လျှောက်ထားရာ ဆရာက-

"ဤဇမ္ဗူဒိပ်ကျွန်း၌ ပါဠိတော်မျှသာရှိသည်၊ အဋ္ဌကထာမရှိ၊ အာစရိယဝါဒကလည်း အကွဲကွဲအပြားပြားရှိသည်၊ အရှင်မဟိန္ဒမထေရ်သယ်ယူသွားခဲ့သော သီဟိုဠ်၌ရှိသော အဋ္ဌကထာသံဂါယနာသုံးတန်တင်သော ပါဠိတော်၊ ရှင်သာရိပုတ္တရာစသော ရဟန္တာတို့ဟောသော တရားစကားအစဉ်များသည် သီဟိုဠ်ကျွန်းတွင်ရှိသည်၊ သင်သည် သီဟိုဠ်ကျွန်းသို့သွား၍ မာဂဓဘာသာဖြင့် ပြန်ဆိုယူပါချေ၊ ထိုသို့ပြန်ဆိုယူနိုင်ပါက အလုံးစုံသော သတ္တလောက၏ အစီးအပွားကို ဆောင်နိုင်လတ္တံ့."

ဟု မိန့်ကြားတော်မူလေသည်။

ထို့ကြောင့် ရှင်ဗုဒ္ဓဃောသကသည် သာသနာသက္ကရာဇ် ၉၃၀ပြည့်တွင် သီဟိုဠ်ကျွန်း(သီရိလင်္ကာ)သို့ ကူးခဲ့သည်။ (ထိုအချိန်က သီဟိုဠ်တွင် မဟာနာမမင်း မင်းပြုနေပြီး၊ မြန်မာနိုင်ငံတွင် သေလည်ကြောင်မင်း နန်းစံနေသောအချိန်ဖြစ်သည်။)

ရှင်ဗုဒ္ဓဃောသသည် သီဟိုဠ်သို့ရောက်လျှင် အနုရာဓမြို့

မဟာဝိဟာရကျောင်းတိုက်၊ သံဃပါလမထေရ်ထံမှောက် ဆည်းကပ်ပြီးလျှင် သီဟိုဠ်အဋ္ဌကထာနှင့် ထေရဝါဒပါဠိတော် များကို သင်ကြားနာယူခဲ့လေသည်။

ထိုအဋ္ဌကထာပါဠိတော်များကို သင်ကြားပြီးနောက် အဋ္ဌကထာကျမ်းများပြုရန် ဆရာမထေရ်ထံ ပန်ကြားခဲ့သည်။ ဆရာမထေရ်က ရှင်ဗုဒ္ဓဃောသ၏ အစွမ်းသတ္တိကို စုံစမ်းလို၍ 'သီလေပတိဋ္ဌာယ'အစရှိသော ဂါထာနှစ်ပုဒ်ကိုပေး၍ ထိုဂါထာ များကို ပိဋကတ်သုံးပုံနှင့်ယှဉ်လျက် အနက်အဓိပ္ပါယ်ပြုရန် တိုက် တွန်းလေသည်။

အရှင်မဟာဗုဒ္ဓဃောသသည် ထိုနေ့ညချမ်းအချိန်မှစ၍ ထိုဂါထာ၏အဖွင့်ဖြစ်သော ဝိသုဒ္ဓိမဂ်ကျမ်းကို စီရင်လေသည်။

တစ်စောင်ပြီး၍အိပ်လေလျှင် ထိုအရှင်၏အစွမ်းကို စုံစမ်း လို၍ သံဃပါလမထေရ်၏တပည့်များက ဆရာ၏စေခိုင်း တိုက် တွန်းချက်အရ ဝှက်ထားကြလေသည်။ အရှင်ဃောသကသည် ညကရေးသားထားသော စာမူပျောက်သွား၍ နောက်ထပ်အသစ် တစ်စောင်ထပ်မံရေးသားပြုစုပြန်သည်။ ထိုစာမူသည်လည်း ညအိပ်ချိန်တွင် ထပ်မံဝှက်ထားခံရပြန်သည်။ မထေရ်သည် နောက်နေ့တွင် အသစ်တဖန် ထပ်မံရေးသားပြုစုပြန်သည်။ သုံး စောင်ရေးပြီးမှ ယခင်နှစ်စောင်ကို ပြန်လည်ဖော်ပေး ကြသည်။ သုံးစောင်စလုံးပင် သံဃပါလထေရ်အား ပြသ

လေသည်။

ပြုစုသော သုံးစောင်စလုံးသည် ကျမ်းအားဖြင့်လည်းကောင်း၊ အနက်အားဖြင့်လည်းကောင်း၊ ရှေ့နောက်အစွန်းအားဖြင့်လည်းကောင်း၊ ထေရဝါဒဖြင့်လည်းကောင်း၊ ပါဠိတို့ဖြင့်လည်းကောင်း၊ ပုဒ်တို့ဖြင့်လည်းကောင်း၊ အက္ခရာဝါကျတို့ဖြင့်လည်းကောင်း ဖောက်ပြန်ချွတ်ယွင်းခြင်းမရှိ သုံးစောင်စလုံး ပင် အညီအညွတ် မကွဲမပြား တသားတည်းဖြစ်၍ နေလေသည်။

ထိုဝိသုဒ္ဓိကျမ်းကို သံဃာအပေါင်းတို့၏အလယ်၌ ဖတ်ပြရာ အထူးနှစ်သက်ကြ၍ အရိမေတ္တေယျဘုရားလောင်းပင်ဖြစ်မည်ဟူ၍ အရှင်ဃောသကဘွဲ့အမည်အစား အရှင်မဟာဗုဒ္ဓဃောသဟူ၍ အမည်ပေးကြပြီး ကောင်းချီးမင်္ဂလာ အထပ်ထပ် ပြုကြလေသည်။

ထိုအချက်မှ သံဃပါလမထေရ်သည် ပိဋကတ်သုံးပုံစာပေတို့ကို သီဟိုဠ်အဋ္ဌကထာနှင့်တကွ ပေးတော်မူသည်။

အရှင်ဗုဒ္ဓဃောသသည် အဋ္ဌကထာကြီးတို့၌ အကျယ်ဆိုအပ်သော စကားကို အကျဉ်းချုံးခြင်း၊ ဘုရားဟော မူလဘာသာပါဠိတော်နည်းအားလျော်သော မာဂဓဘာသာတို့ဖြင့် ပြန်ဆိုခြင်းပြုကာ အဋ္ဌကထာကို စီရင်သည်။

အရှင်မဟာဗုဒ္ဓဃောသ စီရင်အပ်သော အဋ္ဌကထာသစ်

များသည် ယနေ့တိုင်အောင် အလုံးစုံသော သတ္တဝါတို့၏ အစီး အပွားကို ဆောင်သည်။

သို့တွက် မထေရ်အဆက်ဆက် အလုံးစုံတို့သည် ထိုအဋ္ဌကထာသစ်များကို ပါဠိတော်ကဲ့သို့ မှတ်ယူကြလေသည်။

ရှင်မဟာဗုဒ္ဓဃောသသည် သီဟိုဠ်ကျွန်း၌ ပြုဖွယ်ကိစ္စပြီးလျှင် ဇမ္ဗူဒီပသို့ ပြန်လာခဲ့ရာ လမ်းခရီးတွင် သိကြားမင်းက သာသနာသည် ဇမ္ဗူဒီပကျွန်း၌မထွန်း သုဝဏ္ဏဘူမိအရပ်ဒေသ၌သာ ထွန်းကားလိမ့်မည်၊ သို့အတွက် ထိုကျွန်းဘက်ကြွရန် လမ်းညွှန်ပြီး သင်္ဘောဦးကို သုဝဏ္ဏဘူမိဘက်သို့ လှည့်ပေးလိုက်ရာ ရှင်မဟာဗုဒ္ဓဃောသသည် ပိဋကတ်သုံးပုံနှင့်အတူ သုဝဏ္ဏဘူမိ(သထုံ)သို့ ဆိုက်ရောက်လေတော့သည်။

ဤသို့ဖြင့် ပုဏ္ဏားမျိုးနွယ် ဃောသကလုလင်သည် ဗုဒ္ဓမန္တန်ဟူသောအကာကိုရယူလို၍ ရဟန်းပြုရာမှ ပိဋကတ်ကို သင်ယူခြင်း၊ တရားမြတ်ကို ကျင့်ခြင်း၊ ရေးသားပြုစုခြင်းဟူသော အနှစ်ဓမ္မအရသာကို ခံစားရရှိရုံမက ဗုဒ္ဓသာသနာတော်အတွက် အစဉ်အဆက် အကျိုးပြုသော ဝိသုဒ္ဓိမဂ်နှင့် အဋ္ဌကထာကျမ်းများကို ရေးသားပြုစုကာ သာသနာအမွေဆက်ကို ပေးအပ်နိုင်ခဲ့သော သာသနာပြု အာဇာနည်ပုဂ္ဂိုလ်တစ်ပါး ဖြစ်ခဲ့ရပါသည်။

သာမန်ဗေဒင်သုံးပုံတတ် ပုဏ္ဏားလုလင်ဘဝမှ ဗုဒ္ဓမန္တန်

အနှစ်တည်းဟူသောအကာကို လိုချင်၍ ရဟန်းပြုခဲ့သော ရှင်မဟာဗုဒ္ဓဃောသသည် အနှစ်တည်းဟူသော ဓမ္မရသကို ခံစားပြီး သာသနာအကျိုး သည်ပိုးသွားသည်မှာ မိမိရော သူတစ်ပါးပါ ချမ်းသာသုခအဝဝကို ရရှိခံစားစေခဲ့ပါတော့သည်။

## အသက်အန္တရာယ်ကင်းလို၍ ပရိတ်ပုတီးအကာအကွယ်ယူခဲ့သော ဗိုလ်မှူးကြီး

ကျွန်တော်ဟာ ကရင်အမျိုးသားတစ်ဦးဖြစ်ပြီး မိသားစုများဟာ မိရိုးဖလာ ဗုဒ္ဓဘာသာဝင်တွေပါ။ မိဘတွေက ကျွန်တော်တို့ကို ကျောင်းထားတော့ နိုင်ငံခြားသားပိုင် မစ်ရှင်ကျောင်းမှာထားတော့ ကျွန်တော်ဘဝဟာလဲ ဗုဒ္ဓဘာသာမည်ရုံ မတ်တတ်သာ ရှိပါတော့တယ်။

ဒီလိုနှင့် ဆယ်တန်းအောင် တက္ကသိုလ်ရောက်လို့ လာပါတယ်။ တက္ကသိုလ်ရောက်တော့လဲ သူငယ်ချင်းအပေါင်းအဖော်ကောင်းတာနဲ့ တက္ကသိုလ်အရန်တပ်ရင်းဝင် ဖြစ်ခဲ့ပါတယ်။

တက္ကသိုလ်တပ်ရင်းဝင်ရင်း တစ်ဘက်က တိုင်းပြည်အခြေ

အနေကြည့်တော့ သောင်းကျန်းသူတွေ ပတ်လည်ဝိုင်းပြီး တိုင်းပြည် အေးချမ်းသာယာမှုမရှိတော့တာကိုတွေ့ရတော့ တိုင်းပြည်အတွက် ကာကွယ်လိုစိတ်၊တိုင်းပြည်အေးချမ်းသာယာလိုစိတ်တွေ တဖွားဖွားပေါ်လာရပြန်တယ်။

ကျွန်တော်တို့ ကျောင်းမပြီးခင်ဘဲ မော်လမြိုင်ရထားကို အကြမ်းဖက်သောင်းကျန်းသူတွေက မိုင်းခွဲပြီး တက္ကသိုလ်ကျောင်းသူတွေကို ဖမ်းဆီးခေါ်ဆောင်သွားပြီး တရုတ်ဖြူတွေထံ ရောင်းစားခံရသော အခြေအနေဆိုးကြီး ပေါ်လာခဲ့ပါတယ်။ အဲဒီ အဖမ်းခံသွားရတဲ့ ကျောင်းသူထဲမှာ ကျွန်တော်နှင့် ရင်းနှီးပြီး အတန်းတူ သူငယ်ချင်းမနှစ်ဦး ပါသွားရလေတော့ ပိုပြီးတော့ ရင်နာစိတ်တွေ၊ တိုင်းတစ်ပါး ကျူးကျော်သူ တရုပ်ဖြူတွေကို ချေမှုန်းလိုစိတ်တွေ၊ တိုင်းရင်းသားအချင်းချင်းအပေါ် အကြပက်စက်ယုတ်မာသော အကြမ်းဖက်သောင်းကျန်းသူတွေကို နှာကြဉ်းကလဲ့စားချေလိုစိတ်တွေက ကျွန်တော်တို့ သူငယ်ချင်းတစ်စုမှာ ကြိတ်မနိုင် ခဲမရ ဗရပွဖြစ်ပေါ်ခံစားရပါတယ်။ အဲဒါ နဲ့ ကျွန်တော်တို့ သူငယ်ချင်းတတွေ ကျောင်းအပြီး တပ်မတော် ထဲဝင်ရန် ဆုံးဖြတ်ပြီး ကျောင်းပြီးတာနဲ့ တစ်ပြိုင်နက်ထဲ တပ်မတော်ထဲသို့ ဝင်ခဲ့ပါတယ်။

ကျွန်တော်တို့ တပ်မတော်ထဲရောက်စ ၁၉၆၄–၆၅ ကာလဆိုသည်က တော်လှန်ရေးအစိုးရကာလဖြစ်ပြီး၊ မြန်မာတပ်

မတော်က ပြည်မမှာလဲ အလံဖြူ၊ အလံနီကွန်မြူနစ်တွေ၊ ကေအမ်ဒီအိုတွေနှင့် နေရာအနှံ့ ရင်ဆိုင်တိုက်နေရသလို ကချင်၊ ကယား၊ ရှမ်း၊ ကရင်၊ မွန်၊ ရခိုင်တွေမှာလဲ တိုင်းရင်းသားလူမျိုးစုသောင်းကျန်းသူတွေနှင့် ဘတပြန် ကျားတပြန် တိုက်နေရတဲ့ ကာလဖြစ်ပါတယ်။

ထိုအချိန်က လူငယ်ပီပီ သူသေကိုယ်သေတိုက်ရသည်ကို ကြောက်ရမှန်း၊ လန့်ရမှန်း မသိပါဘူး။ ငါ့တိုင်းပြည်၊ ငါ့လူမျိုးအတွက် အန္တရာယ်တွေဖယ်ရှင်းပေးသည့် မြင့်မြတ်သော စစ်ပွဲဟု သတ်မှတ်ကာ တိုက်ပွဲတွေကို ကျရာအရပ်ဒေသမှာ မကြောက်မရွံ့ နောက်မတွန့်စတမ်း တိုက်ခဲ့ပါတယ်။

တပ်မတော်ရဲ့ တိုင်းပြည်နှင့် လူမျိုးအတွက် မွန်မြတ်သော စိတ်ဓာတ်စေတနာဖြင့် အဖျက်သမားတို့ကို ချေမှုန်းခဲ့ရာ ပြည်မ တစ်ခွင် အေးချမ်းသာယာမှုတွေ ရလာခဲ့ပြီး ကျွန်တော်တို့မှာလဲ ရာထူးတစ်ဆင့်ကနေတစ်ဆင့် တက်ခဲ့ပါတယ်။ အတူဝင်ခဲ့ကြတဲ့ သူငယ်ချင်းအချို့လဲ တိုက်ပွဲကျသူကျ၊ အရပ်ဘက်ပြောင်းသူပြောင်းနဲ့ အခြေအနေတွေ ပြောင်းလဲခဲ့ကြပြီး။

စစ်လက်နက်ကိရိယာ အသစ်တီထွင်ဆန်းပြားမှုတွေ ပေါ်လာခဲ့တဲ့ ဤသိပ္ပံခေတ်မှာကျွန်တော်တို့လဲ ကရင် ပြည်နယ်၊ ထိုင်း–မြန်မာနယ်စပ် မဲထ၊ မဲသဝေါ စသော စစ်ပွဲ များကို ဆင်နွှဲလာရပါတယ်။

ဆန်းပြားပြီး ပေါက်ကွဲမှု ကျယ်ပြန့်အားများလှသော အမြောက်ဆံ၊ ဗုံးဆံများကြားဝယ် နေ့မြင်ညပျောက် တိုက်ပွဲကျဆုံးကုန်သော ဘဝတူရဲဘော်၊ ရဲဘက်များကို တွေ့မြင်ရသော အခါဝယ် မိမိဘဝသည်လည်း ဘယ်နေ့သေဆုံးရပါမည်လဲဟု တွေးတောပြီး ကြောက်ရွံ့မှုများ ဝင်လာပြီး အားကိုးမှုတစ်ခုခုကို ရှာကြံလာမိပါတော့တယ်။

တစ်ချိန်တစ်ခါက ရှေ့တန်းမှအပြန် အိမ်သူသက်ထား ဇနီးမယားက ပန်းသပြေညောင်ရေထိုးပြီး ခလုတ်မထိ၊ ဆူးမငြိဘဲ ပြန်လာရေး မိမိအတွက် ဘုရားရှေ့တွင် ဆုတောင်းရပုံ၊ မိမိ ရှေ့တန်းထွက်ပြီဆိုလျှင် ရင်ဝယ်တထိတ်ထိတ်နှင့် ဘုရားရှေ့တွင် ပုတီးစိပ်ရပုံ၊ ဆုတောင်းရပုံ၊ မေတ္တာပို့ရပုံ၊ မိမိအတွက် မိခင်အထက်ဆင်စ ထည့်ပေးပုံ၊ အဆောင်အန္တရာယ်ကင်း စီမံမှုတွေ ထည့်ပေးပုံတွေကို ခဏခဏ ပြောဆိုကြုံတွေ့နေရသော်လည်း မိန်းမသားဘဝ လင်သားအတွက် စိုးရိမ်လို့လုပ်သည်ဟု သတ်မှတ်ပြီး သာမန်ပဲ မှတ်ယူထားလိုက်ပါတယ်။ အိမ်သူသက်ထား၏ စိတ်ကျေနပ်မှုရှိအောင် သူမ၏စေတနာကို လေးစားတန်ဖိုးထားသောအားဖြင့်သာ အလိုက်အထိုက် ဆက်ဆံ လက်ခံဆောင်ရွက်ခဲ့ဘူးပါတယ်။ အလေးအနက်တန်ဖိုးထားမှုက မရှိခဲ့ပါ။

ယခုတော့ မိမိဘဝသည် အရွယ်ကလည်းရောက်လာပြီ၊

မိသားစုအသိုင်းအဝိုင်းကလည်း ရှိလာပြီ၊ ထိုမိသားစုကို ခွဲခွာရမည်ကို စိုးရိမ်သော သောကဝေဒနာတွေက ခံစားရလာပြီး သေဘေးကို ကြောက်ရွံ့လာမိပါတောတယ်။

သေဘေးကို ကြောက်ရွံ့လာမိသည့်အတွက် အားကိုးရာကို ရှာမိလာပါတယ်။ အိမ်ကဇနီးသက်ထားက စစ်ထွက်တိုင်း ရွတ်ဖတ်ရန် မှာလိုက်သော ပရိတ်တရားကို သတိရမိလာပါတယ်။

သို့အတွက် တိုက်ပွဲရပ်နားတိုင်း မိမိနေရာအရောက်တွင် ပရိတ်ကို စာအုပ်ကြည့်ပြီး ရွတ်မိပါတယ်။ ပါဠိပါဌ်သား မှန်မမှန်၊ အသံထွက် မှန်မမှန်ကတော့ မသိပါဘူး။မိမိတတ်သရွေ့ မှတ်သ ရွေ့ကိုသာ ပရိတ်အပေါ်၌ အလေးအနက် ယုံကြည်မှုထားပြီး ရွတ်ဖတ်သရဇ္ဈာယ်နေမိပါတော့တယ်။

ရှေ့တန်းမှအပြန် နောက်တန်းမှာ ခဏနားသောအခါတွင် လဲ ကျွန်တော်ဟာ ပရိတ်နှင့် သမ္ဗုဒ္ဓေကို အဓိကထားပြီး ရွတ်ဖတ်သရဇ္ဈာယ်ပွားများနေမိပါတယ်။

ကျွန်တော်ရဲ့ ပြောင်းလဲလာမှုကို ကျွန်တော်ရဲ့ ဇနီးက အံ့ဩပြီး တစ်ဘက်ကလည်း ဝမ်းမြောက်ဝမ်းသာ ဖြစ်နေရှာပါတယ်။

"အစ်ကိုကိုယ်တိုင် ကိုယ့်ကိုယ်ကို အန္တရာယ်ကာကွယ်နိုင်အောင် ပရိတ်တရားကို ရွတ်ပွားလာပြီဆိုတော့ ကျွန်မဝမ်းလဲ

ဝမ်းသာတယ် အစ်ကို့အတွက် စိတ်လဲစိတ်ချသွားပြီ"

ဟု အားရဝမ်းသာ ပြောပါတယ်။

ကျွန်တော်တို့ ရှေ့တန်းထွက်ရပြန်ပါတယ်။ နယ်စပ်ရှိ တောင်ကုန်းအမှတ်- ၅၂၄၇ကို အရသိမ်းပိုက်ဖို့ ဘတစ်ပြန် ကျားတစ်ပြန် တိုက်ရတဲ့ တိုက်ပွဲပါ။ တိုက်ပွဲစဝင်ပြီဆိုကတည်း က ကျွန်တော်ဟာ ပရိတ်ကို ရွတ်ဖတ်ပါတယ်။ သမ္ဗုဒ္ဓေကိုလဲ နှုတ်ကမပြတ်ရွတ်နေမိပါတယ်။ ကျွန်တော်တို့ တပ်စုသစ်ပင် ကြီး တစ်ပင်အောက်မှာ နေရာယူစဉ်မှာပဲ ရန်သူ့ဘက်က နှစ်ဆင့်ကွဲဗုံးတွေက ဦးခေါင်းထိပ်ပေါ်တည့်တည့် ကျလာ ပါတယ်။ ကျွန်တော်တို့တတွေ ကိုယ့်ကိုယ်ကို သေပြီဟု မျက်စိမှိတ်ကာ အံတင်းခံလိုက်ပါတယ်။ စိတ်ကတော့ သမ္ဗုဒ္ဓေရွတ်လျက် သတိရလျက်ပါ။

ရန်သူဘက်က ပစ်တာရပ်သွားပါတယ်။ ထိုအချိန်ကျမှ ကိုယ်နှင့်ကိုယ်ရဲ့ ရဲဘော်တွေအခြေအနေကို ပြန်လည်စစ်ဆေး ရပါတယ်။

ကိုယ်ကတော့ မသေဘူး။ ဒဏ်ရာမရဘူးဆိုတာ သိပြီးပါ ပြီ၊ အနည်းဆုံး ရဲဘော်တွေတော့ အထိအခိုက် အကျအဆုံး ရှိမယ်လို့ထင်ခဲ့ပါတယ်။

စစ်ဆေးလိုက်တော့ ရဲဘော်တစ်ယောက်မျှ မထိတာကို အံ့သြစွာ တွေ့လိုက်ရပါတယ်။ ဘယ်လိုမှ ပြေးရှောင်မရတဲ့

သက်ကွင်း ပစ်ကွင်းထဲရောက်နေခဲ့ကြတဲ့ ကျွန်တော်တို့တတွေ ဟာ ယခုထူးထူးခြားခြား လက်နက်မထိခိုက်၊ မစူးရှခဲ့ရတော့ အံ့လဲအံ့သြရပါတယ်။ ပရိတ်တရားတော်များကိုလဲ ယုံကြည် သထက် ယုံကြည်မိလာပါတယ်။

ရဲဘောဘော်လေးတွေကဆို တစ်ယောက်ယောက်မှာ အဆောင်တွေ၊ အစောင့်အရှောက်တွေပါလာလို့ လွတ်တယ်လို့ လူငယ်ဘာဝ အားရပါးရ ပြောဆိုကြပါတယ်။

ဒုတိယတောင်ကုန်းဟိုက်ပွဲကို ဆင်နွှဲရပါတယ်။ ရန်သူ ဘက်က လက်နက်မျိုးစုံပစ်အားတွေကြောင့် ကျွန်တော်တို့ ခေါင်းတောင်မဖော်နိုင်ပါဘူး။ တစ်ဘက်က လက်နက်မျိုးစုံ ပစ်အားတွေက ကျွန်တော်တို့ကို အချိန်မရွေး သေဘေးပို့နိုင်နေ ပါပြီ။ တပ်စုလဲ လှုပ်ရှားရင်း ရှောင်တိမ်းရင်း တကွဲတပြားစီ ဖြစ်သွားရပါတယ်။ ရန်သူကို ထိုးစစ်မဆင်နိုင်လို့ နောက်ဆုတ် ရပြန်ပါတယ်။ ကျည်ကွယ်ရာရောက်မှ ကိုယ့်ကိုယ်ကို ပြန်စစ် ကြည့်တော့ ကျွန်တော့်ကျောပိုးအိပ်ဟာ ကျည်ဆံမှန်ထားလို့ ဗရပွကြနေပါတယ်။ စစ်အင်္ကျီ၊ စစ်ဘောင်းဘီမှာလဲ ကျည်ဆံ မှန်ထား၊ ထိုးဖောက်သွားတဲ့ အရာနှစ်ခုသုံးခု တွေ့လာရပါ တယ်။ ကျွန်တော် အသားကိုထိခိုက်မှုကတော့ ဘာမျှမရှိပါဘူး။ အလွန်ပဲ အံ့သြမိစရာကောင်းပါတယ်။ ထိုစဉ်က ကျွန်တော် ဟာ မောရသုတ်ကို ရွတ်ပွားနေမိတာပါ။

ကျွန်တော်တို့ဟာ နယ်စပ်တစ်လျှောက်မှာ တိုက်ပွဲတွေကို တစ်ပွဲပြီးတစ်ပွဲ ဆင်နွှဲလာခဲ့ရပါတယ်။ တပ်မတော်ရဲ့ တရားသောစစ်နှင့် တိုင်းပြည်အတွက် မှန်ကန်သော စေတနာစစ်ပွဲတွေကြောင့် တပ်မတော်ဟာ နယ်စပ်ဒေသတွေမှာ အောင်ပွဲတွေ အလီလီရခဲ့ပါတယ်။

ကျွန်တော့်မှာလဲ သေဘေးအကြိမ်ကြိမ်ကြုံခဲ့ရပါတယ်။ အခက်အခဲများစွာနှင့် ရင်ဆိုင်ခဲ့ရပါတယ်။ ကျွန်တော်လွတ်မြောက်ခဲ့ရပါတယ်။ အောင်မြင်ခဲ့ရပါတယ်။

အဲဒါဟာ ရတနာသုံးပါးဂုဏ်ကျေးဇူးနှင့် ပရိတ်တန်ခိုးတော်အစွမ်း၊ အထူးသဖြင့် မောရပရိတ်တော်အစွမ်းလို့ ကျွန်တော်အလေးအနက် ယုံကြည်မိသွားပါတယ်။

၁၉၉၂ ခုမှာ ကျွန်တော် တပ်မတော်ကနေ အရပ်ဘက်သို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ရပါတယ်။

ယခင်ကတော့ ကျွန်တော်ဟာ အသက်အန္တရာယ်အတွက် ပရိတ်ရွတ်မှု၊ ပုတီးစိပ်မှုဟူသောအကာကိုသာ အများဆုံးပြုလုပ်ခဲ့ပါတယ်။ ယခုအချိန်မှာတော့ တစ်ဘက်က တိုင်းပြည်တာဝန်ထမ်းဆောင်ရင်း တစ်ဘက်ကချမ်းမြေ့ရိပ်သာတရားစခန်းမှာ အချိန်ရသရွေ့ တရားထိုင်ခြင်းဖြင့် အနှစ်ချမ်းသာကို ရအောင် ယူနေပြီဖြစ်ပါတယ်။

ဗုဒ္ဓဘုရားရှင်ရဲ့ တရားတော်ဟာ သန္ဒိဋ္ဌိကော လက်တွေ့ အကျိုးပေးတယ်။ ဧဟိပဿိကော လာလှည့်ရှုလှည့်ပါဆိုတဲ့ လက်တွေ့ကျင့်ရင် လက်တွေ့အောင်မြင်တယ်ဆိုတာ ကျွန်တော် ကောင်းစွာ သဘောပေါက်ခဲ့ပါပြီ။

ကျွန်တော်နည်းတူ အားလုံးသော ဓမ္မမိတ်ဆွေများ ရတနာ သုံးပါးဂုဏ်ကျေးဇူး၊ ပရိတ်တရားတော်များရဲ့ အစွမ်းတွေကို သိစေလိုခြင်း၊ တကယ်အနှစ်က ဝိပဿနာအလုပ်ဆိုတာကို သိစေလို၍ ယခုလို ဆပေ့ါကိုဆွေးနွေးတင်ပြခြင်းဖြစ်ပါတယ်။

သတ္တဝါအားလုံး မေတ္တာသုံး၍ အေးငြိမ်းချမ်းသာကြပါ စေ။

(ဒုတိယဗိုလ်မှူးကြီးတစ်ဦး၏ ပြောပြချက်ကို ပြန်လည် တင်ပြအပ်ပါသည်။)

## ဘ၀တိုးတက်မှုအတွက် နမောလေးချက်အကာယူခဲ့သော ကျောင်းအုပ်ဆရာကြီး

ကျွန်တော်ဟာ မူလကတစ်ဘက်က ဆေးဆိုးပန်းရိုက် သုပ်ငန်းရှင်ကလေးတစ်ဦးဖြစ်သလို တစ်ဘက်ကလည်း မူလ ဘန်းပြဆရာတစ်ဦးပါ။

ဆေးဆိုးပန်းရိုက်လုပ်ငန်းကတော့ ကိုယ်ပိုင်လုပ်ငန်းဆို ပေမဲ့ မိဘဆီကတစ်ဆင့် ခွဲဝေယူလုပ်ရသော အလုပ်ပါ။ ၁၉၆၇– ၆၈ ကာလလောက်က ပါတိတ်တွေက ခေတ်စားတော့ ကျွန်တော်တို့ အလုပ်ဖြစ်ကြပါတယ်။

ကျွန်တော်တို့ အရည်အသွေးကလဲ တစ်ဘက်နိုင်ငံ မှောင်ခိုကသယ်လာတဲ့ ပါတိတ်အဆင့်လောက်ကို မှီပါတယ်။

အဲဒီဆေးဆိုးပန်းရိုက် ပါတိတ်တွေကို ကျွန်တော်တို့ ကုန်သည်တွေက မလွှကုန်းဘူတာကနေတစ်ဆင့်သယ်ပြီး ရန်ကုန် ဘူတာကြီးမှာ မော်လမြိုင်ကုန်သည်တွေနှင့်ရောပြီး အရောင်း အဝယ်လုပ်ကြတော့ အလုပ်ဖြစ်ကြပါတယ်။

ဒါပေမဲ့ ဒါဟာလဲ တစ်ခေတ်တစ်ချိန်လောက်ပဲ လုပ်စားလို့ရခဲ့ပါတယ်။ နောက်ပိုင်းကျတော့ ပြန်မှိန်ပြီး အလုပ်မဖြစ်တော့ပါဘူး။

ကျွန်တော်တို့ အလုပ်ဖြစ်စဉ်ကတော့ စားဟယ်သောက်ဟယ်၊ သုံးဟယ်ဖြုန်းဟယ်နဲ့ ရပ်ကွက်သူဌေးလေး၊ လုပ်ငန်းရှင်လေး၊ ရပ်ကွက်မျက်နှာဖုံးလေးပေါ့လေ။

ထိုအချိန်က တရားဆိုတာ သာမန်ဗုဒ္ဓဘာသာဝင်အသိလောက်ပါပဲ။ ရပ်ကွက်ထဲ အလှူခံလာရင်လှူမယ်။ သာရေးနာရေးရှိရင် လှူမယ်။ ဥပုသ်နေ့ကျရင် အခါအားလျော်စွာ ဓမ္မာရုံ သွားပြီး ဥပုသ်တစ်မနက်စောင့်မယ်။ ဤမျှလောက်သာ အဆင့် ရှိခဲ့ပါတယ်။

လောကဓံသဘာဝ ဖြစ်လျှင်ပျက်မြဲ သဘာဝအတိုင်းပင် ဥစ္စာပစ္စည်းတက်ချိန်၊ လုပ်ငန်းကောင်းချိန်က စုဆောင်းမှု၊

စောင့်စည်းမှုအားနည်းခဲ့လေတော့ လုပ်ငန်းပျက်ချိန်ရောက် တော့ မိမိဘဝ အားကိုးစရာမရှိတော့ပါဘူး။

ကံကြမ္မာကခေလာပြီဆိုတော့ လှုပ်လေမြုပ်လေပါပဲ။ မိသားစုဘဝဟာလဲ အလုပ်အရှုံး သံသရာထဲမှာ မိသားစုဘဝ ဟာ နောက်ဆုံး အိမ်ပိုင်ရှင်ဘဝကနေ အိမ်ငှားဘဝရောက်ရ သည်အထိ ဖြစ်ခဲ့ရပါတယ်။

ဘဝဆင်းရဲလေလေ သံဝေဂရလေလေဆိုသည့်အတိုင်းပါ ပဲ၊ ဘဝပျက်တော့ အားကိုးရာကို ရှာခဲ့ရပါတော့တယ်။ ဟိုဆရာ ကောင်းနိုးနိုး၊ ဒီဆရာ ကောင်းနိုးနိုး မှိဝဲဆည်းကပ်မှုတွေ ပြုလာ ခဲ့ရပါတယ်။ ယတြာတွေ အမျိုးမျိုးကို ချေခဲ့ရပါတယ်။ သွား လိုက်ရတဲ့ ဘိုးတော်တွေ၊ လုပ်လိုက်ရတဲ့ ကန်တော့ပွဲတွေ ကလဲ အလီလီပါပဲ။

ဒါပေမဲ့ ဘဝကဘာမျှ တိုးတက်မလာခဲ့ဘဲ ဆင်းရဲတွင်း သာနက်ပြီး ရှိသမျှဥစ္စာပစ္စည်းလေးတွေသာ တတိတိကုန်လာပါ တော့တယ်။ ဤသို့ လုံးလည်ချာလည်လိုက်ရင်း ဆယ်စုနှစ် တစ်ခုကုန်ဆုံးခဲ့ရပါတယ်။

ဤမှာဘက်ခေတ် နှစ်အရဆိုရင်တော့ ၁၉၉၂ ခုနှစ်နောက် ပိုင်းမှာ ကျွန်တော့်မိတ်ဆွေ ကျောင်းဆရာတစ်ဦးက အကြံပြုပါ တယ်။

“ဆရာ၊ ဘာသာရေးစာစောင်လေးတွေ ဖတ်ပါလား၊ အဲဒီ

ဘာသာရေးစာစောင်လေးတွေမှာ ဘုရားဂုဏ်၊ တရားဂုဏ်၊ သံဃာဂုဏ် ဂါထာတွေကို အဓိဋ္ဌာန်ဝင် ပုတီးစိပ်ကြလို့ အောင်မြင်မှုတွေရသူတွေအကြောင်း ပါတယ် ကိုယ်နှင့် တိုက်ဆိုင်တာတွေ့ရင် အဲဒီဂါထာကို ပုတီးစိပ် အဓိဋ္ဌာန်ဝင်ကြည့်ပါလား"

"ဘယ်ဘာသာရေးစာစောင်တွေ ဖတ်ရမလဲဆရာ"

"ဘာသာရေးစာစောင်တွေကတော့ အများသားကလား၊ ဆရာ ဂါထာပါတာများတာကတော့ သီလဝတို့၊ နက္ခတ္တတို့၊ ပါရမီတို့များတယ် မြစ်မခ မြတ်ပန်းရဂုံမှာလဲ တစ်ခါတစ်ရံ ပါတာတွေ့တယ်ဆရာ၊ လေ့လာကြည့်ပေါ့"

မိတ်ဆွေဆရာ၏ တိုက်တွန်းချက်အရ စာစောင်တွေဖတ်မိပါတယ်။ ကိုယ်တွေ့အဖြစ်အပျက်ဂါထာတွေ၊ အောင်မြင်မှုကိုယ်တွေ့ဂါထာတွေ ဖတ်ရပါတယ်။ မဟုတ်သော်ရှိ ဟုတ်သော်ရှိ စမ်းသပ်ကြည့်မိပါတယ်။ ယုံကြည်မှု အားနည်းလို့လား မသိဘူး။ တစ်ရက်နှစ်ရက် တစ်ပါတ်လုပ်ပြီး ပျက်သွားပြန်ပါတယ်။

တစ်နေ့မှာ မိတ်ဆွေတစ်ဦးက မြောက်ဥက္ကလာပ ဓမ္မာရုံအနီးကျောင်းတိုက်အတွင်းရှိ ပညာမဥ္စူကျောင်းဆရာတော် ဦးပညာဝံသကို သွားရောက်ဖူးပြီး တွက်ချက်ကြည့်ပါလား။ အဲဒီဆရာတော်က ထူးခြားတယ်။ တွက်ချက်ပြီး ယတြာပေးတော့ သူတကာလို သက်စေ့မီးပူဇော်၊ ရေပူဇော်စသည် မခိုင်းပါဘူး၊

အကြိမ်နဲ့တရားထိုင်ခိုင်းတာ၊ တစ်မျိုးတော့တစ်မျိုးပဲ။ ဆရာသွား စမ်းကြည့်ပါလားဟု အကြံပြုပါသည်။

ထိုအကြံပြုချက်အရ မိတ်ဆွေနှင့်အတူ ဆရာတော်ထံသို့ ရောက်သွားပါသည်။ ဆရာတော်က မွေးနှစ်၊ မွေးလ၊ မွေးရက် မေးပြီး ဟွက်ချက်စစ်ဆေးပါသည်။ ကျွန်တော့ဘဝရဲ့ ဖြစ်ပြီး ဖြစ်နေဆဲအခြေအနေတို့ကို ဟောပြပါသည်။ အားလုံးမှန်ပါ သည်။ ဆရာတော်က ထိုအတွက် တရားအကြိမ် ၉၉ ကြိမ် ထိုင်ရမည်ဟု မိန့်ကြားပါသည်။

ဆရာတော်၏ အဟောမှန်ကန်မှုကြောင့် ဆရာတော် ချေ ခိုင်းသော တရားထိုင်မှု ယတြာ ၉၉ ကြိမ်ကို ထိုင်မည်ဟု ဆုံး ဖြတ်ကာ တရားစထိုင်ပါသည်။

တရားထိုင်ကာနီးတွင် ဆရာတော်က တရားထိုင်ပုံ၊ ထိုင် နည်းပြပြီး တရားမထိုင်ခင် နမောလေးချက် စီးပွားတက် ပုတီး အပတ်(၃)ပတ်စိပ်ပြီးမှ ထိုင်ရမည်ဟု မိန့်ကြားပါသည်။ ပုတီး စိပ်ခြင်းကို မယုံကြည်သော ကျွန်တော့အဖို့ စိတ်အနှောင့် အယှက် ဖြစ်သွားရပါသည်။ သို့သော် ကိုယ်ကယတြာလုပ်ရန် ဆုံးဖြတ်ထားပြီးဖြစ်၍ ယုံတာ မယုံတာအပထား၊ တာဝန်အရ လုပ်ရမည်ဟု စိတ်ဆုံးဖြတ်ချက်ချမိပါသည်။

"လူ့လောကမှာ လူတွေဆိုတာဟာ စားဝတ်နေရေး၊ မိသား စုအရေးတွေနှင့် ရှုပ်ထွေးပြီး ရုန်းကန်လှုပ်ရှားနေရတဲ့ သဘာဝ

ပဲ၊ အိမ်မှာ ထမင်းချက်စရာဆန်မရှိဘဲနဲ့ တရားလာထိုင်လို့ကတော့ အိမ်ကသားမယားကလဲ ကျိန်ဆဲခံရမယ်၊ ကိုယ်တိုင်ကလဲ စိတ်သောကရောက်ပြီး သမာဓိရမှာ မဟုတ်ဘူး၊ တရားထိုင်တယ်ဆိုတာ တစ်ဘက်ကလဲ စားဝတ်နေရေး ထိုက်တန်သလောက်ပြည့်စုံနေပါမှ ကောင်းတယ်၊ အဲဒီတော့ ပစ္စုပ္ပန်လက်ရှိဘဝ စားဝတ်နေရေးလေး အဆင်ပြေစေဖို့အတွက် အမိဋ္ဌာန်ပုတီးလေးလဲ စိတ်ရမှာပေါ့ ပြီးတော့ ပစ္စုပ္ပန်သံသရာနစ်ဖြာကောင်းဖို့အတွက် တရားအလုပ်ကို လုပ်ရမှာပေါ့"

ဆရာတော်က ကျွန်တော်၏ ပုတီးမစိပ်လိုမှုကိုသိ၍လားမသိ၊ အထက်ပါအတိုင်း မိန့်ကြားပြီး နမောလေးချက် ပုတီးစိပ်ခိုင်းတာဟာ ပစ္စုပ္ပန်ဘဝအဆင်ပြေရေးအတွက် ဆောင်ရွက်ခိုင်းတာဟု မိန့်ကြားပါသည်။

ဤသို့ဖြင့် ကျွန်တော်သည် ဆရာတော်ထံတွင် တရားထိုင်ကာနီးတိုင်း နမောလေးချက်ကို ပုတီး(၃)ပတ်စိတ်ရပါသည်။

စိတ်နည်းမှာ-

နမောတဿ တစ်လုံး၊

နမောဘဂဝတော တစ်လုံး၊

နမောအရဟတော တစ်လုံး၊

နမောသမ္မာသမ္ဗုဒ္ဓဿ တစ်လုံး

နောက်ဆုံးသုံးပတ်အပြီးတွင် နမောတဿ၊ ဘဂဝတော၊ အရဟတော၊ သမ္မာသမ္ဗုဒ္ဓဿ သုံးကြိမ်ရှိခိုးပြီး ပုတီးကိုရပ်ပြီး တရားထိုင်ရပါသည်။ တရားမှာ သတိပဋ္ဌာန်တရားပင် ဖြစ်ပါသည်။

ကျွန်တော်ပုတီးစိပ်၊ တရားထိုင်၍ အကြိမ် ၄၅ကြိမ်ရောက်တွင် ကျွန်တော့်ဘဝ၌ထူးခြားသောအဖြစ်အပျက်နှင့် အောင်မြင်မှုများ ရလာပါသည်။ ကျွန်တော်နေထိုင်သော ကျူးကျော်ခြံမြေကွက်ကို အစိုးရက ချထားမြေအဖြစ် မြေဖိုး ၁၂၀ဝိ/ သွင်းခိုင်းပါသည်။ တစ်ဘက်ကလည်း ဝန်ထမ်းဖြစ်၍ ဒဂုံမြို့သစ်မြေနေရာချထားမှုတွင် မြေကွက်နှင့် အိမ်ဆောက်ရန် ငွေချေးခွင့်ရလာခဲ့ပါသည်။ သားသမီးသုံးယောက်မှာလည်း အလုပ်အကိုင်ဆက်တိုက်ရလာခဲ့ပါသည်။

ကျွန်တော်တရားထိုင်၍ ၉၉ ကြိမ်ပြည့်တွင် နိုင်ငံတော်အစိုးရ၏ ပညာရေးဌာနကိုးချဲ့မှုစီမံချက်အရ ကျွန်တော် ကျောင်းအုပ်ရာထူးတိုးမြှင့်ခံရပါသည်။

မိသားစုများ၏ တက်ညီလက်ညီလုပ်ကိုင်ရလာနိုင်မှုကြောင့် ဘဝအခြေအနေသည် အဆင်ပြေလာပြီး တိုးတက်လာခဲ့ရပါသည်။

ကျွန်တော်သည် မူလကတော့ ဘဝဒုက္ခရောက်မှုကို လွတ်

မြောက်လို၍ ဆရာတော်ဟောပြလမ်းညွှန်ခဲ့သော ပုတီးစိပ်ခြင်း၊ တရားထိုင်ခြင်း အကာအလုပ်ကို လုပ်ခဲ့ပါသည်။

ဤသို့ တရားထိုင်ရင်းပင် မိမိခန္ဓာ၏ မတည်မြဲမှု၊ ဖောက်ပြန်မှု၊ ပျက်စီးမှု၊ ဆင်းရဲမှုနှင့် အစိုးမရမှုတို့ကို သဘောပေါက်လာခဲ့ပါသည်။ မိမိ၏ ရုပ်ခန္ဓာကြီးသည် သေခြင်းတရားဆီသို့ တရွေ့ရွေ့ဦးတည်သွားနေသည်၊ တစ်နေ့မှုချသေရမည်ကို သဘောပေါက်လာခဲ့ပါသည်။

သို့အတွက် တရားအနှစ်ကိုသိပြီး ယခုအချိန်တွင်မှာတော့ ကျွန်တော်ဟာ အချိန်ရသရွေ့ ကရားအလုပ်ဟူသောအနှစ်ကိုပဲ ရှာကြံအားထုတ်ကြိုးစားလုပ်နေရပါတော့သည်။

ဤဘဝ၊ ဤအခြေအနေသို့ရောက်အောင် လမ်းညွှန်ပြခဲ့ကြသော မိတ်ဆွေများ၊ သီလဝစသော ဓမ္မစာစောင်များ၊တရားပြသော ပညာဓမ္မဆရာတော်အပါအဝင် ကျေးဇူးရှိခဲ့ကြသော ပုဂ္ဂိုလ်အပေါင်းအား ဤစာတမ်းဖြင့် ကျေးဇူးဆပ်အပ်ပါကြောင်း ဆရာမှတစ်ဆင့် ပြောကြားပေးစေလိုပါသည်ခင်ဗျား။

(အ.မ.ကကျောင်းအုပ်ဆရာကြီးဦးညွှန့်လှိုင်၏ ဘဝအဖြစ်အပျက်ပြောပြချက်ကို မှတ်တမ်းတင်ရေးသားပြုအပ်ပါသည်)

## အိမ်ထောင်ရေးဆင်းရဲမှ လွတ်လို၍ ပရိတ်အကာကိုယူခဲ့သော စက်ရုံဝန်ထမ်း အမျိုးသမီး

ကျွန်မဖေဖေက မူလတန်းကျောင်းအုပ်ဆရာကြီး၊ မေမေက မျက်နှာသုတ်ပဝါစက်ရုံမှာ ကြီးကြပ်ရေးမှူးတာဝန် ထမ်းဆောင်နေကြပါတယ်။

သားသမီးငါးဦးမှာ ကျွန်မက အကြီးဆုံးသမီးဆိုတော့ အစစအရာရာ အိမ်မှုကိစ္စတွေကို ကျွန်မက တာဝန်ယူဆောင်ရွက်ရပါတယ်၊ ကျောင်းကတစ်ဘက် မိသားစုတာဝန်က တစ်ဘက်နှင့် ကျွန်မဟာ တက္ကသိုလ်ဝင်တန်း စာမေးပွဲအောင်နိုင်ရေး ကို အထူးကြိုးစားခဲ့ရပါတယ်။

ကျွန်မ ဆယ်တန်းအောင်တော့ အဖေက ပင်စင်ယူပါပြီ၊

အမေကလဲ ပင်စင်ယူခါနီးဖြစ်ပြီး ကျန်းမာရေးက သိပ်မကောင်းတော့ပါဘူး။ သို့အတွက် ကျွန်မ အမေ့စက်ရုံမှာ စာရေးမ အဖြစ် အလုပ်ဝင်ရပါတော့တယ်။

မိအို ဖအိုတာဝန်၊ မောင်ငယ် ညီမငယ်တို့ရဲ့ ပညာရေး၊ စားဝတ်နေထိုင်ရေးတာဝန်တွေနှင့် ကျွန်မဘဝဟာ တာဝန်တွေ များလွန်းလှပါတယ်။

ဒီကြားထဲမှာပဲ ကျွန်မ လုပ်ငန်းခွင်က ကိုမောင်မောင်နှင့် တွေ့ဆုံရပြီး ချစ်ကြိုးသွယ်မိကြပါတယ်။ ကိုမောင်မောင်ဘဝကလဲ ကျွန်မဘဝနည်းတူ မိအို ဖအိုတွေ၊ ညီအစ်ကိုမောင်နှမတွေတာဝန်တထွေးတစ်ပိုက်ကြီးနှင့်ပါ။

ကျွန်မအတွေးက ကိုမောင်မောင်နှင့် လက်ထပ်လိုက်လျှင် မိသားစုတာဝန် မျှဝေခံစားထမ်းဆောင်နိုင်မယ်လို့ထင်ပြီး ချစ်သူဘဝကြာရှည်စွာမနေဘဲ လက်ထပ်ပေါင်းစည်းမှုကို အမြန်အကောင်အထည်ဖော်လိုက်မိပါတယ်။

ဒါပေမဲ့ တကယ်လက်တွေ့ကျတော့ ဝန်ကပေါ့မသွားဘဲ ပိုပြီးတော့တောင် လေးလာပါတယ်။ ကျွန်မကိုယ့်မိဘ၊ ကိုယ့်မောင်နှမလေးတွေရဲ့ဘဝကို ဦးစားပေးဆောင်ရွက်မယ်၊ ကိုမောင်မောင်က ကူညီမယ်၊ ဒီလိုထင်ခဲ့၊ ယုံကြည်ခဲ့တာပါ။

တကယ်တမ်းအိမ်ထောင်သည်ဘဝကျတော့ ကိုမောင်မောင်က ဒါကိုသိပ်လက်မခံချင်တော့ဘူး။ သူကလင်ယောကျ်ား

ဖြစ်တော့ သူ့ကို နံပါတ်တစ်ထားပြုစုလုပ်ကိုင် ဆောင်ရွက်ပေးရမယ်။ သူ့မှာလဲ မိအို ဖအိုတွေရှိတယ်။ နှစ်ဘက်မိဘ မျှတအောင် လုပ်ပေးရမယ်လို့ ဆိုလာပါတယ်။

အဲဒီလိုကနေ လင်မယားနှစ်ယောက်ဟာ ခဏခဏစကားများပြီး ရန်တကျက်ကျက်ဖြစ်လာရပါတယ်။ အိမ်ပေါ်က ခဏခဏဆင်းသွားမှုတွေ ပြုလုပ်လာပါတယ်။ သူ့မိဘအိမ်လိုက်နေဖို့ ကျွန်မကို ဆွယ်ပါတယ်။

ကျွန်မတို့လင်မယားပြဿနာ တကျက်ကျက်ဖြစ်မှုဟာ နှစ်ဘက်မိဘနှင့် နှစ်ဘက်ညီအစ်ကိုမောင်နှမကြားထိ ဂယက်ရိုက်ပြီး သူ့ဘက်ကိုယ့်ဘက် ပြဿနာတက်လာကြပါတယ်။

ကျွန်မက နောက်ဆုံး လိုက်လျောသည့်အနေဖြင့် တစ်ဘက်ကလည်း ကျွန်မမိဘတွေက ကျွန်မကို ငဲ့ညှာသောအားဖြင့် ယောကျ်ားအိမ်လိုက်နေဖို့ ခွင့်ပေးလာကြသည့်အတွက် ယောက္ခမအိမ် လိုက်နေမိပါတယ်။

ကိုမောင်မောင် မိဘတွေက ဦးစီးအရာရှိအဆင့်လောက်က ပင်စင်ယူကြသူတွေဆိုတော့ ဆက်ဆံမှု၊ စကားပြောဆိုမှုတွေက အပေါ်စီးကချည်း ဆက်ဆံပြောဆိုတတ်ကြပါတယ်။ ဥစ္စာပစ္စည်းရှိမှု မရှိမှုက သူတို့လဲ ပင်စင်လေးနဲ့ သားသမီးမှီခိုစားနေရသူအဆင့်သာ ရှိပါတယ်။

ယောက္ခမတွေက ကျွန်မကို အိမ်ဖော်သဘောလောက်ထား

ပြီး နှိမ်ချဆက်ဆံပြောဆိုလုပ်ကိုင်ခိုင်းပါတယ်။ အထူးသဖြင့် ယောက္ခမ အမက ပိုဆိုးပါတယ်။

ကျွန်မတတ်နိုင်သမျှကို သည်းခံနိုင်သောအတိုင်းအတာ အထိ သည်းခံဆောင်ရွက်ပေးခဲ့ပါတယ်။ ဒါပေမဲ့ ရေရှည်တော့ ကျွန်မ မခံနိုင်တော့ပါဘူး။ ဆင်းပြေးလာရပါတော့တယ်။ တစ်ပတ်နှစ်ပတ်ကြာတော့ ကိုမောင်မောင်က ချော့ခေါ်လိုက်၊ ပြန်လိုက်သွားလိုက်၊ နောက်ဒဏ်မခံနိုင်လို့ ဆင်းသွားလိုက်၊ ပြတ်စဲလုမတတ်ဖြစ်လိုက်နှင့် သံသရာလည်နေရပါတယ်။ နှစ်ဘက်ညီအစ်ကိုမောင်နှမတွေရဲ့ သူ့ဘက်ကိုယ့်ဘက် မုန်းတီးမှုတွေကလဲ တစ်စထက်တစ်စ ပိုမိုပြင်းထန်လာပါတော့တယ်။

တစ်ဘက်က ကျွန်မ မိအို၊ ဖအိုတွေကလဲ ကျွန်မအတွက် မျက်ရည်စက်လက်နှင့် မရှုနိုင်မကယ်နိုင်ဘဝ ရောက်နေရပါတယ်။

ကျွန်မ အလွန်စိတ်ဓာတ်ကျပြီး ကိုယ့်ဘဝကိုယ် သတ်သေပြီး ဘဝကို နိဂုံးချုပ်ပစ်လိုသည်အထိ ခံစားဖြစ်ပေါ်ခဲ့ရပါတယ်။

ကိုမောင်မောင်နှင့် ကျွန်မ ယာယီပြတ်စဲပြီး ရှစ်ရက်အကြာ တစ်နေ့မှာ ရုံးလုပ်ဖော်ကိုင်ဖက် မခင်တင့်က ကျိုက္ကဆံဘုရားမှာ လက္ခဏာသွားကြည့်မလို့ လိုက်မလားလို့မေးလို့ စိတ်ပြေလက်ပျောက် အဖော်အဖြစ် လိုက်သွားမိပါတယ်။ လိုက်သွားရင်း ကြုံတာနှင့် ကိုယ့်ဘဝအတွက် အားကိုးရာများ ရလိုရငြား

လက္ခဏာမေးမိပါတယ်။

ဆရာမက ကျွန်မအိမ်ထောင်ရေးလမ်းကြောင်း (လက်သန်းအောက်နားက အရေးကြောင်းလေးများ)အပြတ် အပြတ် ပေါ်နေ၍ အိမ်ထောင်သောကရှိမယ်၊ ခဏခဏ လင်မယားရန်ဖြစ်ပြီး ကွဲမယ် မိသားစုပြဿနာ အတွင်းကရော အပြင်ကရော ပေါ်လာနိုင်မယ်လို့ တိုက်ရိုက်ဟောပါတယ်။ ကျွန်မဘဝဖြစ်စဉ်ကို တိုက်ရိုက်သိသလို ဟောချလိုက်တော့ ကျွန်မ အလွန်အံ့သြသွားပြီး ဆရာမကို လေးစားအားကိုးမိသွားပါတယ်။ ကျွန်မကို ကယ်ပါဦးလို့ ဆရာမကို ရှိခိုးပြီး တောင်းပန် မိပါတယ်။

"သမီး၊ လောကလူသားတွေအတွက် ကံစီမံရာ ခံရစမြဲပဲ ကံ-ကံ၏အကျိုးကို ဘယ်သတ္တဝါမှ မလွန်ဆန်နိုင်ဘူး အားကိုးရာကတော့ ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးပဲ ရှိပါတယ် အဲဒီတော့ သမီး ဂုဏ်တော်ကိုးပါး ပုတီးစိပ်ပါ၊ ပရိတ်ကြီး၊ ရတနာသုတ်၊ မေတ္တာသုတ် မပြတ်ရွတ်ပါ၊ တရားထိုင်ကြည့်ပါ။ အဲဒီအလုပ်ပဲ ဘဝမှာအားကိုးရာရှိပါတယ်၊ သမီးယုံယုံကြည်ကြည်ဆောင်ရွက်ပါ၊ သမီးရဲ့ အခက်အခဲတွေ ပြဿနာတွေ ပြေလည်သွားလိမ့်မယ်လို့ ဆရာမ ယုံကြည်ပါတယ်"

လို့ပြောပြီး ဂုဏ်တော်ကိုးပါး ပုတီးစိပ်နည်းကို သင်ပေးလိုက်ပါတယ်။

ယခင်က သာမန်မိရိုးဖလာ ဗုဒ္ဓဘာသာဝင်ဘုရားသော်မှ မှန်မှန်ရှိခိုးရမှန်းမသိခဲ့တဲ့ ကျွန်မဟာ လက္ခဏာဆရာမဆီက ပြန်လာပြီးနောက်ပိုင်း ဘုရားရှိခိုးမှု၊ ပုတီးစိပ်မှုတို့ကို အန္တရာယ်ကင်းရော၊ ခံစားနေရသော ဝဋ္ဋဒုက္ခဆင်းရဲတွေ ပပျောက်ရေးအတွက်ရောရည်ရွယ်ပြီး ကြိုးစားဆောင်ရွက်ရပါတော့တယ်။ ရတနသုတ်၊ မေတ္တာသုတ်၊ ပရိတ်တွေကိုလဲ မရွတ်တတ် ရွတ်တတ်နှင့် ရွတ် ဖတ်သရဇ္ဈာယ်မိလာခဲ့ပါတယ်။

ဒီလို ကျင့်လာလို့ ဘစ်လအကြာမှာတော့ ကျွန်မရဲ့ ခံစားနေရတဲ့သောကတွေ အေးငြိမ်းမှုရသင့်သလောက် ရခဲ့ပါတယ်။ ဒီကြားထဲ မိဘတွေက တိုက်တွန်းလို့ ရုံးကခွင့်ယူပြီး မိုးကုတ်တရားစခန်း ဆယ်ရက်စခန်းဝင်ပြီး တရားအားထုတ်မိပါတယ်။

ဒီလိုတွေလုပ်ပြီးလို့ နှစ်လသုံးလကြာတော့ ကျွန်မဘဝမှာ ငြိမ်းအေးမှုတွေ ရလာသလို မိသားစု ပြဿနာတွေကလဲ သူ့ဘက်ကိုယ့်ဘက် ကိုယ်ချင်းစာနာမှုတွေနှင့် ခွင့်လွှတ်မှုတွေ ရလာပြီး ကျွန်မတို့အိမ်ထောင်ရေးလေးဟာ အဆင်ပြေလာပါတယ်။

ဒီကြားထဲ ရာထူးကတက်ပြီး စက်ရုံမှာ အိမ်ခန်းရလာတော့ နှစ်ဘက်မိဘနှင့်လွတ်တဲ့ သီးသန့်မိသားစုကမ္ဘာလေး တည်ဆောက်လာနိုင်လို့ ပိုပြီးတော့ အေးချမ်းသာယာမှုတွေ

ရရှိ ခံစားနိုင်ခဲ့ပါတယ်။

အဲဒီလိုခံစားရင်း ကျွန်မဟာ နေ့စဉ်ဂုဏ်တော်ကိုးပါး ပုတီး စိပ်ရင်း ပရိတ်မေတ္တာရွတ်ဆိုမှုဆိုတဲ့အကာကို အစဉ်အမြဲ ဆောင်ရွက်ခဲ့ပါတယ်။

အဲဒီလိုဆောင်ရွက်ရင်း မိုးကုတ်ဆရာတော်ဘုရားကြီး တရားနာရတော့ ဤရုပ်ခန္ဓာကြီးဟာ ပစ္စည်းများလို တတိတိနှင့် ပျက်စီးယိုယွင်းပြီး၊ နောက်ဆုံး သေမင်းလက်သို့ မုချမသွေ လိုက်ပါရမည်ကို ကျွန်မသဘောပေါက် ခံစားလာမိပါတော့ တယ်။ အဲဒီလို ခံစားမိရင်း အနှစ်မရှိသော ရုပ်ခန္ဓာကိုယ်မှ အနှစ်ရှိသော ဓမ္မရသကို ခံစားဖို့ ကျွန်မ မိုးကုတ်တရားရိပ်သာ မှာ ကြိုးစားအားထုတ်နိုင်ခဲ့ပါပြီ။

ကျွန်မဘဝကို သုံးသပ်ကြည့်လျှင် လောဘ ဒေါသ မောဟတရားတွေ ဖုံးလွှမ်းနေတဲ့ လူ့ဘဝသံသရာလောကဆင်းရဲ ဒုက္ခဝဋ်တွင်းမှ လွတ်ကင်းဖို့ အကာဟူသော ဂုဏ်တော်ကိုပွား များခြင်း၊ ပရိတ်ရွတ်ခြင်းကနေ ယခုတော့ အနှစ်ဟူသော ဓမ္မ ရသကို ခံစားရရှိပြီးဖြစ်ပါတော့တယ်။

သတ္တဝါများ ဓမ္မရသအနှစ်ကို ရှာဖွေရရှိခံစားနိုင်ကြပါစေ သော်။

## စီးပွားတက်လို၍ ဒိဝါတပတိအကာယူခဲ့သော စျေးသည်

ဗုဒ္ဓက ကံ၊ ဉာဏ်၊ ဝီရိယ ညီမျှစွာကျင့်ရမည်ဟု ဟော ကြားခဲ့ပါသည်။ ကျွန်တော်သည် မိရိုးဖလာ သာမန်ဗုဒ္ဓဘာသာ တစ်ဦးဖြစ်သလို၊ သာမန်လက်လုပ်လက်စား ကြိုးရာလုပ်စားရ သော မိဘမှ ပေါက်ဖွားလာရသူဖြစ်၍ ငယ်စဉ်ကတည်း က ရုန်းကန်လှုပ်ရှား အသက်မွေးရခြင်း၊ ပညာသင်ကြားရခြင်း တို့ဖြင့် ဘဝကို တည်ဆောက်ခဲ့ရပါသည်။

ဆင်းရဲခြင်း၊ မပြည့်စုံခြင်းဘဝတို့ဖြင့် ငယ်စဉ်ဘဝ ပထမ အရွယ်ပညာသင်ဘဝမှာ ပညာပြည့်စုံစွာမရ၊ ပညာတစ်ဝက် တစ်ပျက်ဖြင့် ကျောင်းထွက်ခဲ့ရပြီး မိသားစုသမုဒ္ဒရာဝမ်းတစ်ထွာ အသက်ရှင်ရပ်တည်နိုင်ရေးအတွက် အလုပ်မျိုးစုံနှင့် ဘဝမျိုးစုံ

မှာ ကျင်လည်ခဲ့ရပါသည်။

မိမိဘဝတွင် လက်လုပ်မှ ပါးစပ်လှုပ်ရမည့်ဘဝဖြစ်၍ ရရာ အလုပ်ကို ပင်ပန်းသည်ဟု သဘောမထားဘဲ လုပ်ကိုင်ခဲ့ရပါသည်။

တစ်ချိန်တွင် ကျွန်တော်သည် နယ်စပ်မှောင်ခိုလုပ်ငန်းအဖွဲ့နှင့်စပ်မိပြီး အထမ်းသမားအနေနှင့်ပါသွားမိပါသည်။ နယ်စပ်မှ မော်လမြိုင်သယ်၊ မော်လမြိုင်မှတစ်ဆင့်ရန်ကုန်သယ်ရသော အလုပ်ကို လုပ်ရပါသည်။ သယ်ယူခမှာ သယ်ယူရသော ပစ္စည်း ၏တန်ဖိုးအပေါ်မူတည်ပြီး ရာခိုင်နှုန်းဖြင့်ရပါသည်။ တစ်လကို နှစ်ခေါက်လောက်၊ တစ်ခါတစ်ရံ သုံးခေါက်လောက် တက်ရပါ သည်။ ထိုလုပ်ငန်းက အဆင်ပြေ၍ မိသားစုဘဝ အနည်းငယ် အဆင်ပြေ လာပါသည်။

ကျွန်တော်သည် ကုန်သယ်မသွားရလျှင် အခြားအလုပ်များကို ရသလိုရှာဖွေလုပ်ရပါသည်။

တစ်နေ့တွင် ကျွန်တော်လုပ်အားပေးနေသော စိန်ဂျွန်းဈေးကိုဟန်စိန်ဆိုင်တွင် ဈေးရောင်းရင်း နေ့လည်ခင်း ဈေးဝယ်သူပါးချိန်ဖြစ်နေ၍ ကိုဟန်စိန်ယူလာသော ဘာသာရေးစာစောင်များဖြစ်သော ရတနာမွန်၊ သီလဝ၊ မြစ်မခစာစောင် သုံးစောင်ကို ဆိုင်ခုံပေါ်တွေ့၍ အမှတ်တမဲ့ပင် သီလဝစာအုပ်ကို ကောက်ယူဖတ်မိလိုက်ပါသည်။ စာအုပ်ယူစဉ်ကတော့ အပျင်းပြေ

သဘောဖတ်ရန်ဖြစ်ပါသည်။

စာအုပ်အထဲကို တကယ်လှန်၍ ဖတ်ကြည့်မိသောအခါ ရတနာသုံးပါးဂုဏ်ကျေးဇူး ရွတ်ဖတ်ပွားမှုကြောင့် အကျိုးစီးပွား ရသူများ အန္တရာယ်ကင်းသူများ အောင်မြင်သူများအကြောင်းကို ဖတ်ရ၍ အလွန်ပင် စိတ်ဝင်စားသွားမိပါသည်။

ဤသို့ဖြင့် ကျွန်တော်သည် သီလဝဘာသာရေးစာအုပ် အဟောင်းများကို ကိုဟန်စိန်ထံမှ တောင်းယူပြီး ဆိုင်အားလပ် ချိန်နှင့် အိမ်တွင် ဖတ်မိပါတော့သည်။

ကျွန်တော့်ဘဝ ဦးစွာပထမ ပစ္စုပ္ပန်ချမ်းသာရေးဟူသော အကာကိုရရန်မျှော်ကိုးပြီး ဘာသာရေးကို ပြုလုပ်ဆောင်ရွက်ရန် ဆန္ဒစတင်ဖြစ်ပေါ်လာခဲ့ပါသည်။

ကျွန်တော့်ဘဝကို စတင်ပြောင်းလဲခဲ့သော အဖြစ်အပျက် မှာ သီလဝမဂ္ဂဇင်းတွင်ပါသော ဆရာကြီး တက္ကသိုလ်သျှင်သီရိ (ဓမ္မာစရိယ၊ဘီအေ)ရေးသားသော 'သစ္စာပဋ္ဌာန်း တန်ခိုးနှင့် စီးပွားတိုး'ဟူသော ဆောင်းပါးကို ဖတ်လိုက်ရသောအချိန်မှ စတင်ခဲ့သည်ဟုဆိုက မှားမည်မဟုတ်ပါ။

ထိုဆောင်းပါးတွင် မိခင်အိုကြီးကို လုပ်ကျွေးနေသော မအေးအေးမာ(ယခုအလယ်တန်းပြဆရာမ)၏ စီးပွားကုန်ကူးပုံ၊ အဖမ်းခံရပုံ၊ သူ့ဆရာနှင့်တွေ့၍ ဆရာက သူမကို စီးပွားရေး ကိစ္စ အရောင်းအဝယ်သွားလုပ်တော့မည်ဆိုလျှင် ဦးစွာပထမ

သီလဆောက်တည်ပါ၊ မိခင်ကိုလုပ်ကျွေးရန်အတွက် အလုပ်လုပ်ရပုံကို သစ္စာဆိုပါ။ မိမိနှင့် ရောင်းရေးဝယ်တာဆိုင်သော ပုဂ္ဂိုလ်များ၊ ရှာဖွေရေးအာဏာပိုင်အဖွဲ့အစည်းများ၊ နယ်ပယ်ဆိုင်ရာနတ်များကို မေတ္တာပို့ပါ၊ ပြီးတော့ ပဌာန်းနှစ်ဆယ့်လေးပစ္စည်း စည်းချပါ၊ အမျှဝေပါဟု ပြုလုပ်ရမည့် လုပ်ငန်းစဉ်ကို သူမ ဆရာက ပြောပြသည်။ သူမသည် သူမဆရာပြောသည့်အတိုင်း ပြုလုပ်ဆောင်ရွက်ခဲ့ရာ ကုန်သယ်ယူမှု ကိုးခေါက်တွင် ကိုးခေါက်စလုံးအဖမ်းအဆီး အရှာအဖွေမခံရတော့ဘဲ လွတ်မြောက်ခဲ့ရပြီး ယခုအချိန်တွင် အရင်းအနှီးရလာ၍ ကုန်သယ်မှုကိုမလုပ်တော့ဘဲ မြောက်ဥက္ကလာပတွင် ဆိုင်ခန်းဝယ်ပြီး မိသားစုနှင့် အေးချမ်းစွာ လုပ်ကိုင်ဆောင်ရွက်နိုင်ပြီဖြစ်ကြောင်း ရေးပြထားပါသည်။

ကျွန်တော်သည် ထိုမအေးအေးမာကို တစ်ရပ်ကွက်တည်းနေဖြစ်၍ သူမနေရာလိပ်စာကို မေးပြီးသွားရောက် တွေ့ဆုံပြီး ထိုဆောင်းပါးအခြေအနေကို သွားရောက်စုံစမ်းပါသည်။

“ရှင် ယုံယုံကြည်ကြည်နဲ့ လက်ခံဆောင်ရွက်ကြည့်ပါလား၊ ကျွန်မဆရာကတော့ အိမ်ပြန်ရောက်ရင်း ဒိဝါတပတိအာဒိစွာဘုရားဟောဂါထာကို ညစ်ကိုးခေါက်ရွတ်ခိုင်းပြီး၊ နမောလေးချက် စီးပွားတတ်ဆိုတဲ့ နမောလေးချက် ဘုရားရှိခိုးကိုသုံးပက်ပုတီးစိပ်ခိုင်းတယ်၊ ကျွန်မ အဲဒီဝတ်ကို ယခုထက်ထိ

လုပ်တုန်းပဲ၊ ဒီဂုဏ်တော်ကျေးဇူးတွေကြောင့် ကျွန်မ စီးပွားရေး အဆင်ပြေလာတယ်၊ အိမ်သစ်တောင် ပြန်ဆောက်နိုင်ခဲ့တယ်၊ ဆိုင်ကိုလဲ တိုးချဲ့နိုင်ခဲ့တယ်"

ဟု ဒေါ်အေးအေးမာက အားရထက်သန်စွာနှင့် ရှင်းလင်း ပြောပြပြီး ကျွန်တော်ရွတ်ရန် ဒိဝါတပတိဂါထာနှင့် နမောလေး ချက်ပုတီးစိပ်နည်းပါ ပေးလိုက်ပါသည်။

ဒေါ်အေးအေးမာနှင့်တွေ့ဆုံပြီးနောက် ကျွန်တော့်ဘဝ သည် နဂိုက အမှုမဲ့အမှတ်မဲ့နေလာခြင်း၊ အချိန်ရလျှင် အပေါင်း အသင်းနှင့် လက်ဘက်ရည်ဆိုင်ထိုင် အချိန်ဖြုန်းခြင်းတို့ကို မပြု လုပ်နိုင်တော့ဘဲ ညစဉ်ပုံမှန်သီလဆောက်တည်ခြင်း၊ ဘုရားရှိ ခိုးခြင်း၊ ပုတီးစိပ်ခြင်း အမှုတို့ကို ပြုလုပ်လာမိပါ တော့သည်။

ဤသို့ပြုလုပ်ခြင်း၏ အဓိကရည်ရွယ်ချက်မှာ ဥစ္စာပစ္စည်း ဟူသောအကာကိုရယူလိုသောကြောင့် ဆောင်ရွက်လုပ်ကိုင်မိ ခြင်းဖြစ်ပါသည်။ မည်သို့ပင် စိတ်ဆန္ဒရှိစေကာမူ ကျွန်တော့်မှာ သီလဆောက်တည်မှု၊ ဗုဒ္ဓါနုဿတိဘာဝနာပွားမှုတို့ဟူသော ကုသိုလ်ကတော့ ရနေသည်မှာ အမှန်ပင်ဖြစ်ပါသည်။

ကျွန်တော်သည် မအေးအေးမာပြောသည့်အတိုင်း နယ် စပ်သို့ပစ္စည်းသယ်သွားတိုင်း အန္တရာယ်ကင်း ဘေးရှင်းရန် ဆောင် ရွက်ခဲ့ပါသည်။ ယခင်က မိဘကိုအမှုမဲ့၊ အမှတ်မဲ့

ထားခဲ့သော ကျွန်တော်သည် ယခုတော့ သွားကာနီးလာခါနီး မိဘကို ရှိခိုးပြီး ဘုရားကို ဝတ်ပြုပြီးမှ သွားလေ့ရှိပါသည်။ မိဘများကလည်း ရှိခိုးတိုင်း မေတ္တာပို့ပေးကြပါသည်။

ကျွန်တော်၏ ပြောင်းလဲမှုကိုလည်း မိဘများရော ညီ၊ ညီမများကပါ အံ့အားသင့်ကြ၊ ဂုဏ်ယူဝမ်းမြောက်ကြပါသည်။ ဤသည်မှာ ဘာသာရေးပြုလုပ်မှု၏ ပထမကောင်းကျိုးဟု ကျွန်တော်ထင်ပါသည်။

ကျွန်တော်သည် ကိုဟန်စိန်အတွက် ကန်သွယ်ယူမှု ခုနစ်ခေါက်ပြုလုပ်ပြီးသောအခါ ကိုဟန်စိန်ကပင်-

"ငါ့ညီ၊ မင်းကန်သွယ်မှုတော်တော့၊ ပင်ပန်းတယ် မင်းလို ဝီရိယမျိုး၊ ဉာဏ်မျိုးနဲ့ဆိုရင် မင်းကြီးပွားနိုင်တယ် မင်းကို ငါဆိုင်ဝယ်ပေးမယ်၊ ပစ္စည်းလဲ ခွဲပေးမယ်၊ ငါ့ဆိုင်ခွဲပေါ့၊မင်း မြောက်ဥက္ကလာပ(ချ)ဈေးမှာ ဆိုင်ခန်းရှာ နေရာကောင်းသာရှာ ငွေအတွက် မပူနဲ့"

ဟု မယုံကြည်လောက်အောင်၊ အံ့အားသင့်လောက်အောင် ပြောဆိုလာပါသဖြင့် ကျွန်တော့်မှာ အလွန်ပင် အံ့သြဝမ်းမြောက်ရပါတော့သည်။

ကျွန်တော်သည် ကိုဟန်စိန်ပြောသည့်အတိုင်း (ချ)ဈေးတွင် ဆိုင်ခန်းရှာပါသည်။ ဆိုင်ခန်းရပါသည်။ ဆိုင်ခန်းကို ကိုဟန်စိန်ကပင် အတိုးမရှိငွေချေးပြီး ဝယ်ယူပေးပါသည်။

သူ့ဆိုင်ခွဲအဖြစ် ပစ္စည်းများပေးကာ ရောင်းချစေပါသည်။

ဤသို့ဖြင့် ကျွန်တော်တို့မိသားစုသည် ငါးနှစ်အတွင်း အိမ်ငှားဘဝမှ ကိုယ်ပိုင်အိမ်ဘဝသို့ ရောက်ရှိခဲ့ရပြီး၊ မိဘနှင့် ညီ၊ ညီမများကို တင့်တောင့်တင့်တယ်ထားနိုင်၊ ပညာသင်ပေးနိုင်ခဲ့ရပါသည်။

ကျွန်တော့်ဘဝသည်လည်း သာမန်မိရိုးဖလာဗုဒ္ဓဘာသာဘဝမှ လေးနက်သော ဗုဒ္ဓဘာသာဝင်တစ်ဦးဖြစ်လာပြီးလျှင် ဥပုသ်နေ့သီလဆောက်တည်ခြင်းမှ တရားပါနာလာရပြီး တရားအသိဉာဏ်များ တိုးတက်ခဲ့ရပါသည်။

ယခုတော့ ကျွန်တော်သည် မြောက်ဥက္ကလာပရွှေဥမင်တောရတွင် အချိန်ပိုင်းတရားယောဂီအနေဖြင့် ပျော်မွေ့နေရပါပြီ။ကျွန်တော့်ဘဝ အကာကိုရှာရင်း အနှစ်ကို ရခဲ့ရပါပြီ။ အကာကို နေ့စဉ်ပြုခဲ့သော သီလမှု၊ ဗုဒ္ဓါနုဿတိ ဘာဝနာမှုဟူသော အာစိဏ္ဏကံ(နေ့စဉ်လေ့ကျင့်မှု)သည် ကျွန်ုပ်ဘဝအတွက် ပစ္စုပ္ပန်ချမ်းသာကိုလည်း ခံစားရရှိခဲ့ရပါပြီ၊ ထိုအကာမှတဆင့် တရားအသိဉာဏ်ရင့်ပြီး။ ယခုတော့ ဝိပဿနာအနှစ်ကို ရယူနေပြီဖြစ်ပါတော့သည်။

(ကျွန်တော့်ဘဝကို ပြောင်းလဲပေးခဲ့သော သီလဝမဂ္ဂဇင်း ထုတ်ဝေသူ စာရေးဆရာကြီး၊ လမ်းညွှန်ပြသူ အေးအေးမာ (ဆရာမ)၊ ကူညီထောက်ပံ့ခဲ့သူ ဦးဟန်စိန်တို့ကို ပြုလုပ်ရသော

ဒါန၊ သီလ၊ ဘာဝနာ၊ ကုသိုလ်အဖြာဖြာကို အမြဲမေတ္တာပို့ အမျှပေးဝေနေအပ်ပါသည်။)

## "ဆွေသဟာ" စာပေမှ ထုတ်ဝေပြီးစာအုပ်များ

၁။ ရဟန်းမြတ်ဂုဏ်ရည်
၂။ တစ်မနက်ဥပုသ်သီတင်းစောင့်သူများ၏ ကောင်းကျိုးချမ်းသာများ
၃။ အကာချစ်၍ အနှစ်ခံစားရသူများ
၄။ ဘဝထိုထို ကမ္မကုသိုလ်-အကုသိုလ်
၅။ ဆရာမြတ်ဂုဏ်ရည်
၆။ သက်သတ်လွတ်စားခြင်းဟူသည်
၇။ အမိဋ္ဌာန်ပြီးမှ ဆုကြီးပန်ဆင်လွှာ
၈။ လက်တွေ့ သစ္စာ၊ မေတ္တာ၊ ပရိတ်ဂါထာ အကျိုးခံစားရသူများ
၉။ အေးစေ၊ မြဲစေ၊ မေတ္တာစေ
၁၀။ ငရဲဟူသည်
၁၁။ ပထမအရွယ် ပညာသည်
၁၂။ ဒုတိယအရွယ် အိမ်ထောင်သည်
၁၃။ တတိယအရွယ် ဘာဝနာသည်

## ဆက်လက်ထုတ်ဝေမည့်စာအုပ်

၁။ ပရိတ်တန်ခိုး ပရိတ်အကျိုး

ဆွေသဟာ စာပေ
၈/၅၅၊ သုနန္ဒာ(၃)လမ်း၊ မြောက်ဥက္ကလာပမြို့နယ်
☎ ၉၆၉၀၃၂၄ 📱 ၀၉၄၇၃၀၈၆၉၃၂